# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁)ရက် ၊ ကြာသပတေးနေ့ ၊ (13-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၈၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမဥပစာရင်ပြင်၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၁၆ ကော်လံ ၁** ⚐

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။


ပြင်ဦးလွင် နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ရတနာပုံ

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်

## အယ်ဒီတာ့အာဘော်

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို ဂုဏ်ယူအားပေး

နိုင်ငံတော်အနေဖြင့် စီးပွားရေးဦးမော့လာစေရန် ဦးစားပေးလုပ်ဆောင်သော လုပ်ငန်းများအနက် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်လျက်ရှိသည်။ MSME လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာမည်ဖြစ်ပေသည်။ ထို့ကြောင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီအနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲသည် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းများပူးပေါင်းဆောင်ရွက်မှုတိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ထုတ်ကုန်ပစ္စည်းများသည် "ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန် ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်"ကို ထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ဒေသတစ်ခုထုတ်ကုန်တစ်ခုအစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်၊ တန်ဖိုးမြင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်၊ ပြည်ပသို့ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSMEများနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့်အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်းစီးပွားချိတ်ဆက်မှုများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်သမဝါယမပြခန်းများ အပါအဝင် ပြခန်းစုစုပေါင်း ၉၆ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ထုတ်ကုန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့်အမျိုးအစားအလိုက် ဆုအမျိုးအစားပေါင်း ၃၁ မျိုးအပေါ် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ အဆိုပါငွေသားဆုကို ချီးမြှင့်ခံရသူက Digital System အသုံးပြု၍ လက်ငင်း E-Banking ငွေသားထုတ်ယူရရှိရေး စီစဉ်ဆောင်ရွက်ထားသည်။

ပြပွဲသို့လာရောက်လေ့လာကြသည့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များနှင့် စိတ်ဝင်စားကြသည့် ပြည်သူများအတွက်လည်း နောက်ဆုံးပေါ်တီထွင်ဆန်းသစ်မှုနည်းပညာများနှင့် အရည်အသွေးမြင့်စက်ယန္တရားများ၏ထူးခြားသာလွန်သောစွမ်းဆောင်ရည်များ၊ နိုင်ငံတကာအဆင့်မီစက်ယန္တရားများ၊ ဝယ်ယူမှု၊ တပ်ဆင်မှုအကြောင်းအရာများနှင့် ဈေးကွက်စီးပွားရေးလိုအပ်ချက်များကို အနာဂတ်နည်းပညာများအသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ဗဟုသုတအကြောင်းအရာများကိုလည်း ပြခန်းများအလိုက်ကျွမ်းကျင်ဝန်ထမ်းများက ခင်းကျင်းပြသထားသည့်စက်ယန္တရားများဖြင့် လက်တွေ့သရုပ်ပြရှင်းလင်းဆွေးနွေးပေးကြသည်။

သို့ဖြစ်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များ လုပ်ကိုင်နေကြသည့်လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့်လုပ်ငန်းရှင်များ လာရောက်လေ့လာနိုင်သည့်အပြင် ပြပွဲလာပြည်သူများလည်း ဂီတဖျော်ဖြေပွဲများကြည့်ရှုခံစားရင်း တိုင်းရင်းသားရိုးရာအစားအစာမျိုးစုံကို မြည်းစမ်းသုံးဆောင်နိုင်မှုတို့ကြောင့် ဘဝအမောများပြေစေနိုင်မည်ဖြစ်သော ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပလျက်ရှိသည်ကို ဂုဏ်ယူအားပေးကြောင်း ရေးသားလိုက်ရပေသည်။

# ဟသ်ာတမြို့နယ်တွင် ဒေသထွက် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် ဒေသထွက် စားတော်ပဲများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိခိုင်က ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင် ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ ယနေ့ထိ စားတော်ပဲများ အဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက် ရှိကြောင်း၊ အဆိုပါစားတော်ပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"စားတော်ပဲက အရင်ထက် တော်တော်လေး အရောင်းအဝယ်ကောင်းလာပါတယ်။ ပြည်တွင်းစားသုံးမှု များလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ စားတော်ပဲတွေက လက်ကျန်ပဲအဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ ပဲလုပ်ငန်းနဲ့ဆက်စပ်တဲ့တွေသူ အလုပ်အကိုင်အခွင့်အလမ်းရရှိလာတာ တွေ့ရပါတယ်။ လက်ရှိဒေသထွက်ပဲတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှုအားကောင်းလာတာပါ"ဟု ဟသ်ာတမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိခိုင်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် စားတော်ပဲများအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၂၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး ပထမနှစ် ဘီဒီအက်စ် (၁၁/၂၀၂၄)သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ




**မန္တလေး ဖေဖော်ဝါရီ ၁၂**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-မန္တလေး၊ ပထမနှစ် ဘီဒီအက်စ်(၁၁/၂၀၂၄)သင်တန်း မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ဖေဖော်ဝါရီ ၁၁ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါ တက္ကသိုလ်ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးမှ ပါမောက္ခချုပ်နှင့် ဆေးဘက်ဆိုင်ရာနီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက အားတက်ခိုင်မာ သွားဘက်ဆိုင်ရာသီချင်းဖြင့် ဂုဏ်ပြုသီဆိုကပြပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး ဒုတိယနှစ် ဘီဒီအက်စ်ကျောင်းသူတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ပထမနှစ် ဘီဒီအက်စ်(၁၁/၂၀၂၄)ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ၏ အက၊ အလှများ၊ တေးသီချင်းများဖြင့် ကပြဖျော်ဖြေသီဆိုမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကပြဖျော်ဖြေခဲ့ကြသည့်အဖွဲ့အား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၈၆၄၃ ဧက စိုက်ပျိုးပြီးစီး

**ချောင်းဦး ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၈၆၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၂၈၆၃၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၆၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ကုလားပဲဧက ၂၈၆၃၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၈၆၄၃ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁ )မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းဖြတ်မြို့နယ် ဆိုင်းလေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆိုင်းလေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၄၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆိုင်းလေကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ရန်ပုံငွေကျပ် သိန်း ၁၈၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ရန်ပုံငွေကျပ်သိန်း ၂၁၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ရန်ပုံငွေကျပ် ၁၀ သိန်း စုစုပေါင်း အသင်းသားအသင်းသူ ၂၅ ဦးကို ရန်ပုံငွေကျပ်သိန်း၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဇင်မာ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ကိုဖြိုးကိုကိုအောင်+မဝါဝါတင်တို့၏ (၁၀)နှစ်ပြည့်မင်္ဂလာအထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၈၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၇၁၉၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၇၁၉၃ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၇၁၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာဆက်စပ်ဌာနများနှင့်ချိတ်ဆက်၍ နှမ်းစိုက်တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ပြည်တွင်းစားသုံးဆီ ဖူလုံစေဖို့အတွက် တစ်နှစ်ထက်တစ်နှစ် နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတိုးတက်စေဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေနှမ်းစိုက်ပျိုးမည့် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါ မကျရောက်စေရန် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး စသည့်တောင်သူအသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားဖြစ်ကြောင်း၊ တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရန် မဲဇလီရေလွှဲဆည်မှ ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆည်ရေစတင် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်သူများအနေဖြင့် နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးဆီဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် သီးနှံဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ တစ်နှစ်ထက်တစ်နှစ် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# သာစည်မြို့နယ် ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**သာစည် ဖေဖော်ဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဆည်ကြီးမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဆည်ကြီးမြောက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆည်ကြီးမြောက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၈၀ ကိုငွေကျပ် ၂၁ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၂၅ ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသားအသင်းသူ ဦးရေ ၁၂၀ ကို ရန်ပုံငွေကျပ် ၄၇ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၉၁၄၃၆ ဧက ရိတ်သိမ်းပြီးစီး

**ပုသိမ် ဖေဖော်ဝါရီ ၁၂**


ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ရာသီက စိုက်ပျိုးခဲ့သည့် စပါး ၉၁၄၃၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၉၁၄၃၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းပြီးသည့် စပါးတစ်ဧကလျှင် ၉၉ ဒသမ ၇ တင်းထိထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ပုသိမ်မြို့နယ်မှာ စပါး ၉၁၄၃၆ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ စပါးဧကအားလုံး ရိတ်သိမ်းပြီးစီးဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ အခုရိတ်သိမ်းနေတဲ့စပါးတွေ အခက်အခဲမရှိ လျာထားဧကပြည့်မီအောင် စိုက်ပျိုးရိတ်သိမ်းနိုင်ဖို့အတွက် လိုအပ်တာတွေ ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ စပါးတွေစိုက်ပျိုးနိုင်ဖို့ လုပ်ငန်းတွေကိုလဲ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် အခုလို လျာထားဧကအတိုင်း စိုက်ပျိုးရိတ်သိမ်းနိုင်ခဲ့တာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# မုံတိုင်ပင်ဆရာတော် (အပိုင်း-၂)

ဗိုလ်ရှိတ်(ရတနာပူရ)

**သာမဏေဘဝသို့**

မောင်ပေါသည် ကျွဲကျောင်းပေါင်းသင်ရင်း ပိဋကတ်စာပေများကို သင်ကြားခဲ့ပြီး အသက် ၁၆ နှစ်အရွယ်ရောက်သောအခါ ခမည်းတော် ဦးမောင်ဖြိုး၊ မယ်တော်ဒေါ်လွမ်းပြေတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သာမဏေဘောင်သို့ ဝင်ရောက်ခဲ့သည်။ ဥပဇ္ဈာယ် ဆရာမှာ လက်ဦးဆရာ ထီးဆောင်းကုန်း ဆရာတော် ဦးအာစာရမ္ဘဖြစ်သည်။ မုံတိုင်ပင်ဆရာတော်သည် ၁၆ နှစ်သားအရွယ်တွင် ရှင်သာမဏေပြုခဲ့ကြောင်းကို ဆွေမျိုးဆက်လင်္ကာ၌-

"ခိင္ခအရွယ်၊ ပြည့်ဖြိုးကြွယ်၍
ပျိုငယ်နုမျစ်၊ ဆယ့်ခြောက်နှစ်တွင်
ရှင်ချစ်ဘဂဝါ၊ သာသနာ၌
မဟာဂုဏ၊ ကြီးမြင့်လှသည့်
မိဘနှစ်အင်၊ ခြီးမြှောက်တင်၍
ရှင်၏လက္ခဏာ၊ မြောက်သောခါ၌" ဟူ၍ ရေးဖွဲ့ထားသည်။

သုံးပုံအိတ်ထောင့်ကျမ်းနိဂုံးတွင်လည်း "ခြောက်နှစ်စွန်းကယ်၊ သက်တစ်ဆယ်၊ ရှင်ငယ်ဖြစ်သည်သာ" ဟူ၍ အသက် ၁၆ နှစ်တွင် ရှင်သာမဏေ ဖြစ်ကြောင်း ရေးထားသည်။ ထို့ကြောင့် မုံတိုင်ပင်ဆရာတော်သည် အသက် ၁၆ နှစ်အရွယ်တွင် ရှင်သာမဏေပြုကြောင်းကား အငြင်းပွားဖွယ်ရာ မလိုပေ။ မုံတိုင်ပင်ဆရာတော်သည် ၁၁၄၀ ပြည့်နှစ် ဖွားမြင်သဖြင့် အသက် ၁၆ နှစ်တွင် ရှင်သာမဏေပြုသည်ဟု ဆိုသောကြောင့် ဖွားသက္ကရာဇ်နှင့် ရှင်သာမဏေပြုသည့် ၁၆နှစ်ကိုပေါင်းပါက ၁၁၅၆ ခုနှစ်တွင် ရှင်သာမဏေပြုခဲ့ကြောင်း သိရသည်။

ရှင်သာမဏေဘဝက မုံတိုင်ပင်ဆရာတော်၏ ဘွဲ့မှာ ရှင်ပရမဖြစ်သည်။ ရှင်ပရမဟူသောဘွဲ့အမည်ကို လက်ဦးဆရာ အရှင်အာစာရမ္ဘ က ပေးခဲ့ကြောင်းကို သုံးပုံဟင်းလေးကျမ်းနိဂုံး၌-

"အာစာရမ္ဘ၊ မည်ရတွင်ထူး
လက်ဦးဆရာ၊ မိန့်ခဲ့မှာသည်
မြတ်ရာမှန်လှ၊ ပရမဟု
နာမရှွန်းဝေ၊ သာမဏေက
ခေါ်ဝေါ်ကြသား" ဟူ၍ ရေးဖွဲ့ထားသည်။

ဤနေရာတွင် ဆွေမျိုးဆက်လင်္ကာ၌ ဖော်ပြထားသော "ခိင္ခအရွယ်" ဟူသော စာသားကို အနည်းငယ်ရှင်းပြချင်ပါသည်။ သုတေသနသရုပ်ပြ အဘိဓာန်၌ အရွယ် ၁၀ ပါး ပြဆိုထားပါသည်။ ထို့အရွယ် ၁၀ ပါး ခွဲခြားပုံမှာ-

၁။ မန္ဒအရွယ် ၁၀ နှစ်အတွင်း ပညာနုံ့နှေးသောအရွယ်
၂။ ခိင္ခအရွယ် ၂၀ အတွင်း စိတ်ပျံ့လွင့်သောအရွယ်
၃။ ဝဏ္ဏအရွယ် ၃၀ အတွင်း အဆင်းလှသောအရွယ်
၄။ ဗလအရွယ် ၄၀ အတွင်း အားကောင်းသောအရွယ်
၅။ ပညာအရွယ် ၅၀ အတွင်းပညာဉာဏ်ကောင်းသောအရွယ်
၆။ဟာယနအရွယ် ၆၀ အတွင်းအားအင်ဆုတ်ယုတ်သောအရွယ်
၇။ပဗ္ဘာရအရွယ် ၇၀ အတွင်း လေးလံထိုင်းမှိုင်းသောအရွယ်
၈။ကုင္ဗိလအရွယ် ၈၀ အတွင်း ကိုင်းညွတ်သောအရွယ်
၉။ မုဠ္ဟအရွယ် ၉၀ အတွင်း တွေဝေမေ့မောသောအရွယ်
၁၀။ အနုဋ္ဌာသေယျအရွယ် ၁၀၀အတွင်း မထသောအိပ်ခြင်းဖြင့် နေတတ်သောအရွယ်

ဟူ၍ဖြစ်သည်။ ခိင္ခအရွယ်သည် ၁၀ နှစ်နှင့် နှစ် ၂၀ ကြား အရွယ်ဖြစ်သည်။ ထို့ကြောင့် မုံတိုင်ပင်ဆရာတော်က သာမဏေပြုသောအရွယ်ကို ခိင္ခအရွယ် ဟုဆိုခြင်းဖြစ်သည်။ ၁၆ နှစ်အရွယ်သည် ခိင္ခအရွယ်ပင်ဖြစ်သည်။

**မုံလှကျောင်းတွင် ပညာသင်**

မုံတိုင်ပင်ဆရာတော်သည် ထီးဆောင်းကုန်း ဆရာတော်ထံ ပညာရင်နို့ သောက်စို့ခဲ့ပြီးနောက် မုံလှရွာကျောင်းဆရာတော်ထံတွင် ပြောင်းရွှေ့ပညာသင်ကြားခဲ့ပြန်ပါသည်။ မုံလှရွာသည် မူးမြစ်၏ အရှေ့ဘက်ကမ်း၌ ရှိသည်။ လွှမ်းချင်းစာဆိုကြီးများ ဖြစ်သော သာဝတ္ထိဦးကြီးနှင့် သာဝတ္ထိဦးမျှင်တို့၏ သာဝတ္ထိရွာမြောက်ဘက်တွင် မုံလှရွာရှိသည်။ ယခုသော် မုံလှရွာသည် ခင်ဦးမြို့နယ်အတွင်း၌ရှိသည်။ ခင်ဦးမြို့မှ ရေဦးမြို့သို့သွားသော ကားလမ်းဘေးတွင် မြင်းဒေါင်းရွာဟူ၍ ရှိသည်။ မြင်းဒေါင်းရွာမှ မြောက်ဘက်သို့ မြောင်းပေါင်ကွန်ကရစ်လမ်းအတိုင်း သွားပါက သာဝတ္ထိရွာ၊ မုံလှရွာသို့ ရောက်မည်ဖြစ်သည်။ မုံလှရွာသည် မူးမြစ်၏ အရှေ့ဘက်ခြမ်းတွင်ရှိပြီး မုံတိုင်ပင်ရွာသည် မူးမြစ်၏ အနောက်ဘက်ခြမ်း၌ရှိသည်။

**❖မုံတိုင်ပင်ဆရာတော်သည် မုံလှရွာကျောင်းဆရာတော်ဦးဉာဏထံ ပြောင်းရွှေ့ပညာရင်နို့သောက်စို့ခဲ့ပြန်သည်။ မုံတိုင်ပင်ဆရာတော်သည် မုံလှကျောင်း ဆရာတော် ဦးဉာဏထံ၌ သုတ် သုံးကျမ်း၊ ဝိနည်း ငါးကျမ်း၊ ပိဋကနှစ်ပုံကို အကုန်အစင်တတ်မြောက်အောင်သင်ယူခဲ့သည်။ မုံတိုင်ပင်ဆရာတော်သည် ပိဋကတ်စာပေကို သင်ယူရာတွင် တတ်မြောက်လွယ်သည်။ ပြိုင်ဘက်ကင်းအောင် ပညာဉာဏ်ကြီးမားသည်။ သုတ် သုံးကျမ်း၊ ဝိနည်း ငါးကျမ်း၊ ပိဋက နှစ်ပုံကို သုံးဝါတည်းဖြင့် ကုန်စင်အောင်သင်ကြားခဲ့သည်။ ❖**

မုံတိုင်ပင်ဆရာတော်သည် မုံလှရွာကျောင်းဆရာတော်ဦးဉာဏထံ ပြောင်းရွှေ့ ပညာရင်နို့သောက်စို့ခဲ့ပြန်သည်။ မုံတိုင်ပင်ဆရာတော်သည် မုံလှကျောင်းဆရာတော် ဦးဉာဏထံ၌ သုတ် သုံးကျမ်း၊ ဝိနည်း ငါးကျမ်း၊ ပိဋကနှစ်ပုံကို အကုန်အစင်တတ်မြောက်အောင် သင်ယူခဲ့သည်။ မုံတိုင်ပင်ဆရာတော်သည် ပိဋကတ်စာပေကို သင်ယူရာတွင် တတ်မြောက်လွယ်သည်။ ပြိုင်ဘက်ကင်းအောင် ပညာဉာဏ်ကြီးမားသည်။ သုတ် သုံးကျမ်း၊ ဝိနည်း ငါးကျမ်း၊ ပိဋက နှစ်ပုံကို သုံးဝါတည်းဖြင့် ကုန်စင်အောင် သင်ကြားခဲ့သည်။ ထိုအကြောင်းကို မုံတိုင်ပင်ဆရာတော်၏ခမည်းတော် ဦးမောင်ဖြိုးခေါ် ဦးတက်ဖြိုးစီရင်ရေးသားခဲ့သည့် အာမိသဒါနခန်းပေမူတွင် " မုံလှကျောင်း ဆရာတော်ထံ၌ သုတ် သုံးကျမ်း၊ ဝိနည်း ငါးကျမ်း။ ပိဋကတ် ၂ပုံကို သုံးဝါကျော်မျှဖြင့် ကုန်စင်အောင်သင်ကြားခဲ့ပြီးလျှင်" ဟူ၍ ရေးသားထားသည်။ ခမည်းတော် ဦးမောင်ဖြိုး၏ မှတ်တမ်းအရ မုံတိုင်ပင်ဆရာတော်သည် မုံလှကျောင်း၌ သုံးနှစ်ကျော်ပညာ သင်ကြားခဲ့ရသည်ဟုဆိုသောကြောင့် သာမဏေပြုသော၁၆နှစ်တွင် သုံးနှစ်ကျော်ထပ်ပေါင်းပါက အသက်နှစ်ဆယ်အရွယ်ဝန်းကျင်ရှိပြီဖြစ်ကြောင်း သိနိုင်သည်။

**အမရပူရနေပြည်တော်သို့ ပညာတော်သင်ခရီး**

မုံတိုင်ပင်ဆရာတော်သည် မုံလှကျောင်းဆရာတော်ထံမှ သုံးဝါကျော်မျှ ပညာသင်ကြားပြီး ပုဏ္ဏကားရွာကျောင်းတွင် ခဏမျှ သီတင်းသုံးနေတော်မူသည်။ ဆရာတော်သည် ကိုယ့်ဒေသ၊ ကိုယ့်ဌာနေ၌ ရှိသောဆရာတော်တို့ထံ လှည့်လည်ပညာသင်ကြားပြီးသောအခါတွင် အကျော်အမော်ဆရာတော်ကြီးများ၊ ပရိယတ္တိစာသင်တိုက်ကြီးများ ထွန်းကားရာ အမရပူရနေပြည်တော်သို့ ပညာတော်သင်သွားရောက်ခဲ့သည်။ ထိုအကြောင်းကို ခမည်းတော်ကြီး ဦးမောင်ဖြိုးစီရင်သည့် အာမိသဒါနခန်းပေမူ၌ " ပုဏ္ဏကားကျောင်း၌ ခေတ္တမျှနေကာ ရွှေမြို့တော်သို့ စာသင်ကြွတော်မူလေသည်" ဟူ၍ ရေးသားထားသည်။

မုံတိုင်ပင်ဆရာတော်သည် ဇာတိဌာနေမှ အမရပူရမြို့သို့ ပညာတော်သင်ကြွသောနှစ်မှာ ၁၁၆၀ပြည့်နှစ်ဖြစ်သည်။ ထိုအချိန်တွင် မုံတိုင်ပင်ဆရာတော်သည် သက်တော် ၂၀ တိတိ၊ သာမဏေဝါလေးဝါရှိပြီဖြစ်သည်။ သက်တော် ၂၀ သည် ရဟန်းခံရန်အရွယ်ဖြစ်သော်လည်း ဆရာတော်သည် ရဟန်းမခံသေးဘဲ သာမဏေဘဝဖြင့်ပင် ရွှေမြို့တော်သို့ ပညာတော်သင်ကြွခဲ့ခြင်းဖြစ်သည်။ ပိဋက သုံးပုံတွင်သုတ္တန်နှင့်ဝိနည်းပိဋကတ်ကို ဒေသတွင်း ကျောင်းများ၌ အာဂုံဆောင်သင်ယူခဲ့ပြီး အဘိဓမ္မာ ပိဋကတ်ကို သင်ယူရန် နေပြည်တော်သို့ ကြွခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းကို ဆရာတော်က ခေါင်းလောင်းဆုတောင်းစာပေမူ၌ "မဟာဂုဏ၊ ကြီးမြင့်လှသည့်၊ မိဘနှစ်အင်၊ ချီးမြှောက်တင်၍၊ ရှင်၏လက္ခဏာ၊ မြောက်ပြီးခါ၌၊ ဇိနာထွတ်ထား၊ မြတ်ဘုရားလျှင်၊ တရားရသာ၊ မြိုက်ဆေးဝါကို၊ နှောင်လာများလှ၊ ဝေနေယျတို့၊ ဒုက္ခငြိမ်ဆေး၊ ဆောင်တိုင်းအေးလိမ့်၊ ချိုလေးမြိန်စွာ၊ စားစိမ့်ငှာဟု၊ သာသနာထောင်ငါး၊ တည်ခဲ့ထားသည်။ ဘုရားမိန့်မှာ၊ မြိုက်ဩဇာကို၊ ဤခါဘဝ၊ ဆောက်မည်ပဟု၊ ရာဇဌာနီ၊ ပွင့်လင်းစည်သည့်၊ ပူရိမရ၊ ရွှေပြည်မသို့၊ မဟုဿဟေနတံဌာနံ၊ ဂန္ထဗ္ဗောစ သုဒေသနာ၊ ဇေတ္တာနှင်းလျက်၊ ဂါထာပါဠိ၊ ကတ္တရိဖြင့်၊ ရှိသည့်ညီစွာ၊ သွား၍သာလျှင်၊ ညွတ်ကျိုးနွံလျက်၊ ချိုးချန်ခယ၊ ဥဿဟဖြင့်၊ အမတမည်မှန်း၊ နိဗ္ဗာန်ကမ်းသို့၊ ကြိုးပမ်းကေန်၊ ကူးအားသန်လျက်၊ သုတ္တန်ဝိနယ၊ ထူးမြတ်လှသား၊ ကဲထအဘိဓမ္မာ၊ သုံးလူ့ချာ၏၊ သံသာမိန့်မြွတ်၊ နှုတ်တော်နက်ကို၊ လေ့ကျက်မှန်မှန်" ဟူ၍ ရေးဖွဲ့ထားသည်။

**ဘိုးတော်ဗဒုံမင်း**

မုံတိုင်ပင်ဆရာတော် ပညာသင်သွားသော အမရပူရနေပြည်တော်တွင် ဘိုးတော်ဗဒုံမင်းတရားကြီးစိုးစံနေချိန်ဖြစ်သည်။ ဘိုးတော်ဗဒုံမင်းသည် ၁၁၄၃ခု တပို့တွဲလပြည့်ကျော် ၁၄ ရက် တနင်္လာနေ့ (၁၇၈၂ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်)တွင် အင်းဝမြို့၌ နန်းတက်သည်။ နန်းတက်စက အင်းဝမြို့၌ ဖြစ်သော်လည်း ၁၁၄၄ခု တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် တနင်္လာနေ့ (၁၇၈၂ ခုနှစ် အောက်တိုဘာ၂၂ ရက်) မှ စတင်၍ အမရပူရမြို့တည်မည့် မြေနေရာကို ရှင်းလင်းကာ အမရပူရမြို့သစ်တည်စီမံကိန်းကို စခဲ့သည်။ မြို့တည်၍ ပြီးသောအခါတွင် အင်းဝမြို့မှ အမရပူရမြို့သစ်သို့ ၁၁၄၅ ခု နယုန်လဆန်း ၁၂ ရက် တနင်္လာနေ့(၁၇၈၃ ခုနှစ် မေ ၁၃ ရက်)တွင် ပြောင်းရွှေ့စံတော်မူခဲ့သည်။ ဘိုးတော်ဗဒုံမင်း လက်ထက်တွင် မြန်မာနိုင်ငံသည် နယ်နိမိတ်အကျယ်ပြန့်ဆုံးဖြစ်ခဲ့သည်။ ဗဒုံမင်းသည် သာသနာရေးကို အထူးအလေးထားဆောင်ရွက်ခဲ့သော မင်းဖြစ်သည်။ သာသနာရေးကို စိတ်ဝင်တစားရှိသည်။ သာသနာပြုလုပ်ငန်းများကို အနယ်နယ်အရပ်ရပ်သို့ စေလွှတ်၍ ဆောင်ရွက်နေချိန်ဖြစ်သည်။ အမရပူရနေပြည်တော်ရှိ စာသင်တိုက်ကြီးများမှာလည်း စာချသံ၊ စာသင်သံတို့ဖြင့် စည်ကားနေချိန်ဖြစ်သည်။ မုံတိုင်ပင်ဆရာတော်သည် ထိုကဲ့သို့ သာသနာ နေလို လလိုထွန်းကားနေချိန် တွင် အမရပူရမြို့သို့ စာသင်ကြွလာခြင်းဖြစ်သည်။

**အောင်မြေဘုံမိစံကျောင်းတိုက်တွင် ပညာသင်**

အမရပူရမြို့တွင် မုံတိုင်ပင်ဆရာတော် ပညာသင်ကြားခဲ့သော ကျောင်းမှာ အောင်မြေဘုံမိစံကျောင်းတိုက်ဖြစ်သည်။ မုံတိုင်ပင်ဆရာတော်သည် အောင်မြေဘုံမိစံကျောင်းတိုက်၌ ပညာသင်ကြားခဲ့ရကြောင်းကို တံခွန်တိုင်ဆုတောင်းစာပေမူ၌ "သာသနာငါးထောင်၊ ဝင်းဝင်းပြောင်၍၊ သောင်းထောင်နေလ၊ ပြိုင်၍ပသို့၊ မမျှနိုင်းရာ၊ တွင်းအခါ၌၊ မဟာအမရ၊ ရွှေပြည်မ၏၊ ဥတ္တရဒိသာ၊ မြောက်ခန်းဝါ၌၊ လွန်စွာဖြိုးဝေ၊ ဘိသိက်ဖွေ၍၊ အောင်မြေဘုံစံ၊ တိုက်အရံ၌" ဟူ၍ ရေးဖွဲ့ထားသည်။ ထို့ကြောင့် မုံတိုင်ပင်ဆရာတော် သာမဏေဘဝဖြင့် ပညာသင်ကြားခဲ့သောကျောင်းသည် အမရပူရမြို့ မြောက်မျက်နှာရှိ အောင်မြေဘုံမိစံကျောင်းတိုက် ဖြစ်ကြောင်း သိရသည်။

အမရပူရအောင်မြေဘုံမိစံကျောင်းတိုက်၌ ပညာသင်ကြားခဲ့စဉ်က မုံတိုင်ပင်ဆရာတော်၏ဆရာမှာ မည်သူဖြစ်သည်ကို လေ့လာသင့်သည်။ မုံတိုင်ပင်ဆရာတော်ကိုယ်တိုင်က သူ၏ဆရာအမည်ကို တံခွန်တိုင်ဆုတောင်းစာပေမူ၌ " ရွှေမြို့တော်နေ၊ ခေါ်တွေမည်ရှိ၊ ကဝိသာရာ၊ လင်္ကာရဓဇမဟာဓမ္မရာဇဂုရု၊ ရမ္မသညာ၊ မြတ်ဆရာနှင့်" ဟူ၍ ရေးသားမှတ်တမ်းတင်ခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် အောင်မြေဘုံမိစံကျောင်းတိုက်၌ ပညာသင်ကြားပေးခဲ့သောဆရာသည် ကဝိသာရာလင်္ကာရဓဇမဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ ဆရာတော်ဖြစ်ကြောင်း တိတိကျကျသိရသည်။ ဘွဲ့မှာ ဦးကဝိသာရဖြစ်သည်ဟု မုံတိုင်ပင်သာသနာဝင် အကျဉ်းချုပ်ကျမ်း၌ ဆိုထားသည်။ တံဆိပ်တော်၏ ရှေ့စာလုံး ကဝိသာရကိုယူ၍ ခေါ်ထားဟန်ရှိသည်။ ရှင်ကဝိသာရသည် မုံတိုင်ပင်ဆရာတော် စာသင်စဉ်က အောင်မြေဘုံမိစံကျောင်းတိုက်၏ တိုက်အုပ်ဆရာတော်ဖြစ်ဟန်ရှိသည်။

အောင်မြေဘုံမိစံကျောင်းတိုက်သည် အမရပူရမြို့မြောက်ဘက်၌ရှိသည်။ ယခုခေတ် အနေအထားအရ တမ္ပဝတီရပ်ကွက်၊ မုခ်ဦးတန်းရပ်ကွက်အတွင်း၌တည်ရှိသည်။ တမ္ပဝတီလမ်းမကြီးခေါ် ၈၄ လမ်းမကြီးနှင့် ပုတ်တန်းလမ်းဆုံရာ၌ရှိသည်။ တမ္ပဝတီလမ်းမကြီး၏ အနောက်ဘက်၊ ပုတ်တန်းလမ်း၏ မြောက်ဘက်၌ရှိသည်။ ကျောင်းတိုက်မှာ ငါးဧကခန့် ကျယ်ဝန်းသည် ကျောင်းတိုက်အရှေ့မျက်နှာအဝင်ဝ၌ အောင်မြေဘုံမိစံဟု ရေးထိုးထားသော ကမ္ပည်းကျောက်စာရှိသည်။ ထိုကျောက်စာ၏ အနောက်ဘက်တွင် ရှေးဟောင်းအုတ်ပန္နက်ရာများရှိသည်။ ထိုအုတ်ပန္နက်ရာများမှလွဲ၍ ရှေးဟောင်းအဆောက်အအုံဟူ၍ ဘာမျှမရှိတော့ပါ။

ရှေးအခါက ဤကျောင်းတိုက်၏ အမည်မှာ အောင်မြေဘုံမိစံ ကျောင်းတိုက်ဖြစ်သော်လည်း ယခုအခါ အောင်မြေဘုံမိစံကတိုးတိုက်ဟူ၍လည်း

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်များ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး



**မအူပင် ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်များ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၁၄၃၆၅ ဧကကို ၂၀၂၄ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဟင်းသီးဟင်းရွက်စုံ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက်စုံ လျာထား ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မအူပင်မြို့နယ်မှာ ဟင်းသီးဟင်းရွက်စုံ ဧက၁၄၀၀၀ကျော် စိုက်ပျိုးခဲ့ပါတယ်။ အခုနှစ် တောင်သူတွေ ဟင်းသီးဟင်းရွက်တွေကို စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့၊ မျိုးစေ့ ရွေးချယ်မှု မှန်ကန်ဖို့၊ ဈေးကွက်ဝင်တဲ့ သီးနှံတွေစိုက်ပျိုးနိုင်စေဖို့ကိုဦးစားပေး ဆောင်ရွက်နေပါတယ်။ စိုက်ပျိုးမဲ့သီးနှံတွေ ပိုးမွှားရောဂါ ကင်းရှင်းစေဖို့နဲ့ အခြားနည်းပညာပေး လုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင် ဆောင်ရွက်ပေးထားပါတယ်"ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၃၆၅ ဧက စိုက်ပျိုးရာတွင် ငရုတ်၊ ဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ ရွှေဖရုံ၊ ဟင်းနုနယ်၊ ခဝဲ စသည့်သီးနှံများကို အများဆုံး စိုက်ပျိုးထားကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက် လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၄ မှအဆက်**

ခေါ်ကြသည်။ ထိုသို့ ခေါ်ကြခြင်းမှာ ထိုကျောင်းတော်၌ သီတင်းသုံးနေထိုင်သွားသော သာသနာပြုဆရာတော် ၁၂ ပါးတွင် ပါဝင်သော ကတိုးဆရာတော်ကြီး သီတင်းသုံးသွားသောကြောင့် ဖြစ်သည်။ ကတိုးဆရာတော်အမည်ဖြင့် ဆရာတော် နှစ်ပါးရှိသည်။ ပထမကတိုးဆရာတော်၊ ဒုတိယ ကတိုးဆရာတော်ဟူ၍ ခွဲခြားခေါ်သည်။ ပထမကတိုးဆရာတော်၏ အတ္ထုပ္ပတ္တိကို ပြည့်စုံစွာ မသိရပေ။ ၁၂၁၃ ခုနှစ်တွင် ရေးသားပြုစုခဲ့သော မင်းလှသီရိသီဟသူ၏ ဆရာတော် ၁၀၅ပါး ဦးရေစာရင်း၌ ပထမကတိုးဆရာတော်အကြောင်းကို ''သက္ကရာဇ် ၁၁၀၇ ခုနှစ်တွင် ဖွားမြင်သည်။ နံ...။ ဇာတိ...အလုံမြို့ကျေးကတိုး ကူတော်ရွာ" ဟူ၍သာ ဖော်ပြထားသည်။ ထို့ထက် ပို၍ မသိရ။

ဒုတိယကတိုးဆရာတော်သည် ''၁၁၂၁ခုနှစ်တွင် မွေးဖွားသည်။ နံ-၅ တေး။ ဇာတိက အလုံမြို့ကျေးကူးတိုးကူတော်ရွာ။ လူအမည် ဦးရွှေကြာ အသက်တော်စေ့ရဟန်းပြုသည်။ ရဟန်းမည်ရှင်ပညာ၊ သက်တော် ၇၆ နှစ် ဝါတော် ၅၆ ဝါ၊ သက္ကရာဇ် ၁၁၉၇ ခုနှစ်တွင် ရတနာပူရ အင်းဝရွှေမြို့တော်ကြီး အရှေ့မြောက်ထောင့်အုတ်ကျောင်းတွင် ဘဝပြောင်းတော်မူသည်" ဟူ၍ ဆရာတော် ၁၀၅ ပါးဦးရေစာရင်း၌ တွေ့ရသည်။ ဒုတိယကတိုးဆရာတော်သည် သာသနာပြုဆရာတော် ၁၂ ပါးဝင် ဆရာတော်ဖြစ်သည်။ သာသနဝံသ သီရိဓဇမဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်ကို ဘိုးတော်ဗဒုံမင်းလက်ထက်ရရှိခဲ့ပြီးပရမသီရိမဟာဓမ္မရာဇဂုရုတံဆိပ်ကို ဘကြီးတော်လက်ထက်ရရှိခဲ့သည်။ ဒုတိယကတိုးဆရာတော်သည် မဟာအောင်မြေဘုံမိစံကျောင်း၌ သီတင်းသုံးခဲ့သည်ဟု အဆိုရှိသည်။ ကတိုးဆရာတော်သီတင်းသုံးခဲ့သည်ကိုအစွဲပြုပြီး ကတိုးတိုက်ဟု ခေါ်ခဲ့ကြခြင်းဖြစ်သည်။ မူရင်းတိုက်အမည်မှာ အောင်မြေဘုံမိစံကျောင်းတိုက်သာဖြစ်သည်။

### ဉာဏ်ပညာစွမ်း ဘဝလမ်းလှစေ

- အကြောင်းစုံ ပေါ်ပေါက်သေးပေ့၊
ထုဆစ်တွေး ဉာဏ်ကူပါ၊
အများအမှန် အဆုံးဖြတ်တို့
သုံးသပ်ခါခါ၊
လူတို့၏ ရင်ထဲမှာ
ကောင်းလမ်းရှာ နှလုံးသွင်း၊
လောကခံ အမိုက်ဆိုးကိုကွဲ့
ရိုက်ချိုးကျော်နင်း။

- ဖွဲ နှင့် မာန် သတ္တိရင်းလို့
ဉာဏ်အလင်း မီးမောင်းတင်၊
အောင်မြင်ချိန် ဘယ်မလွဲပေ့
လူထဲလူပင်၊
ရည်မှန်းချက် ဘဝတွင်
ထင်ပေါ်လွင် ကောင်းအကျိုး၊
မိမိကိုယ် စိတ်ထားမြင့်လို့
မြင့်မြတ်တန်ဖိုး။

- လောကဝယ် လူဖြစ်မျိုးရယ်က
အကြောင်းကျိုးတို့ မတူနိုင်၊
ပန်းတိုင်ဆီ ရောက်အောင်သွားလို့
စိတ်ထားခိုင်ခိုင်၊
ယုံကြည်မှု ရှိသူနိုင်
မယိမ်းယိုင် သည်ဘဝ၊
ပညာဉာဏ် ထိုးကာဖောက်လို့
ထွန်းတောက်လှပ။ ။

**ရင်ခတ်ပန်း(စွယ်တော်)**

# နိုင်ငံတကာ သတင်းများ

## ဓားစာခံများပြန်မလွှတ်ပါက အပစ်ရပ်စဲရေး သဘောတူညီချက်အဆုံးသတ်မည်ဟု အစ္စရေးဝန်ကြီးချုပ် သတိပေး

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၂**

လာမည့် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် ပြန်လွှတ်ပေးရမည့်ဓားစာခံများကို ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက ပြန်မလွှတ်ပေးခဲ့ပါက ဂါဇာစစ်ပွဲ အပစ်အခတ် ရပ်စဲရေးသဘောတူညီချက် အဆုံးသတ်သွားလိမ့်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ယနေ့တွင် သတိပေးလိုက်သည်။

ဂါဇာကမ်းမြောင်အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်အရ ဟားမတ်စ်အုပ်စုသည် ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများကို ဇန်နဝါရီ ၁၉ ရက်မှစ၍ အသုတ်လိုက်ခွဲ၍ လွှတ်ပေးခဲ့ကြောင်း သိရသည်။

သို့သော် အစ္စရေးနိုင်ငံက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်နေမှုအတွက် ဖေဖော်ဝါရီ ၁၅ ရက် ဓားစာခံများပြန်လွှတ်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ဟားမတ်စ်အုပ်စုက ကြေညာထားသည်။

သို့ရာတွင် ဟားမတ်စ်အုပ်စု အနေဖြင့် စီစဉ်ထားသည့်အတိုင်း ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြန်မလွှတ်ခဲ့ပါက ဂါဇာအပစ်ရပ်စဲရေး သဘောတူညီချက်ကို အဆုံးသတ်၍ ဂါဇာထိုးစစ်များ ပြန်လည်စတင်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က သတိပေးထားသည်။

ကာကွယ်ရေးဝန်ကြီးနှင့်နိုင်ငံခြားရေးဝန်ကြီးအပါအဝင် အဓိကအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဆွေးနွေးပြီးနောက် အစ္စရေးဝန်ကြီးချုပ်က ဟားမတ်စ်အုပ်စုကို အဆိုပါအတိုင်း သတိပေးခဲ့ခြင်းဖြစ်သည်။

အမေရိကန်၊အီဂျစ်နှင့် ကာတာနိုင်ငံတို့၏ ကြားဝင်မှုဖြင့် ရယူခဲ့သော ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ဇန်နဝါရီ ၁၉ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ယခုနှစ် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုး ဗီယက်နမ်အစိုးရ တရားဝင်ပြောင်းလဲသတ်မှတ်မည်

**ဟန်နွိုင်း ဖေဖော်ဝါရီ ၁၂**

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်အတွက် စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုတန်ဖိုး မျှော်မှန်းချက်ကို တရားဝင်ပြင်ဆင် သတ်မှတ်မည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန ဝန်ကြီးငုယင်ချီဒေါင်းက ယနေ့တွင် အတည်ပြုထားသည်။

ဗီယက်နမ်နိုင်ငံ၏ ၂၀၂၅ ခုနှစ် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု တန်ဖိုးမျှော်မှန်းချက်ကို အနည်းဆုံး ၈ ဒသမ သုည ရာခိုင်နှုန်းထိ ပြင်ဆင်သတ်မှတ်မည်ဖြစ်ကြောင်း ငုယင်ချီဒေါင်း၏ကြေညာချက်၌ ဖော်ပြထားသည်။

ဗီယက်နမ်အစိုးရသည် ယခုနှစ်အတွက် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှုတန်ဖိုး မျှော်မှန်းချက်ကို မူလက ၆ ဒသမ ၅ရာခိုင်နှုန်းနှင့် ၇ ဒသမ သုညရာခိုင်နှုန်းကြားရှိနိုင်ကြောင်း ခန့်မှန်းသတ်မှတ်ထားသည်။

နိုင်ငံတကာ ကုန်သွယ်ရေး အခြေအနေများ မြင့်တက်လာမှု၏ နောက်ဆက်တွဲပြဿနာများနှင့် ရင်ဆိုင်နေရချိန်တွင် ဗီယက်နမ်နိုင်ငံက ယခုနှစ် စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုတန်ဖိုး မျှော်မှန်းချက်ကို တရားဝင်ပြောင်းလဲပြင်ဆင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

သို့ရာတွင် ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်နှင့်သွင်းကုန်ကဏ္ဍနှစ်ခုစလုံး ၁၂ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း ဗီယက်နမ်စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးက လွှတ်တော်၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းအပြင် ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်ရေးပိုငွေပြမှုပမာဏမှာလည်း ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ထိ ရှိနိုင်ကြောင်း ဝန်ကြီး ငုယင်ချီဒေါင်းက ခန့်မှန်းထားသည်။

Ref : Xinhua

Trs : KKO

## လွှတ်တော်ဥက္ကဋ္ဌ တာဆိုလပ်စ်ကို သမ္မတသစ်အဖြစ် ဂရိလွှတ်တော်ရွေးချယ်



**အေသင် ဖေဖော်ဝါရီ ၁၂**

ဂရိလွှတ်တော် အမတ်များသည် လွှတ်တော်ဥက္ကဋ္ဌဟောင်း ကွန်စတန်တိုင်းတာဆိုလပ်စ်ကို ဂရိသမ္မတသစ်အဖြစ် ယနေ့တွင် ရွေးချယ်တင်မြှောက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တော်ဥက္ကဋ္ဌဟောင်း ကွန်စတန်တိုင်းတာဆိုလပ်စ်ကို ဂရိသမ္မတသစ်အဖြစ် လက်ရှိကွန်ဆာဗေးတစ်အစိုးရက အမည်စာရင်း တင်သွင်းထားခြင်းဖြစ်သည်။

ကွန်စတန်တိုင်းတာဆိုလပ်စ်ကိုသမ္မတသစ်အဖြစ် အမည်စာရင်း ပေးသွင်းထားမှုကြောင့် ၂၀၂၃ ခုနှစ် ရထားတိုက်မှုနှင့် ပတ်သက်၍ မကျေမနပ်ဖြစ်နေသူများက ပြီးခဲ့သည့်လအတွင်း ဂရိလွှတ်တော်ရှေ့၌ ဆန္ဒပြခဲ့ကြသည်။

တာဆိုလပ်စ်၏ ဦးဆောင်မှုအောက်တွင် ဂရိလွှတ်တော်အမတ်များသည် ၂၀၂၃ ခုနှစ် ရထားတိုက်မှုအတွက် နိုင်ငံရေးအရ တာဝန်ခံရေးအတွက်စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ပျက်ကွက်ခဲ့ကြောင်း ဆန္ဒပြသမားများကပြောကြားထားသည်။

သို့ရာတွင် ယနေ့ လွှတ်တော်မဲခွဲပွဲတွင် ဂရိလွှတ်တော်အမတ် ၃၀၀အနက် ၁၆၀ တို့က တာဆိုလပ်စ်ကို ဂရိသမ္မတသစ်အဖြစ် ထောက်ခံမဲပေးခဲ့ကြသည်။

ဂရိနိုင်ငံ၏ နိုင်ငံရေးစနစ်အရ သမ္မတမှာ နိုင်ငံရေးအာဏာကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနိုင်မှုမရှိသော ဂုဏ်ထူးဆောင်ရာထူးမျိုးဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဆူခွိုင်းအက်စ်ယူ-၅၇ တိုက်လေယာဉ်များကို အိန္ဒိယ၌တည်ဆောက်ထုတ်လုပ်ရန် ရုရှားကမ်းလှမ်း

**မော်စကို ဖေဖော်ဝါရီ ၁၂**

ရုရှားနိုင်ငံသည် ၎င်း၏ပဉ္စမမျိုးဆက်ရေဒါကိုယ်ယောင်ဖျောက်တိုက်လေယာဉ် အမျိုးအစားဖြစ်သော ဆူခွိုင်းအက်စ် ယူ-၅၇ အမျိုးအစား တိုက်လေယာဉ်များကိုအိန္ဒိယလေတပ်အတွက် အိန္ဒိယပြည်တွင်းရှိ ထုတ်လုပ်ခွင့်ပေးရန် ကမ်းလှမ်းထားကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ကမ်းလှမ်းချက်ကို အိန္ဒိယအစိုးရက လက်ခံခဲ့ပါက ဆူခွိုင်းအက်စ်ယူ-၅၇ တိုက်လေယာဉ်များ အိန္ဒိယနိုင်ငံ၌ ထုတ်လုပ်မှုကို ယခုနှစ်အတွင်းမှာပင် စတင်နိုင်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

သို့ရာတွင် ရုရှားနိုင်ငံ၏ အဆိုပါကမ်းလှမ်းချက်မှာ အလွတ်သဘောကမ်းလှမ်းချက် ဖြစ်ပြီး ရုရှားအစိုးရပိုင် ရိုဆိုဘိုရိုနီအိတ်စ်ပို့ကုမ္ပဏီတာဝန်ရှိသူများက အိန္ဒိယအစိုးရပိုင် ဟိန္ဒူစတန်အေရိုနေ့တစ်လေယာဉ် တည်ဆောက်ရေးကုမ္ပဏီတာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ကမ်းလှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယလေတပ်က ၎င်း၏ တိုက်လေယာဉ်အုပ်များကိုလက်ရှိ ၃၁ အုပ်မှ ၄၂ အုပ်ထိ ထပ်မံအင်အားမြှင့်တင်ရန် ကြိုးပမ်းနေချိန်တွင် ဆူခွိုင်းအက်စ်ယူ-၅၇ တိုက်လေယာဉ်များ အိန္ဒိယပြည်တွင်း၌ ထုတ်လုပ်ပေးရန် ရုရှားနိုင်ငံက ကမ်းလှမ်းထားပြီး ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည် ဘင်ဂါလူရူမြို့၌ အေရိုအိန္ဒိယအမည်ရှိ လေကြောင်းပြပွဲ ကျင်းပလျက်ရှိရာ ရုရှားနိုင်ငံကလည်း ဆူခွိုင်းအက်စ် ယူ-၅၇ တိုက်လေယာဉ်များ ထည့်သွင်းပြသလျက်ရှိသည်။

ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံကိုလက်နက်ခဲယမ်းများအများဆုံး ရောင်းချပေးနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



## မျောပါနေသော ရေခဲလွှာပြင်ပေါ်မှ ငါးဖမ်းဝါသနာရှင် ၁၀၀ ကျော်ကို ရုရှားတာဝန်ရှိသူများကယ်ထုတ်

**မော်စကို ဖေဖော်ဝါရီ ၁၂**

ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်း ဘိုခေါ့ခ် ပင်လယ်ရေပြင်အတွင်း မျောပါနေသော ရေခဲလွှာပြင်ပေါ်မှ ရုရှားငါးဖမ်းဝါသနာရှင် ၁၃၉ ဦးကို အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့ကြောင်း ရုရှားအရေးပေါ်ရေးရာဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါရေခဲလွှာပြင်ပေါ်တွင် ငါးဖမ်းဝါသနာရှင် ၃၀၀ ခန့်သောင်တင်နေခဲ့ပြီး အချို့မှာ ယင်းရေခဲလွှာပြင်ကို စွန့်ခွာရန် ငြင်းဆိုနေကြကြောင်း ရုရှားတာဝန်ရှိသူများက အစောပိုင်းတွင် ပြောကြားထားသည်။

သို့ရာတွင် ရေခဲလွှာပြင်ကို စွန့်ခွာရန် ငြင်းပယ်နေကြသူ ၁၃၉ ဦးကို ကယ်ဆယ်ရေးသမားများက ယနေ့တွင် ရဟတ်ယာဉ်များ၊ရေယာဉ်များဖြင့် အပြီးသတ်ကယ်ထုတ်နိုင်ခဲ့သည်။

၎င်း ငါးဖမ်းဝါသနာရှင်များသည် ငါးတစ်ကောင်တလေမမိမချင်း ရေခဲလွှာပြင်ကိုစွန့်ခွာရန် ငြင်းဆန်ခဲ့ကြသူများဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ရုရှားငါးဖမ်းဝါသနာရှင်များ စုဝေးရောက်ရှိနေသည့် ရေခဲပြင်လွှာသည် ထုအားဖြင့် ၁၀ မီတာရှိပြီး ဆာခါလင်ဒေသ ဒိုလင်ကာမြစ်ဝမှတစ်ဆင့် အိုခေါ့ခ်ပင်လယ်တွင်းသို့ မျောပါနေခြင်းဖြစ်သည်။


ရုရှားကယ်ဆယ်ရေး သမားများသည် ရေခဲလွှာပြင်ပေါ်၌ သောင်တင်နေသူများအနက် ၁၀၉ ဦးကို ဦးစွာကယ်တင်ခဲ့ပြီးနောက် ယင်းရေခဲပြင်လွှာအား စွန့်ခွာရန်ငြင်းဆန်နေကြသူ ၁၃၉ ဦးကို ထပ်မံကယ်ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ပန်ဒိုရာနေအဖွဲ့အစည်းပြင်ပဂြိုဟ်များလေ့လာရေး အာကာသယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် နာဆာ စီစဉ်



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ပန်ဒိုရာအမည်ရှိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်များ လေ့လာရေးအာကာသယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

အလေးချိန် ၇၁၆ ပေါင် (၃၂၅ ကီလိုဂရမ်)ထိရှိသော ပန်ဒိုရာအာကာသယာဉ်သည် နေအဖွဲ့အစည်းပြင်ပဂြိုဟ်များ၏ လေထုလွှာများကို အဓိကထားလေ့လာမည့် အာကာသယာဉ်ဖြစ်သည်။

ပန်ဒိုရာအာကာသယာဉ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လာမည့် ဆောင်းရာသီတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

လွှတ်တင်ပြီးချိန်တွင် ပန်ဒိုရာအာကာသယာဉ်သည် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းတွင် နေရာယူ၍ ရှာဖွေ တွေ့ရှိထားပြီးဖြစ်သည့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်အနည်းဆုံး အစင်း ၂၀ တို့၏လေထုလွှာများကို လေ့လာမည်ဖြစ်သည်။

နေအဖွဲ့အစည်းပြင်ပဂြိုဟ်များ၏ လေထုလွှာသဘာဝကို ဖော်ထုတ်ရာတွင် နိုင်ငံတကာသိပ္ပံပညာရှင်များကို ပန်ဒိုရာအာကာသယာဉ်က ကူညီပေးနိုင်မည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

Space-X ကုမ္ပဏီသည် ၂၀၁၈ ခုနှစ်ကလည်း နာဆာ၏ တက်စ်အမည်ရှိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ်များ လေ့လာရေးအာကာသယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့ဖူးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ်များကို Space-X ကုမ္ပဏီ လွှတ်တင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၂**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ်များကို ဖေဖော်ဝါရီ ၁၁ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။



စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၃ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်သွားသည့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင် ၁၅ ခုထိ လွှတ်တင်ထားပြီးဖြစ်ရာ ၁၂ ခုမှာ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုမစ်ရှင်များဖြစ်ကြသည်။

Space-X ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်သည် လက်ရှိအချိန်တွင် ဂြိုဟ်တုအစင်း ၆၉၀၀ ကျော်ဖြင့် လုပ်ငန်းလည်ပတ်နေကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နဂါးငွေ့တန်းကြယ်စုအလယ်၌ အလွန်တရာမြန်ဆန်သည့်နှုန်းဖြင့် ရွေ့လျားနေသော ကြယ်စနစ်တစ်ခုကို နာဆာသိပ္ပံပညာရှင်များ တွေ့ရှိထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၂**

နဂါးငွေ့တန်းကြယ်စုအလယ်၌ အလွန်တရာမြန်ဆန်သည့်နှုန်းဖြင့် ရွေ့လျားနေသော ကြယ်စနစ်တစ်ခုကို အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

ကြယ်တစ်စင်းနှင့် ၎င်းကြယ်ကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်တစ်စင်းတို့ဖြင့် ဖွဲ့စည်းထားသည့် အထက်ပါကြယ်စနစ်ကို နာဆာသိပ္ပံပညာရှင်များက ၂၀၁၁ ခုနှစ်ကပင် စတင်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကြယ်စနစ်သည် တစ်နာရီလျှင် မိုင်ပေါင်း ၁ ဒသမ ၂ သန်းနှုန်း သို့မဟုတ် တစ်စက္ကန့်လျှင် ကီလိုမီတာ ၅၄၀ နှုန်းဖြင့် နဂါးငွေ့တန်းကြယ်စုကို ဖြတ်သန်း ရွေ့လျားနေကြောင်း နာဆာ သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အဆိုပါကြယ်စနစ်သည် နဂါးငွေ့တန်းကြယ်စုအတွင်း အမြန်ဆုံးနှုန်းဖြင့် ရွေ့လျားနေသည့် ကြယ်စနစ် ဖြစ်နိုင်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်စနစ်၏ရွေ့လျားမှုအမြန်နှုန်းသည် နေအဖွဲ့အစည်း၏ ရွေ့လျားမှုမြန်နှုန်းထက် နှစ်ဆခန့် ပိုမြင့်မားကြောင်း သိရသည်။

အဆိုပါကြယ်စနစ်တွင် ဒြပ်ထုနည်းပါးသော ကြယ်တစ်စင်းကို နက်ပကျွန်းဂြိုဟ်ထက် အရွယ်အစားများစွာ ပိုကြီးမားသောဂြိုဟ်တစ်စင်းက ဗဟိုပြုလှည့်ပတ်နေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ဆီးချိုရောဂါဆေးတစ်မျိုးက သက်ကြီးပိုင်းများ၌ နှလုံးဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်

**အီဒင်ဘတ် ဖေဖော်ဝါရီ ၁၂**

သွေးအတွင်း သကြားဓာတ်ပါဝင်မှုလျှော့ချပေးသည့် ဆီးချိုရောဂါဆေးတစ်မျိုးသည် သက်ကြီးပိုင်းများ၌ နှလုံးဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၁၁ ရက်သတင်းများအရ သိရသည်။

SGLT-2 Inhibitors ခေါ် အထက်ပါ ဆီးချိုဆေးသည် သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့်ကို လျှော့ချပေးသော ဆီးချိုဆေးတစ်မျိုးဖြစ်သည်။

သို့ရာတွင် စကော့တလန်နိုင်ငံ ဂလပ်စဂိုတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ SGLT-2 Inhibitors ဆေးများသည် သက်ကြီးပိုင်းများ၏ နှလုံးဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နှလုံးဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေကို လျှော့ချရာတွင် SGLT-2 Inhibitors ဆေးများမှာ သက်ကြီးပိုင်းများအတွက် အကျိုးပြုနိုင်သည်ကို တွေ့ရကြောင်း စကော့တလန် သုတေသနပညာရှင်များက ပြောကြားသည်။

စကော့တလန် သုတေသနပညာရှင်များသည် ဆီးချိုရောဂါဆေးဝါး လက်တွေ့စမ်းသပ်မှုပေါင်း ၆၀၀ တို့မှ ရရှိခဲ့သော သတင်းအချက်အလက်များကို အသေးစိတ်လေ့လာဆန်းစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ SGLT-2 Inhibitors ဆေးများ သုံးစွဲမှုနှင့် သက်ကြီးပိုင်းများကြား နှလုံးဖောက်နိုင်ခြေနှင့်လေဖြတ်နိုင်ခြေကျဆင်းမှုတို့ကြား ဆက်စပ်မှုရှိနေကြောင်းစကော့တလန်သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

Ref : Russia Today

Trs : KKO

## အချိန်ကာလတစ်ခုသတ်မှတ်၍ အစာစားခြင်းဖြင့် အယ်ဇိုင်းမားရောဂါလက္ခဏာများကို လျှော့ချနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၂**

အချိန်ကာလ အပိုင်းအခြားတစ်ခုသတ်မှတ်၍ အစားအစာစားသုံးခြင်းဖြင့် အယ်ဇိုင်းမားရောဂါလက္ခဏာများကို လျှော့ချနိုင်ကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

နေ့စဉ် ၁၀ နာရီကာလအပိုင်းအခြားသတ်မှတ်၍ အစားအစာကို စားသုံးခြင်းဖြင့် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ပို၍အားကောင်းလာနိုင်ပြီး ဦးနှောက်အတွင်း ဘီတာအမီလွိုက်ပရိုတင်း စုစည်းမှုကို လျှော့ချပေးနိုင်ဖွယ် ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။


ဘီတာအမီလွိုက်ပရိုတင်းများ ဦးနှောက်အတွင်း စုစည်းမှုသည် အယ်ဇိုင်းမားရောဂါ၏ လက္ခဏာတစ်ရပ်ဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အချိန်ကာလအကန့်အသတ်တစ်ခုအတွင်းတွင်သာ အစားအစာစားသုံးခြင်းဖြင့် မှတ်ဉာဏ်နှင့် အိပ်စက်မှုပုံစံများလည်း တိုးတက်လာတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အချိန်ကာလကန့်သတ်၍ အစာစားသုံးမှုသည် အယ်ဇိုင်းမားရောဂါလက္ခဏာများကို လျှော့ချရေးအတွက် လူအများအလွယ်တကူကျင့်သုံးနိုင်သည့် နည်းလမ်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# မူအာနီကိုအပြီးသတ်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း ဂျူဗင်တပ်ဒါရိုက်တာ ဂျီအန်တိုလီ ပြောကြား

ရောမ ဖေဖော်ဝါရီ ၁၂

ဂျူဗင်တပ်အသင်းသည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက ပီအက်စ်ဂျီအသင်းမှ အငှားခေါ်ယူထားသည့် တိုက်စစ်မှူးမူအာနီကို ခြေစွမ်းပြသနိုင်မှုကြောင့် အသင်းအားကစားဒါရိုက်တာ ဂျီအန်တိုလီက အပြီးသတ်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

တိုက်စစ်မှူးမူအာနီသည် ဂျူဗင်တပ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းတိုက်စစ်ပိုင်းတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ပြီး ပြိုင်ပွဲစုံလေးပွဲတွင် သွင်းဂိုးငါးဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့သည့်အပြင် အဆုံးအဖြတ်ပွဲစဉ်များတွင် ဂိုးသွင်းယူနိုင်သူဖြစ်သောကြောင့် အသင်းဥက္ကဋ္ဌက ဘောလုံးရာသီအကုန်တွင် အသင်းတွင် ဆက်ရှိနိုင်ရေးစီစဉ်နေခြင်းဖြစ်သည်။

အားကစားဒါရိုက်တာ ဂျီအန်တိုလီက " အသင်းအနေနဲ့မူအာနီကို ဘောလုံးရာသီအကုန်မှာ ဆက်လက်ထားရှိဖို့ ကြိုးစားနေပါတယ်။ ပီအက်စ်ဂျီအသင်းနဲ့ ကျွန်တော်တို့ရဲ့လက်ရှိဆက်ဆံရေးဟာ အကောင်းဆုံးအခြေအနေမှာရှိလို့ ဒီကိစ္စအတွက်အဖြေရှာနိုင်မှာပါ။ သူ့ကိုအငှားစာချုပ်နဲ့ ခေါ်ယူနိုင်ဖို့အတွက်လဲ ကလပ်အသင်းအများအပြားနဲ့ ယှဉ်ပြိုင်ခဲ့ရတာပါ" ဟုသတင်းထောက်များနှင့် တွေ့ဆုံစဉ်ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၂၆ နှစ်ရှိတိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီ ပီအက်စ်ဂျီအသင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ခက်ခဲခဲ့ပြီးပြိုင်ပွဲစုံ ၁၄ ပွဲသာပါဝင်ကစားခဲ့ရကာ သွင်းဂိုးနှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သော်လည်း ဂျူဗင်တပ်အသင်းသို့ရောက်ရှိလာချိန်တွင် ပုံမှန်ခြေစွမ်းပြန်လည်ရရှိခဲ့ပြီး ဂျူဗင်တပ်အသင်းတိုက်စစ်ပိုင်းတွင် အဓိကကစားသမားအဖြစ် ပါဝင်ကစားနေရကြောင်း သိရသည်။

Ref : Goal.com

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ဇန်နဝါရီအပြောင်းအရွှေ့ကာလက တိုက်စစ်မှူး နူနက်ကို အယ်နာဆာအသင်းက ယူရို ၇၇ သန်းဖြင့် ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း လီဗာပူးအသင်းအနေဖြင့် ငြင်းပယ်ခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- တူကီယဲကလပ် ဂါလာတာစာရေးအသင်းကခံစစ်ကစားသမား ထရစ်ပီယာကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၂ ဒသမ ၅ သန်းဖြင့်ခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ နယူးကာဆယ်အသင်းနည်းပြ ဟိုဝီက ဒဏ်ရာရကစားသမားများပြားနေမှုကြောင့် ရောင်းချရန်ငြင်းဆိုခဲ့ကြောင်း သိရသည်။
- စပိန်ကိုပါဒယ်ရေးဖလားဆီမီးဖိုင်နယ်အဆင့်တွင် ဘာစီလိုနာအသင်းနှင့် အေတီကိုအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဆိုစီဒက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့ပြီး ပထမအကျော့ကို ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်၊ ဒုတိယအကျော့ကို ဧပြီ ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ML

# WBC ၊ WBO လိုက်မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲတွင် ဘွတ်ကာနှင့် ထိုးသတ်သွားမည်ဖြစ်ကြောင်း ဖန်ဒိုရာပြောကြား




လန်ဒန် ဖေဖော်ဝါရီ ၁၂

WBC ၊ WBO လိုက်မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဖန်ဒိုရာသည် လက်ရှိ ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်ခွင့်ရရှိထားသူ အမေရိကန်လက်ဝှေ့သမား ဘွတ်ကာနှင့် မတ် ၂၂ ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့တွင် ထိုးသတ်သွားမည် ဖြစ်ကြောင်း Premier Boxing Champions ကုမ္ပဏီက ယနေ့တွင် အတည်ပြုခဲ့သည်။

ဖန်ဒိုရာနှင့် ဘွတ်ကာတို့၏ ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲအား Premier Boxing Champions က တာဝန်ယူစီစဉ်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ဖန်ဒိုရာနှင့် ဘွတ်ကာတို့၏ပွဲစဉ်သည် အကြိတ်အနယ်ရှိလာနိုင်သော်လည်းဖန်ဒိုရာသည် အရပ်အမြင့် ခြောက်ပေ ခြောက်လက်မရှိပြီးဘွတ်ကာကအရပ်အမြင့် ငါးပေကိုးလက်မသာ ရှိသည့်အတွက် အရပ်အမောင်း ကွာဟချက်ရှိနေကြောင်း သိရသည်။

ဖန်ဒိုရာသည် ထိုးသတ်ခဲ့သော စိန်ခေါ်ပွဲများတွင် အရပ်အမြင့် အားသာချက်ကို အသုံးချနိုင်ခဲ့သည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး စိန်ခေါ်ပွဲ ၂၃ ပွဲထိုးသတ်ခဲ့ရာ ရှုံးပွဲတစ်ပွဲသာရှိသေးသည့် ဘွတ်ကာအတွက် ကြီးမားသည့် စိန်ခေါ်မှုဖြင့် ရင်ဆိုင်ရနိုင်သည့် ပွဲစဉ်တစ်ပွဲ လည်းဖြစ်သည်။

ဖန်ဒိုရာသည် စိန်ခေါ်ပွဲပေါင်း ၂၃ ပွဲထိုးသတ်ထားပြီး တစ်ပွဲသာ ရှုံးနိမ့်ထားသည့် ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်သည့်အတွက် လက်ဝှေ့သမားနှစ်ဦးကြား အတွေ့အကြုံပိုင်း မျှတနေသည်။

ဖန်ဒိုရာက "WBC၊ WBO လိုက်မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်တွေကို ကာကွယ်နိုင်ဖို့အတွက် အကောင်းဆုံးပြင်ဆင်နေပါတယ်။ မတ် ၂၂ ရက်အတွက် ပြင်ဆင်လေ့ကျင့်မှုတွေက တော်တော်လေး ခရီးရောက်နေပါပြီ။ ကျွန်တော်ပိုင်ဆိုင်ထားတဲ့ ကမ္ဘာ့ချန်ပီယံခါးပတ်တွေကို ဆက်လက်ထိန်းသိမ်းနိုင်မယ်လို့ ယုံကြည်တယ်။ ကျွန်တော့် ပရိသတ်တွေကလဲ ကျွန်တော့်ရဲ့ ခါးပတ်တွေကို ဆက်လက်ထိန်းသိမ်းနိုင်မှာကိုယုံကြည်နေလိမ့်မယ်။ ကျွန်တော် အကောင်းဆုံး ပြင်ဆင်နေတာကို လဲသိချင်နေလိမ့်မယ်။ ကျွန်တော် အကောင်းဆုံးပုံစံနဲ့ ကြိုးဝိုင်းအတွင်းဝင်လာမယ်လို့ ပရိသတ်တွေကိုကတိပေးပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ဒူဘိုင်းခရီးစဉ်တွင် ကိုင်ဟာဗက်ဒဏ်ရာရရှိခဲ့ကြောင်း အာဆင်နယ်အသင်းထုတ်ပြန်

လန်ဒန် ဖေဖော်ဝါရီ ၁၂

ဆောင်းရာသီ အားလပ်ရက်ကာလအဖြစ် ဒူဘိုင်းတွင် လေ့ကျင့်ရေးအစီအစဉ် ပြုလုပ်ခဲ့သည့် အာဆင်နယ်အသင်းသည် လေ့ကျင့်ရေးအစီအစဉ်တွင် တိုက်စစ်မှူး ကိုင်ဟာဗက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် မန်ယူအသင်းကို အက်ဖ်အေဖလား စတုတ္ထအဆင့်တွင် ပင်နယ်တီ အဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ကတည်းက ပွဲကစားရန်မရှိတော့သဖြင့် ဒူဘိုင်းသို့ လေ့ကျင့်ရေး အစီအစဉ် သွားရောက်ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပြီးပြီးခဲ့သည့် ကြာသပတေးနေ့မှစတင်ထွက်ခွာ၍ အင်္ဂါနေ့တွင် ပြန်လည်ရောက်ရှိခဲ့သည်။

သို့သော် အဆိုပါခရီးစဉ်တွင် တိုက်စစ်မှူး ကိုင်ဟာဗက်မှာ လေ့ကျင့်ရေးပြုလုပ်စဉ် ကြွက်သားဒဏ်ရာရရှိခဲ့သဖြင့် လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်နေရပြီး ဒဏ်ရာရကစားသမားစာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

ဒူဘိုင်းခရီးစဉ်တွင် တိုက်စစ်မှူး ဂျီးဆပ်စ်၊ ခံစစ်ကစားသမား တိုမီယာဆုတို့ ပါဝင်နိုင်ခြင်းမရှိဘဲ ဆာကာအနေဖြင့် လိုက်ပါ၍ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ခဲ့သော်လည်း ပွဲကစားရန် ကြံ့ခိုင်မှုလိုအပ်ချက်ရှိနေပြီး ယခုအခါ ကိုင်ဟာဗက်မှာလည်း ဒဏ်ရာထပ်မံရရှိခဲ့သောကြောင့် တိုက်စစ်ပိုင်းအတွက် အခက်ကြုံနေရကြောင်း နည်းပြအာတီတာက ထုတ်ဖော်ပြောကြားခဲ့သည်။

တိုက်စစ်မှူး ကိုင်ဟာဗက်သည် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြအာတီတာ၏ ယုံကြည်မှုကိုရရှိခဲ့သဖြင့် ပြိုင်ပွဲစုံ ၃၄ ပွဲထိပါဝင်ကစားခဲ့ရပြီးသွင်းဂိုး ၁၅ ဂိုးနှင့် ဂိုးဖန်တီးမှုလေးကြိမ်ထိ ပြုလုပ်ခြေစွမ်းပြနိုင်ခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML




# Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကာကွယ်သွားမည်ဟု မက်ဆူယာမာပြောကြား

ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁၂

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပသွားမည့် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ ဂျပန်ဂေါက်သီးရိုက်ကစားသမား မက်ဆူယာမာက ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၂ နှစ်အရွယ် မက်ဆူယာမာသည် ၂၀၂၄ ခုနှစ် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ကမ္ဘာ့အဆင့် ဂေါက်သီးရိုက်ကစားသမားအားလုံးနီးပါး ပါဝင်ယှဉ်ပြိုင်သော ပြိုင်ပွဲတစ်ရပ်ဖြစ်သလိုကစားရခက်သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည့်အတွက် ဂေါက်သီးရိုက်လောကတွင် ပရိသတ်များနှစ်သက်သည့် ဂေါက်သီးရိုက်ပြိုင်ပွဲတစ်ရပ်လည်းဖြစ်သည်။

မက်ဆူယာမာအနေဖြင့် လက်ရှိချန်ပီယံဆုကို ကာကွယ်ကာ Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲသက်တမ်းတစ်လျှောက် ချန်ပီယံဆုအားနှစ်ကြိမ်ဆက်ဆွတ်ခူးနိုင်သည့် ကစားသမားတစ်ဦးဖြစ်လာရန်လည်း ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

မက်ဆူယာမာက "လွန်ခဲ့တဲ့ ၁၂ လတုန်းက Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲမှာ အောင်မြင်မှုရရှိခဲ့တယ်။ အခုချိန်အထိအမှတ်တရကောင်းကို မှတ်မိနေဆဲပါ။ ဂေါက်သီးရိုက်လောကရဲ့ အကောင်းဆုံးပြိုင်ပွဲတွေထဲမှာပါဝင်တဲ့ ဒီပြိုင်ပွဲဟာကမ္ဘာ့ကစားသမားတော်တော်များများ ပါဝင်ယှဉ်ပြိုင်လေ့ရှိတဲ့ ပြိုင်ပွဲဖြစ်သလို ကစားရခက်တဲ့ပြိုင်ပွဲလဲဖြစ်ပါတယ်။လက်ရှိချန်ပီယံဆုကိုကာကွယ်နိုင်အောင် ကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မတူညီသည့်အသင်းနှစ်သင်းဖြင့် ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးအင်္ဂလန်ကစားသမားအဖြစ် ဘယ်လင်ဟမ်မှတ်တမ်းဝင်



**မက်ဒရစ် ဖေဖော်ဝါရီ ၁၂**

ရီးရဲလ်မက်ဒရစ် အသင်း ကွင်းလယ်ကစားသမားဘယ်လင်ဟမ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲ Play-offပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် မတူညီသည့် ကလပ်အသင်း နှစ်သင်းဖြင့် အင်္ဂလန်ကလပ်အသင်းကို ဂိုးသွင်းယူနိုင်ခဲ့သည့်ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ Play-off ပွဲစဉ်အဖြစ်ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းက မန်စီးတီးအသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဘယ်လင်ဟမ်သည် ပွဲချိန် ၉၂ မိနစ်တွင် အသင်းဖော် ဗင်နီစီးယက်စ်၏ဖန်တီးပေးမှုမှတစ်ဆင့် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဘယ်လင်ဟမ်သည် အသင်းဟောင်း ဒေါ့မွန်အသင်းတွင်ကစားခဲ့စဉ်ကလည်း မန်စီးတီးအသင်းနှင့်ဒေါ့မွန်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ မန်စီးတီးအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်တွင်လည်း အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် မတူညီသည့် ကလပ်အသင်း နှစ်သင်းဖြင့် အင်္ဂလန်ကလပ်အသင်းကို ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးအင်္ဂလန်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : B/R Football

Trs : STA

# ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်မှ ဆာဘာလင်ကာ ထွက်ခွာခဲ့ရ

**ဒိုဟာ ဖေဖော်ဝါရီ ၁၂**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဖြစ်သူ ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ရုရှားတင်းနစ်မယ် အလက်ဇန်းဒါးရိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အလက်ဇန်းဒါးရိုဗာက(၆-၃၊၃-၆၊ ၆-၇)ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် ပြိုင်ပွဲတွင် ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်ပြီး ဗိုလ်စွဲရန်ရေပန်းစားနေသော်လည်း ထင်မှတ်မထားသည့် အရှုံးရလဒ်ကြောင့် ပြိုင်ပွဲမှ ထွက်ခွာသွားခဲ့ရပြီဖြစ်သည်။

ပြိုင်ပွဲမှ စောစီးစွာထွက်ခွာခဲ့ရသည့်အတွက်ကြောင့် ပြိုင်ပွဲတွင် ရလဒ်ကောင်းနေသည့်ကမ္ဘာ့အဆင့်(၂) တင်းနစ်မယ် စဝီယာတက်ခ်က ကမ္ဘာ့အဆင့်(၁)နေရာကိုတက်ရောက်ခွင့်ရရှိရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့ပြီဖြစ်သည်။

ဆာဘာလင်ကာတို့ ပွဲစဉ်က အကြိတ်အနယ် ရှိခဲ့သည့်အတွက် ပွဲကစားချိန်မှာ နှစ်နာရီခွဲခန့်ထိ ကြာမြင့်ခဲ့သည်။

ဆာဘာလင်ကာသည် ပထမပွဲငယ်တွင် အနိုင်ရရှိကာ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

အလက်ဇန်းဒါးဒရိုဗာက“ဆာဘာလင်ကာနဲ့ ထိပ်တိုက်တွေ့ဆုံခဲ့တာဟာ လွယ်ကူတဲ့ကိစ္စတော့မဟုတ်ဘူး။ လက်ရှိကမ္ဘာ့အကောင်းဆုံးကစားသမား တစ်ယောက်ဖြစ်သလို ပြိုင်ဘက်တိုင်းအတွက်လဲ ခက်ခဲတဲ့ ပြိုင်ဘက်ကောင်း တစ်ယောက်ပါ။ အမြင့်ဆုံးစွမ်းဆောင်နိုင်မှ အနိုင်ရလိမ့်မယ်ဆိုတာကို သိထားတဲ့အတွက်လဲ အမှားနည်းအောင်အာရုံစိုက်ခဲ့တယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ဒေါ့မွန်အသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၀ဂိုးနှင့်အထက် သွင်းယူနိုင်သည့် တတိယမြောက်ကစားသမားအဖြစ် ဂီရယ်ဆီမှတ်တမ်းဝင်

**ဘာလင် ဖေဖော်ဝါရီ ၁၂**




ဒေါ့မွန်အသင်း တိုက်စစ်ကစားသမား ဂီရယ်ဆီသည် အသင်း သမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၀ဂိုးနှင့်အထက် သွင်းယူနိုင်ခဲ့သည့်တတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ Play-off ပထမအကျော့ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဒေါ့မွန်အသင်းက စပို့တင်းလစ္စဘွန်းအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဂီရယ်ဆီသည် ပွဲချိန် မိနစ်၆၀တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် အသင်းနှင့်အတူ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၀ဂိုးပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက စတုဂတ်အသင်းမှ ဒေါ့မွန် အသင်းသို့ပြောင်းရွှေ့ကစားခဲ့သည့် ဂီရယ်ဆီသည် ရာသီအစပိုင်းက ဒဏ်ရာပြဿနာများကြောင့် ရုန်းကန်ခဲ့ရသော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းနှင့်အတူ ၁၀ဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီချန်ပီယံလိဂ်ပြိုင်ပွဲ၏ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင်လည်း ဘာစီလိုနာအသင်းမှ လီဝမ်ဒေါ့စကီးထက် တစ်ဂိုးအသာဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက် ရှိနေကြောင်း သိရသည်။

ဒေါ့မွန်အသင်း သမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၀ဂိုးနှင့်အထက်သွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ်လီဝမ်ဒေါ့စကီးက မှတ်တမ်းဝင်ထားပြီး ဒုတိယမြောက်ကစားသမားအဖြစ် ဟာလန်းကမှတ်တမ်းဝင်ခဲ့ကာ ဂီရယ်ဆီက တတိယမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : One Football

Trs : STA

# ဆွစ်ဇာလန်ကလပ် ဇူးရစ်အသင်းက မန်ဒီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူ

**ဇူးရစ် ဖေဖော်ဝါရီ ၁၂**

ဆွစ်ဇာလန်ထိပ်တန်းကလပ် ဇူးရစ်အသင်းက မန်စီးတီးအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ခံစစ်ကစားသမားမန်ဒီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

မန်ဒီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် မိုနာကိုအသင်း၌ ၂၀၁၆ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိကစားခဲ့ရာ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

မန်ဒီသည် မန်စီးတီးအသင်းတွင် အစောပိုင်းနှစ်များက အဓိကကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ပြီး အသင်းနှင့်ငါးရာသီထိ ပါဝင်ကစားခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၂ခုနှစ်က တရားရုံးတွင် အမှုရင်ဆိုင်ခဲ့ရပြီး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့်အတွက် ကာလရှည်ဘောလုံးလောကနှင့် ဝေးကွာခဲ့ရသည်။

မန်ဒီသည် ဘောလုံးလောကနှင့်တစ်နှစ်ကျော်ကြာထိ ဝေးကွာခဲ့ရပြီးနောက် အမှုမှပြန်လည်ကင်းလွတ်ခွင့် ရရှိခဲ့သော်လည်း မန်စီးတီးအသင်းက စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့သည့်အတွက် ပြီးခဲ့သည့် ဘောလုံးရာသီက ပြင်သစ်ကလပ် လိုရီယန့်အသင်းတွင် တစ်ရာသီသွားရောက်ကစားခဲ့သည်။

ထို့နောက် မန်ဒီသည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က လိုရီယန့်အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ဇူးရစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရာသီကုန်ထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA



# မန်ယူအသင်းနှင့်ပွဲတွင် ဒဏ်ရာရကစားသမားငါးဦးထိပြန်လည်ပါဝင်နိုင်မည်ဟု စပါးအသင်းပြောကြား

**လန်ဒန် ဖေဖော်ဝါရီ ၁၂**

စပါးအသင်းသည် ဒဏ်ရာရကစားသမား မြင့်တက်လာမှုကြောင့် ရလဒ်ပိုင်းဆိုးရွားနေသော်လည်း ဖေဖော်ဝါရီ ၁၆ ရက်တွင် ကစားရမည့် မန်ယူအသင်းနှင့်ပွဲစဉ်တွင် အဓိကကစားသမားငါးဦးထိ ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိစပါးအသင်း၏ ဒဏ်ရာရကစားသမားစာရင်းတွင် တိုက်စစ်မှူး ဂွါန်ဆင်၊ ဆိုလန်ကီ၊ တီမိုဝါနာ၊ အိုဒိုဘက်၊ ခံစစ်ပိုင်းမှ ရိုမီရို၊ အူဒိုဂျီ၊ ဗီကာရီအို၊ ဗန်ဒီဗန်၊ ဒရာဂူဆင်နှင့် ကွင်းလယ်ကစားသမား မက်ဒီဆင်တို့ ဒဏ်ရာရရှိနေသော်လည်း ပြီးခဲ့သည့်ရက်ပိုင်းက လေ့ကျင့်ရေးအစီအစဉ်တွင် ဗီကာရီအို၊ အူဒိုဂျီ၊ မက်ဒီဆင်၊ ဂွါန်ဆင်နှင့်တီမိုဝါနာတို့ငါးဦးသည် အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့သောကြောင့် လာမည့်မန်ယူအသင်းနှင့် ပွဲစဉ်ကို ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဗီကာရီအိုသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် ပွဲစဉ်တွင် ခြေဖဝါးဒဏ်ရာကြောင့် လည်းကောင်း၊ မက်ဒီဆင်နှင့် ဂွါန်ဆင်တို့မှာ ဇန်နဝါရီလက ကစားခဲ့သည့် လက်စတာအသင်းနှင့် ပွဲစဉ်တွင် ခြေသလုံးကြွက်သား ဒဏ်ရာကြောင့်လည်းကောင်း၊ တီမိုဝါနာမှာပေါင်ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်များစွာစောင့်ကြည့်ခဲ့ရသော်လည်း ယခုအခါလေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်နိုင်ခဲ့ကြောင်း စပါးအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

စပါးအသင်းသည် ဒဏ်ရာရကစားသမားများပြားလာမှုကြောင့် ရက်သတ္တပတ်အတွင်း ကစားခဲ့သည့် ကွာရာဘောင်းဖလားဆီမီးဖိုင်နယ်အဆင့်ဒုတိယအကျော့တွင် လီဗာပူးအသင်းကို လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း အေဗီလာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ဖလားပြိုင်ပွဲများမှ ထွက်ခွာခဲ့ရပြီး အမှတ်ပေးပြိုင်ပွဲတွင်လည်း ၂၄ ပွဲအပြီး၌ ရမှတ် ၂၇ မှတ်သာ ရရှိခဲ့သောကြောင့် ဥရောပပြိုင်ပွဲ ဝင်ခွင့်ရရှိရန် အခွင့်အရေး နည်းပါးနေကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# စင်ကာပူနိုင်ငံ၏ အကြွင်းမဲ့ကာကွယ်ရေး မဟာဗျူဟာ

နေရှား(သုတေသန)

အကြွင်းမဲ့ကာကွယ်ရေးဟူသော ဝေါဟာရသည် ၁၉ ရာစုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည်။ စင်ကာပူနိုင်ငံကဲ့သို့သော သေးငယ်ပြီး သယံဇာတမရှိသည့် နိုင်ငံသည် ကာကွယ်ရေးစွမ်းအားခိုင်မာစေရန် စစ်မှုမထမ်းမနေရဥပဒေပြဋ္ဌာန်းသကဲ့သို့ လုံခြုံရေးအတွက်လည်း အကြွင်းမဲ့ကာကွယ်ရေးမဟာဗျူဟာ (Total Defence Strategy)ကို ပြဋ္ဌာန်းထားသည်။ ဤမဟာဗျူဟာကို စင်ကာပူနိုင်ငံသည် ၁၉၈၄ ခုနှစ်တွင် စတင်ခဲ့သည်။ ဤမဟာဗျူဟာသည် ကျယ်ပြန့်သော အမျိုးသားလုံခြုံရေးထိ အခြားနိုင်ငံများက လိုက်ပါလုပ်ဆောင်စေရန် စံတစ်ခုအဖြစ်လည်း လုပ်ဆောင်သည်။

**မိမိကိုယ်ကိုအားကိုးမှုနှင့် နိုင်ငံ၏ဝိသေသ**

စင်ကာပူနိုင်ငံ၏ ကာကွယ်ရေးမဟာဗျူဟာသည် မသေချာမရေရာသောကမ္ဘာတွင် အချုပ်အခြာအာဏာ ဆက်လက်တည်ရှိရန် နိုင်ငံ၏ ဝိသေသလက္ခဏာနှင့် နီးကပ်စွာဆက်စပ်နေသည်။ စင်ကာပူနိုင်ငံ၏ ကာကွယ်ရေးမူဝါဒသည် မိမိကိုယ်မိမိမှီခိုအားထားမှုကို အလေးပေးထားပြီး ၎င်း၏လုံခြုံရေးအတွက် မည်သည့်နိုင်ငံအပေါ်ကိုမျှ လွန်ကဲစွာမှီခိုနေခြင်းမရှိကြောင်း အာမခံထားသည်။ ခိုင်မာသော ကာကွယ်ရေးမိတ်ဖက်များကို တန်ဖိုးထားသော်လည်း စင်ကာပူနိုင်ငံသည် စစ်လက်နက်ပစ္စည်းများနှင့် ကာကွယ်ရေးအခြေခံအဆောက်အအုံများ နှစ်ခုစလုံးတွင် ၎င်း၏ကိုယ်ပိုင်စွမ်းရည်များဖြင့် ဖွံ့ဖြိုးတိုးတက်ရန် အစဉ်တစိုက်ကြိုးပမ်းခဲ့သည်။ မိမိကိုယ်မိမိအားကိုးခြင်း၏ သဘောတရားသည် အမျိုးသားရေးစိတ်ဓာတ်တွင်လည်း ရောင်ပြန်ဟပ်လျက်ရှိပြီး ခံနိုင်ရည်ရှိမှုနှင့် မျိုးချစ်စိတ်ဓာတ်သည် အများသူငါ အသိဉာဏ်ကို လွှမ်းခြုံထားသည့် ယဉ်ကျေးမှုတစ်ရပ်လည်းဖြစ်သည်။ စင်ကာပူနိုင်ငံ၏ ကာကွယ်ရေးမဟာဗျူဟာသည် စစ်မှုထမ်းခြင်းသာမက အရပ်ဘက်နှင့် စီးပွားရေး၊ ကာကွယ်ရေး၊ အစီအမံများကိုပါ ပံ့ပိုးပေးခြင်းဖြင့် နိုင်ငံလုံခြုံရေးအတွက် နိုင်ငံသားတိုင်း ပါဝင်ကူညီရန် တိုက်တွန်းထားသည်။

အလုံးစုံကာကွယ်ရေးပုံစံ (Total Defense Model) သည် သမားရိုးကျ ပြင်ပခြိမ်းခြောက်မှုများကိုသာမက သမားရိုးကျမဟုတ်သော ပြည်တွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုလည်း တုံ့ပြန်မှုများကို လုပ်ဆောင်ပေးသည်။ တစ်ချိန်တည်း၌ပင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်မှုများနှင့် သဘာဝဘေးအန္တရာယ်များ ကယ်ဆယ်ရေးကိုတိုးမြှင့်စေသည်။ အလုံးစုံကာကွယ်ရေးပုံစံတွင် မဏ္ဍိုင်ခြောက်ခုဖြင့် အဓိကပံ့ပိုးထားသည်။

**စစ်ရေးမဏ္ဍိုင်**


စစ်ဘက်ကာကွယ်ရေးမဏ္ဍိုင်သည် စင်ကာပူနိုင်ငံ၏ သမားရိုးကျ လုံခြုံရေးအစိတ်အပိုင်းကို ကိုယ်စားပြုသည်။ အစဉ်အလာအားဖြင့် စစ်ဘက်ကာကွယ်ရေးသည် နိုင်ငံတော်လုံခြုံရေးနှင့် ညီမျှပြီး အမှန်တကယ်တွင် စင်ကာပူနိုင်ငံသည် ခြိမ်းခြောက်မှုများကို ဟန့်တားနိုင်စွမ်းရှိစေရန်အတွက် ကြီးမားသော ရင်းနှီးမြုပ်နှံမှုကို ပြုလုပ်ထားသည်။ စင်ကာပူနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနသည် ကျွန်းနိုင်ငံ၏ ကန့်သတ်နယ်မြေအကျယ်အဝန်း၊ စစ်ရေးအရွယ်အစားနှင့် စစ်ဆင်ရေးပမာဏတို့ကို ထင်ဟပ်စေသည့် မဟာဗျူဟာမူဝါဒများကို အကောင်အထည်ဖော်ခြင်းဖြင့် စင်ကာပူနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ဆင့်ကဲဖြစ်စဉ် သဘောသဘာဝကို ပုံဖော်ထားသည်။ ထို့ကြောင့် တပ်မတော်အရွယ်အစားသေးငယ်မှုကို ကာမိစေရန်နှင့် နိုင်ငံ၏ "ပုဇွန်ဖြူကောင်-လင်းပိုင်" (Shrimp-Porcupine-Dolphin) ဟန့်တားရေးမဟာဗျူဟာကိုပံ့ပိုးရန် နည်းပညာဆပွားမှုများကို အလေးပေးထားသည်။ ကာကွယ်ရေးဝန်ကြီးဌာန၏ ရှေ့တန်းကာကွယ်ရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုများအတွက် စဉ်ဆက်မပြတ် တွန်းအားပေးမှုသည် စင်ကာပူနိုင်ငံ၏ စစ်ဘက်-စက်မှုလုပ်ငန်းစွမ်းရည်ကို ပိုမိုမြင့်မားသည့် နည်းပညာအဆင့်သို့ ရောက်ရှိစေရန် တွန်းအားပေးထားသည်။

**စီးပွားရေးမဏ္ဍိုင်**

စင်ကာပူနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်နိုင်မှုသည် ၎င်း၏ စီးပွားရေးကောင်းမွန်မှုနှင့် တက်ကြွမှုအပေါ်တွင် တည်မှီနေသည်။ ခံနိုင်ရည်ရှိမှုနှင့် ပတ်သက်၍ ကြွယ်ဝချမ်းသာမှု အဆင့်မြင့်မားစွာရရှိရန်အတွက် လိုအပ်သောခေဥစ္စာများကို ဖန်တီးထိန်းသိမ်းနိုင်စေရန် စီးပွားရေးမဏ္ဍိုင်သည် အရေးကြီးသည်။ သို့သော်လည်း စင်ကာပူနိုင်ငံသည် ကျွန်းနိုင်ငံငယ်ဖြစ်ပြီး ဖူလုံမှုမရှိသောကြောင့် ကမ္ဘာ့စီးပွားရေးတွင် လုံးလုံးလျားလျားချိတ်ဆက်ရန်မှတစ်ပါး ရွေးချယ်စရာမရှိပေ။ မလေးရှားနိုင်ငံသည် စင်ကာပူနိုင်ငံ၏ အရေးပါသောရေပေးဝေမှုကို ဖြတ်တောက်ရန် အကြိမ်ကြိမ်ခြိမ်းခြောက်လျက်ရှိသောကြောင့် ရေအရင်းအမြစ်ရှားပါးလာမှုသည် ပို၍ပင် စိုးရိမ်စရာဖြစ်ခဲ့သည်။ ထို့ကြောင့် ရေရရှိရေးသည် စီးပွားရေးလုံခြုံမှု၏ အခြေခံအစိတ်အပိုင်းတစ်ခုဖြစ်လာပြီး နိုင်ငံတော်လုံခြုံရေးအတွက်လည်း အရေးပါလာသည်။ တက်ကြွသော စီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် လူမှုပေါင်းစည်းညီညွတ်မှု၊ ခံနိုင်ရည်ရှိမှုနှင့် ကာကွယ်ရေးဂေဟာစနစ်၏ ချောမွေ့သောလုပ်ဆောင်မှုကို အောင်မြင်စေရန်အတွက် အထောက်အကူဖြစ်စေသည်။

**မြို့ပြမဏ္ဍိုင်**

ပြည်သူ့ကာကွယ်ရေးသည် နိုင်ငံတွင်း အကျပ်အတည်းများကို ဖြေရှင်းရာတွင် အထူးသဖြင့် ဘေးကင်းရေးနှင့် အခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးခြင်းဖြင့် လူဦးရေပုံမှန်အခြေအနေသို့ လျင်မြန်စွာ ပြန်လည်ရောက်ရှိစေရန် စင်ကာပူနိုင်ငံရဲတပ်ဖွဲ့နှင့် အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့များ၏ ရှေ့တန်းလုပ်ဆောင်မှုများကို လွှမ်းခြုံထားသောအသုံးအနှုန်းဖြစ်သည်။ အရပ်သားကာကွယ်ရေးဝန်ကြီးသည် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ရွှေ့ပြောင်းရေးလုပ်ထုံးလုပ်နည်းများ၊ အမိုးအကာစီမံခန့်ခွဲမှု၊ ရှေးဦးသူနာပြုစုမှု၊ ပျက်စီးမှုထိန်းချုပ်ရေးနှင့် သွေး၊ ရေနှင့် စားနပ်ရိက္ခာအရင်းအမြစ်များ စီမံခန့်ခွဲရေးတို့တွင် အရပ်သားပြည်သူများကို ပံ့ပိုးကူညီရန် သင်တန်းများပို့ချပေးလျက်ရှိသည်။ တစ်ဖက်တွင်လည်း နိုင်ငံတော်အကျပ်အတည်းကာလတွင် ယုံကြည်မှုနှင့် ခံနိုင်ရည်ရှိစေရန် လေ့ကျင့်ပေးခြင်းများ၊ သွေးလှူဒါန်းမှုများနှင့် ကျယ်ပြန့်သောဆေးဘက်ဆိုင်ရာ စေတနာ့ဝန်ထမ်းလုပ်ငန်းများအပါအဝင် နိုင်ငံ့သားကောင်းများပါဝင်သည့် လှုပ်ရှားမှုများမှတစ်ဆင့် ပြည်သူ့ကာကွယ်ရေးအတွက် ပံ့ပိုးကူညီရန် လူထုကို တိုက်တွန်းထားသည်။ အရပ်ဘက်ဦးဆောင်သောအကြံပေးကောင်စီတွင် လူထုသိရှိနားလည်မှုတည်ဆောက်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ရွာခေါင်းဆောင်များက ပေးအပ်သောမီဒီယာဗျူဟာကို ရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကာကွယ်ရေးနှင့် ဆက်စပ်သော ရပ်ရွာဆက်ဆံရေးဆိုင်ရာ ကောင်စီတစ်ရပ်ရှိသည်။ အရပ်ဘက်ခေါင်းဆောင်မှုသည် စုပေါင်းကာကွယ်ရေးမဟာဗျူဟာကို မြှင့်တင်ရာတွင်သာမက ဒေသန္တရနှင့် ရပ်ရွာလူထုပိုင်ဆိုင်မှုကို မြှင့်တင်ရာတွင်လည်း အရေးကြီးသော အချက်ဖြစ်သည်။




**လူမှုရေးမဏ္ဍိုင်**

စင်ကာပူနိုင်ငံ၏ များပြားလှသော၊ မတူကွဲပြားသော လူမျိုးစုများနှင့် ဘာသာပေါင်းစုံအသိုက်အဝန်းများသည် အထူးသဖြင့် လူမှုရေး "ဖယ်ကြဉ်ခြင်း" ကို ဆိုးဆိုးရွားရွားကျန်ရစ်စေပါက အမျိုးသားစည်းလုံးညီညွတ်မှုကို အနှောင့်အယှက်ဖြစ်စေရန်အတွက် တွန်းအားပေးသောနေရာတစ်ခုဖြစ်သည်။ ထို့ကြောင့် လူမှုကာကွယ်ရေး၏ ရည်ရွယ်ချက်မှာ စင်ကာပူနိုင်ငံရှိ မတူညီသောလူမျိုးစုအသိုက်အဝန်းများကြား လူမှုရေးစည်းလုံးညီညွတ်မှု၊ သဟဇာတဖြစ်မှုနှင့် သည်းခံမှုတို့ကို ထိန်းသိမ်းရန်ဖြစ်ပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနှင့် တည်ငြိမ်ရေးတို့ကို ပံ့ပိုးကူညီရန်ဖြစ်သည်။ အစိုးရက လူမှုကာကွယ်ရေးကို ထူးခြားသော လူမျိုးနှင့် ယဉ်ကျေးမှုများကြား ကွဲပြားမှုများကို နားလည်သဘောပေါက်ရန် ကြိုးပမ်းမှုဖြစ်ပြီး လူ့အဖွဲ့အစည်း၏အစိတ်အပိုင်းအားလုံးကို တူညီသောအလံအောက်တွင် စည်းလုံးညီညွတ်စေရန် ကြိုးပမ်းလျက်ရှိသည်။

**စိတ်ဓာတ်မဏ္ဍိုင်**

စိတ်ပိုင်းဆိုင်ရာကာကွယ်ရေး၏ အဓိကရည်ရွယ်ချက်သည် လွတ်လပ်ရေးကို ကာကွယ်ရန်အတွက် စင်ကာပူနိုင်ငံသားများကြား စုပေါင်းဆန္ဒနှင့် ကတိကဝတ်များဖန်တီးရန်ဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာမဏ္ဍိုင်သည် မမျှော်လင့်ထားသောအကျပ်အတည်းများကို ရင်ဆိုင်ရချိန်တွင် စင်ကာပူနိုင်ငံသားများ ကြံ့ကြံ့ခံနိုင်ရည်ရှိစေရန် လိုအပ်မှုအပေါ် အလေးပေးဆောင်ရွက်ထားသည်။ စင်ကာပူနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ong Ye Kung က စိတ်ပိုင်းဆိုင်ရာကာကွယ်ရေးသည် ငြိမ်းချမ်းရေးကာလကာကွယ်ရေး၏ အရေးကြီးဆုံးသောမဏ္ဍိုင်အဖြစ် ဖော်ပြထားပြီး ပြည်သူများအချင်းချင်း ယုံကြည်မှုအားကောင်းစေကာ လူမှုအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများအပေါ်ယုံကြည်မှုရှိစေသည်။ ထို့ကြောင့် သဘောထားကွဲလွဲမှုများဖြစ်ပေါ်စေသည့် မကျေနပ်မှုများကို ရင်ဆိုင်ရာတွင် ခံနိုင်ရည်ရှိစေကြောင်း ပြောကြားခဲ့သည်။ လူထုသဘောထားနှင့် အမျိုးသားအကျိုးစီးပွားကို လွှမ်းမိုးသည့် သတင်းတုများအမြန်ပျံ့နှံ့မှုကို နှိမ်နင်းရန် စိတ်ပိုင်းဆိုင်ရာကာကွယ်ရေး လိုအပ်ကြောင်း ၎င်းက အခိုင်အမာပြောကြားထားသည်။ အစိုးရသည် ဖြားယောင်းတိုက်ခိုက်မှုများနှင့် အင်တာနက်လိမ်လည်မှုများ၊ တာဝန်သိဆိုရှယ်မီဒီယာအသုံးပြုမှု၊ ကိုယ်ရေးကိုယ်တာအချက်အလက်နှင့် စနစ်များကို ကာကွယ်ရန်အတွက် ခိုင်ခံ့သောဆိုက်ဘာလုံခြုံရေးအလေ့အကျင့်များနှင့် ထိရောက်သောတန်ပြန်အစီအစဉ်များကိုတစိုက်မတ်မတ်လုပ်ဆောင်ပေးသည်။

**ဆိုက်ဘာ(ဒစ်ဂျစ်တယ်)မဏ္ဍိုင်**

စင်ကာပူနိုင်ငံ၏ ဆဋ္ဌမမြောက် ကာကွယ်ရေးမဏ္ဍိုင်သည် ဒစ်ဂျစ်တယ်ကာကွယ်ရေးဖြစ်ပြီး ၎င်းက သတင်းတုသတင်းမှားများနှင့် ဆိုက်ဘာတိုက်ခိုက်မှုများအပါအဝင် လူထု၏ အမှန်တရားလွန်(post-truth)စောင့်ကြည့်မှုများကို ဖြေရှင်းပေးသည်။ စင်ကာပူနိုင်ငံသည် စီးပွားရေးနယ်ပယ်ရှိ သတင်းများနှင့်ပတ်သက်၍ ကြီးမားသည့် ရင်းနှီးမြုပ်နှံမှုများပြုလုပ်ထားသည်။ သို့သော်လည်း အကြွင်းမဲ့ကာကွယ်ရေးအတွက် အသုံးချရာတွင် အားနည်းချက်များရှိနေသည်။ ၎င်းတွင် နိုင်ငံရေးအတိုက်အခံအင်အားစုများက လူမှုမီဒီယာများကို အသုံးပြု၍ စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိုးနှက်သည့် ဆိုက်ဘာတိုက်ခိုက်မှု၊ သတင်းတု၊သတင်းမှားများကို ဖြန့်ဝေခြင်းဖြင့် လူထုအား တိုက်ခိုက်မှုကဲ့သို့သော ဖြစ်စဉ်များပါဝင်သည်။ စီးပွားရေးဆိုင်ရာ ဆိုက်ဘာသူလျှိုလုပ်မှုဖြင့်လည်း စီးပွားရေးဆိုင်ရာ ကာကွယ်မှုသည် ထိခိုက်ခံရနိုင်သည်။ ထို့ကြောင့် ဆိုက်ဘာကာကွယ်မှုအတွက် အရပ်ဘက်ဝန်ထမ်းအားလုံးကို ဆိုက်ဘာလုံခြုံရေးလေ့ကျင့်ပေးမှုဖြင့် လုပ်ဆောင်ပေးလျက်ရှိပြီး နိုင်ငံပိုင်အခြေခံအဆောက်အအုံများကို ဆိုက်ဘာလုံခြုံရေးအားပုံမှန်စစ်ဆေးလျက်ရှိသည်။ ထို့ပြင် စင်ကာပူနိုင်ငံ၏ ဆိုက်ဘာလုံခြုံရေးအေဂျင်စီ (Cyber Security Agency-CSA)ကိုလည်း ၂၀၂၁ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။

အချုပ်ဆိုရလျှင် စင်ကာပူနိုင်ငံတပ်မတော်သည် လွတ်လပ်ရေးရပြီး မကြာမီ ၁၉၇၁ ခုနှစ်များကငါးနိုင်ငံကာကွယ်ရေးအစီအစဉ်ဖြင့် နိုင်ငံ၏ ကာကွယ်ရေးအစီအစဉ်ကို ထိန်းညှိဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် ၎င်းအစီအစဉ်အရ ထားရှိသည့် တပ်ဖွဲ့များရုတ်သိမ်းပြီးနောက်တွင် ပြည်တွင်းကာကွယ်ရေးခိုင်မာအားကောင်းစေရန် ဆောင်ရွက်လာခဲ့သည်။ ဘက်စုံကာကွယ်ရေးတွင် မဏ္ဍိုင်ခြောက်ခုထိ တိုးမြှင့်သတ်မှတ်လာခဲ့ပြီး ၎င်းတို့ကို ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်ရေးကို အလေးပေးလုပ်ဆောင်ခဲ့သည်။ စင်ကာပူနိုင်ငံ ကာကွယ်ရေးမူဝါဒ၏ အဓိကမဏ္ဍိုင်နှစ်ခုဖြစ်သည့် သံတမန်ရေးနှင့် ဟန့်တားရေးမဟာဗျူဟာကို ဘက်စုံကာကွယ်ရေးအစီအစဉ်ဖြင့် အကောင်အထည်ဖော်မှုသည် စင်ကာပူနိုင်ငံ၏ ကာကွယ်ရေးအစီအစဉ်ကို ခိုင်မာအားကောင်းစေသည်။ သို့ဖြစ်၍ ၎င်းအစီအစဉ်များဖြင့် နိုင်ငံ၏နယ်မြေကျဉ်းမြောင်းမှု၊ လူဦးရေနည်းပါးမှု၊ သယံဇာတမရှိမှုတို့ကို အကာအကွယ်ဖြစ်စေပြီး ဒေသတွင်းနိုင်ငံများကပါ အထင်ကြီးဖွယ် ကာကွယ်ရေးစွမ်းအားတည်ဆောက်ရေးအစီအစဉ်များ လုပ်ဆောင်ထားခြင်းဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- Singapore' Total Defence Strategy by Ron Matthew & Fitriani BintangTimur, Routledge Taylar & Francis Group, March, 2023.

# မေတ္တာမိုး ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်ဖြစ်




ရန်ကုန် ဖေဖော်ဝါရီ ၁၂

မေတ္တာမိုး ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီ ၁၆ ရက်တွင် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်မည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားမှ သရုပ်ဆောင် အောင်ရဲလင်းက ပြောပြ၍ သိရသည်။

မေတ္တာမိုး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ကိုလွင်(စန္ဒီဂိုက်)က ရေးသားပြီး စန္ဒီဂိုက် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ မောင်မောင်ဦး (စန္ဒီဂိုက်)က တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"၂၀၁၈ ခုနှစ် မတ်လတုန်းက ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ မေတ္တာဘဲ့ ဒရာမာဇာတ်လမ်းလေးပါ။ အခြေအနေခြင်းမတူညီတဲ့ လူနှစ်ယောက် ပေါင်းစည်းကြတဲ့အခါ ဖိနှိပ်မှုတွေကိုခံရသူက သည်းခံခြင်းတွေနဲ့ပဲ ရှေ့ခရီးဆက်ကြမယ်ဆိုရင် သူတို့နှစ်ယောက် ရေရှည်လက်တွဲနိုင်မလား၊ ဒါမှမဟုတ် ခံစားရသမျှတွေကို ဖွင့်ထုတ်ပြီး ပေါက်ကွဲပစ်လိုက်တဲ့အခါမှာရော ထူထောင်ထားတဲ့အိမ်ထောင်ရေးက ရှေ့ဆက်ဖို့ဖြစ်နိုင်ပါအုံးမလား ဆိုတာကိုတော့ မေတ္တာမိုး ဇာတ်ကားမှာမြင်ရမှာပါ။ မကြည့်လိုက်ရသေးလို့ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ CANAL+ ZAT LENN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု အဆိုပါရုပ်ရှင်ဇာတ်ကားမှ သရုပ်ဆောင် အောင်ရဲလင်းက ပြောပြသည်။

မေတ္တာမိုး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် အောင်ရဲလင်း၊ ဟိန်းဇေ၊ ဦးထွန်း၊ မေသဇင်အောင်၊ မာယုသာ၊ မိုခမ်း၊ ယမင်းကျော်၊ အင်ကြင်း၊ ဒေါ်အိအိစိုးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# တေးသံရှင် အိမ့်ချစ်၏ Night Solo Live Show တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ Apex Sky Bar တွင် ပြုလုပ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

တေးသံရှင် အိမ့်ချစ်၏ Night Solo Live Show တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ Apex Sky Bar ၌ ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် အိမ့်ချစ်က ပြောပြ၍ သိရသည်။

တေးသံရှင် အိမ့်ချစ်၏ သီဆိုဖျော်ဖြေမှုများကို Apex Sky Music Band က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ပြီး သီဆိုဖျော်ဖြေမှုအစီအစဉ်ကို ဖေဖော်ဝါရီ ၁၄ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီ၁၄ရက်ညမှာတော့ မန္တလေးက Apex Sky Bar မှာ အိမ့်ချစ်ရဲ့ Night Solo Live Show လေးရှိပါတယ်။ မန္တလေးက ပရိသတ်ကြီးကို စောင့်ကြိုနေမှာပဲ ဖြစ်ပါတယ်"ဟု တေးသံရှင် အိမ့်ချစ်က ပြောပြသည်။




တေးသံရှင် အိမ့်ချစ် လတ်တလော ဂီတလှုပ်ရှားမှုအနေဖြင့် Eint Chit (Live at FG studio) အမည်ရှိ တေးသီချင်း အယ်လ်ဘမ်တွင် ဂီတသက်တမ်း အနှစ် ၂၀ အတွင်း အောင်မြင်ခဲ့သည့် အိမ့်ချစ်၏ တေးသီချင်းများကို စုစည်းကာ ပြန်လည်သီဆိုထားခြင်း ဖြစ်ပြီး တေးရေး မင်းချစ်သူ၊ နောင်နောင်(SF)၊ ရီမို၊ ရဲလေး၊ သားကြီး၊ ကမ္ဘာအားတိ၊ ဘန်နီဖြိုး၊ အိမ့်ချစ် တို့ရေးသားထားသည့် တေးသီချင်းစုစုပေါင်း ၁၀ ပုဒ် ပါဝင်ထားကြောင်း သိရသည်။

ASH

# ဗိုလ်တထောင်မြို့နယ် Artistic Space Art Gallery ၌ ချစ်ခဲ့သမျှ အမည်ရှိ ပန်းချီပြပွဲကို ပြသမည်ဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် Artistic Space Art Gallery ၌ ချစ်ခဲ့သမျှ အမည်ရှိ ပန်းချီပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်ထိ ပြသမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်သည့် ပန်းချီ ဝဏ္ဏက ပြောပြ၍ သိရသည်။

ချစ်ခဲ့သမျှ အမည်ရှိ ပန်းချီပြပွဲတွင် တစ်ခေတ်တစ်ခါက ထင်ရှားသည့် ပန်းချီဆရာများနှင့် မျက်မှောက်ကာလမှ ထင်ရှားသည့် ပန်းချီဆရာများ ပါဝင်ရေးဆွဲထားသည့်လက်ရာစုံ၊ အရောင်အသွေးစုံ၊ အကြောင်းအရာစုံ ပန်းချီကားများကို ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Artistic Space Art Gallery ရဲ့ အကောင်းဆုံးလက်ရာတွေကို စုစည်းပြသတဲ့ ပန်းချီပြပွဲလေးဖြစ်ပါတယ်။ တစ်ခေတ်တစ်ခါက ထင်ရှားတဲ့ ပန်းချီ ဆရာ ဦးဘလုံလေး၊ ဦးအုန်းလွင်၊ မောင်ငွေထွေး၊ ဦးစိန်၊ ဦးကျော်၊ ဦးလွန်းတင်တို့လို ပန်းချီဆရာကြီးတွေရဲ့ ရှားပါး လက်ရာ၊ ပန်းချီကား ကောင်းလေးတွေကို ခင်းကျင်းပြသမဲ့ပြပွဲလဲ ဖြစ်ပါတယ်။ ပြပွဲမှာပြသမဲ့ အချို့သော ပန်းချီဆရာတွေရဲ့လက်ရာတွေကို အပြင်မှာတွေ့မြင်ရဖို့ သိပ်မလွယ်တော့ပါဘူး။ ပျက်စီးပျောက်ဆုံးကုန်တာရယ်၊ ပိုင်ဆိုင်သူတွေက တန်ဖိုးထား သိမ်းဆည်းထားတာရယ်ကြောင့် မြင်တွေ့ရခက်ခဲတဲ့ ပန်းချီကားတချို့ကို ဒီပြပွဲမှာ လေ့လာကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ ပန်းချီ မုတ်သုန်ကိုစု၊ ဘငွေးကြည်တို့လို ဒီဘက်မျက်မှောက်ကာလမှာ ထင်ရှားတဲ့ ပန်းချီဆရာတွေရဲ့ ပန်းချီလက်ရာတွေကိုလဲ တစ်စုတစ်စည်းထဲ မြင်ရမှာပါ" ဟု အဆိုပါပန်းချီပြပွဲတွင် ပါဝင်သည့် ပန်းချီ ဝဏ္ဏက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် စာရွက်ပေါ်တွင်ရေးဆွဲထားသည့် medium များကိုလည်း ပြသသွားမည်ဖြစ်ပြီး Water Colour, Poster Colour, Ink, Pencil ,Pastel, Sketch, illustration and painting အစရှိသော ပန်းချီအမျိုးအစားမျိုးစုံပါဝင်မည်ဖြစ်ကာ ဈေးနှုန်းအနေဖြင့်လည်း ငွေကျပ် သိန်း ၃၀ ခန့်တန်ဖိုးရှိ ပန်းချီကားများ ပါဝင်ကြောင်း သိရသည်။ ASH

# Netflix ၏ Animals ဇာတ်ကား၌ ကယ်ရီဝါရှင်တန်နှင့် စတီဗင်ယွန်တို့ ပါဝင်လာ

နယူးယောက် ဖေဖော်ဝါရီ ၁၂

Netflix ကုမ္ပဏီ၏ Animals ဇာတ်ကားတွင် မင်းသမီး ကယ်ရီဝါရှင်တန်နှင့် မင်းသား စတီဗင်ယွန်တို့ ပါဝင်လာကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

Animals ဇာတ်ကားတွင် မင်းသမီး ကယ်ရီဝါရှင်တန်နှင့် မင်းသား စတီဗင်ယွန်တို့သည် မင်းသား ဘင်အက်ဖလက်၊ မင်းသမီး ဂျီလီယံအန်ဒါဆန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ပြန်ပေးဆွဲမှုနောက်ခံလျှို့ဝှက်သည်းဖိုဇာတ်ကားဖြစ်သည့် Animals ဇာတ်ကားကို မင်းသား ဘင်အက်ဖလက်ကိုယ်တိုင် တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Animals ဇာတ်ကားသည် သားဖြစ်သူ ပြန်ပေးဆွဲခံထားရသော မြို့တော်ဝန်လောင်းတစ်ဦးနှင့် ဇနီးဖြစ်သူတို့၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ယခုနှစ် ဧပြီလအတွင်း လော့စ်အိန်ဂျလိစ်မြို့တော်၌ စတင်ရိုက်ကူးရန် Netflix ကုမ္ပဏီက စီစဉ်ထားသည်။

Animals ဇာတ်ကားရုံတင်ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# Merrily We Roll Along ဇာတ်ကား၌ မင်းသမီး ဟန်နာခရု ပါဝင်သရုပ်ဆောင်မည်

နယူးယောက် ဖေဖော်ဝါရီ ၁၂

Merrily We Roll Along အမည်ရှိ ဂီတရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသမီး ဟန်နာခရု ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၁ ရက် သတင်းများအရ သိရသည်။

Merrily We Roll Along ဇာတ်ကားတွင် မင်းသမီး ဟန်နာခရုသည် မင်းသား ပေါ်မာစကာဘယ်၊ ဘင်ဖလက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါဇာတ်ကားသည် ၁၉၈၁ ခုနှစ်တွင် နာမည်ကျော်ကြားခဲ့သော ဘရော့ဝေးပြဇာတ်ဖြစ်သည့် Merrily We Roll Along ကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

မင်းသမီး ဟန်နာခရုသည် The Time Traveler's Wife ဇာတ်ကားဖြင့် ထင်ရှားသော မင်းသမီးဖြစ်ပြီး Merrily We Roll Along ဇာတ်ကားကို ဒါရိုက်တာ ရစ်ချက်လင့်ကလေတာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကာ လက်ရှိတွင် Merrily We Roll Along ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing, wife Daw Kyu Kyu Hla host dinner to mark the 78th Anniversary of Union Day


Senior General Min Aung Hlaing greets traditional cultural troupes.

**Nay Pyi Taw February 12**

Chairman of the State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing and wife Daw Kyu Kyu Hla hosted the dinner to mark the 78th Anniversary of Union Day 2025 at the square in front of the City Hall in Nay Pyi Taw this evening.

On arrival at the square in front of the City Hall at 6 pm, the Senior General and wife were welcomed by SAC Vice-Chairman Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win and wife Daw Than Than Nwe, Union ministers and their wives, Nay Pyi Taw Council Chairman U Than Tun Oo and wife.

The Senior General and wife, the Vice-Senior General and wife cordially greeted attendee cultural troupes from regions and states, chairmen and representatives of political parties, leaders and representatives of NCA signatory ethnic armed organizations, economic affairs and ethnic affairs ministers of regions and states, MSME entrepreneurs from regions and states, senior military officers from the Office of the Commander-in-Chief and their wives, union ministers, union level officials and their wives, SAC members and their wives, the SAC joint secretary and wife and the SAC secretary and wife.

The Senior General and wife together with attendees enjoyed the launching of fireworks to honour the 78th Anniversary of Union Day 2025.

Following that, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla attended the honorary dinner together with the guests and shared the meal.


Senior General Min Aung Hlaing and wife Daw Kyu Kyu Hla present a basket of flowers to ethnic cultural troupes.


Dinner being hosted to mark the 78th Anniversary of Union Day.

Before and during the dinner, singers from the modern Myanmar music band performed melodious songs to entertain the attendees.

After the honorary dinner, the Prime Minister and his wife, along with the distinguished guests, watched cultural performances presented by artists from the Department of Fine Arts of the Ministry of Religious Affairs and Culture, and traditional cultural troupes at the open-air theater of the City Hall. These performances included traditional dances from various ethnic groups.

During the performances, artists from the Department of Fine Arts of the Ministry of Religious Affairs and Culture presented a musical drama titled "The Messenger of Peace." Additionally, traditional dance troupes from the Kachin, Kayah, Kayin, Chin, the Bamar from Sagaing Region, Mon, Rakhine, and Shan ethnic groups performed traditional songs and dances. The artists and cultural troupes also presented a traditional dance called "The Land of the Union's Ethnic People."

After the performances, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla honored the ethnic cultural troupes that performed at the 78th Union Day celebration in 2025 with floral tributes and warmly greeted them.

The honorary dinner was attended by the SAC Secretary and his wife, the Joint Secretary and his wife, members of the Council and their spouses, members of the Central Advisory Board of the State Administration Council, retired senior military officers, Union Ministers, Union-level officials and their spouses, the Chairman of the Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief and their wives, advisors to the Chairman of the State Administration Council, the Commander of the Nay Pyi Taw Command, Deputy Ministers, region and state economic ministers and ethnic affairs ministers, leaders and representatives of ethnic armed organizations that have signed the Nationwide Ceasefire Agreement (NCA), chairpersons and representatives of political parties, departmental officials, MSME entrepreneurs from regions and states, ethnic cultural troupes from regions and states, and other invited guests. 100

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win attends ceremony to hoist and salute the state flag to honour the 78th Anniversary Union Day





Vice-Senior General Soe Win reads out the Union Day message sent by SAC Chairman Prime Minister Senior General Min Aung Hlaing.

**Nay Pyi Taw February 12**

A ceremony to hoist and salute the state flag to honour the 78th Anniversary Union Day (2025) was held at the square in front of the city hall in Nay Pyi Taw this morning. Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Thiri Pyanchi Maha Thray Sithu Soe Win attended the ceremony and read out the message sent by Chairman of State Administration Council Prime Minister Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

The 78th Anniversary Union Day was held with the five objectives -- To strive for the perpetual development of the Union through the Union spirit, patriotic values, a sublime state of mind and a genuine nationalist spirit; To encourage collaborative efforts among all ethnic nationals to pursue dialogue for durable peace and to end armed conflicts; To collectively advance cooperation amongst all national people, the government, and Tatmadaw to ensure stability, peace and the rule of law; To enhance collaborative efforts to ensure nationwide stability and tranquillity, enabling the successful conduct of multiparty democratic general elections; and To promote equitable development across all regions and states, as well as enhance health, education and job opportunities for ethnic nationals.



The ceremony to hoist and salute the state flag to honour the 78th Anniversary Union Day in progress.

The State Flag hoisting ceremony was held at 5.30am. The flag-hoisting troop hoisted the flag of the Republic of the Union of Myanmar together with ethnic people.

Departmental personnel, social organization members, national races, and invited guests, who would attend the ceremony and salute the State Flag, began their march to the venue at 5am and took positions.

At 7am, Tatmadaw (Army, Navy and Air) Guard of Honour took position at the venue.

The Vice-Senior General took the position on the dais and salute of the Guard of Honour.

The Vice-Senior General and attendees saluted the State flag while the Guard of Honour played the national anthem. He read the message sent by the Senior General to the 78th Anniversary of Union Day. The ceremony then concluded.

Also present at the ceremony were union ministers, union auditor-general, the chair of Union Civil Service Board, the Nay Pyi Taw Council chair, the governor of Central Bank of Myanmar, the Anti-Corruption Commission chair, the Myanmar National Human Rights Commission chair, senior military officers, judges of the Supreme Court of the Union, members of Constitutional Tribunal of Myanmar, Union election Commission members, deputy ministers, Anti-Corruption Commission members, Myanmar National Human Rights Commission members, Nay Pyi Taw Council members, heads of department, ministry staff, ethnic cultural dance troupes, ethnic representatives, and invited guests.

100

# Israel threatens to end ceasefire if hostages not released

**Jerusalem February 12**

Israeli Prime Minister Benjamin Netanyahu said Tuesday that the ceasefire with Hamas would end "if Hamas does not return our hostages by noon on Saturday."

"The IDF (Israel Defense Forces) will resume intense fighting until Hamas is decisively defeated," Netanyahu said in a video statement, noting the move was unanimously approved by his Cabinet ministers during a four-hour meeting earlier in the day.

Netanyahu's remarks came a day after Hamas announced that the handover of hostages scheduled for Saturday would be postponed until further notice.

Following Netanyahu's statement, Hamas said it remained committed to the ceasefire deal as long as Israel abides by it. Israel "bears full responsibility for any complications or delays," the group said in a statement.

Hamas' decision to delay this weekend's scheduled release prompted U.S. President Donald Trump to propose that Israel cancel the agreement altogether and "let hell break out" unless "all of the hostages" were returned by Saturday.

Israel's entire cabinet "welcomed President Trump's demand," said Netanyahu.

UN Secretary-General Antonio Guterres called early Tuesday to "avoid at all costs the resumption of hostilities in Gaza that would lead to an immense tragedy." Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်စစ်သည်များက ယူကရိန်းပဋိပက္ခမှ ဒရုန်းစစ်ဆင်ရေးသင်ခန်းစာများကို လက်တွေ့လေ့ကျင့်လျက်ရှိ



အမေရိကန် စစ်သည်များသည် ယူကရိန်းပဋိပက္ခမှ ဒရုန်းစစ်ဆင်ရေး သင်ခန်းစာများကို ဂျာမနီနိုင်ငံ ဘာဗေးရီးယားပြည်နယ် တောအုပ်တစ်ခုတွင် လက်တွေ့လေ့ကျင့်လျက်ရှိကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခင်ကထက် ဈေးသက်သာပြီး ပိုမိုပေါများလာသောဒရုန်းများသည် ခေတ်သစ်စစ်ပွဲ၏မျက်နှာစာ အထူးသဖြင့် ယူကရိန်းပဋိပက္ခမှ ဒရုန်းစစ်ဆင်ရေးတွင် တိုးတက်ပြောင်းလဲမှု အသွင်သစ်များဖြင့် ဖော်ကျူးလျက်ရှိနေကြသည်။ ရုရှားနှင့် ယူကရိန်းတို့တွင် တိုက်ခိုက်ရေးဒရုန်းများအပြင် ထောက်လှမ်းရေးအတွက် ဒရုန်းများကို ဖောဖောသီသီအသုံးပြုစစ်ဆင်လျက်ရှိသည့်အတွက် နှစ်ဖက်တိုက်ခိုက်ရေးသမားများအတွက် ပုန်းအောင်းစစ်ဆင်ရန် ခက်ခဲစေလျက်ရှိသည်။

"ဒါဟာ ပွင့်လင်းမြင်သာတဲ့စစ်မြေပြင်ပါ။ အဲဒါကြောင့် ယူကရိန်းက တပ်တွေကတုတ်ကျင်းတွေထဲမှာ နက်နက်ရှိုင်းရှိုင်း ဒါမှမဟုတ် တစိုက်မတ်မတ်တောတိုးပြီး ပုန်းလျှိုးကွယ်လျှိုး လှုပ်ရှားနေတာကို တွေ့ရပါတယ်"ဟု ဂျာမနီနိုင်ငံ ဘာဗေးရီးယားပြည်နယ် Hohenfels မြို့ရှိ အခြေစိုက်စစ်စခန်းတွင် လေ့ကျင့်သင်တန်းပေးနေသည့် ဗိုလ်မှူးချုပ် Steve Carpenter က ပြောကြားခဲ့သည်။

ယူကရိန်းပဋိပက္ခမှ ဒရုန်းစစ်ဆင်ရေးတွင် တွေ့မြင်နေရသည့် ရလဒ်များနှင့် ဒရုန်းစစ်ဆင်ရေး ဖြစ်ထွန်းလာမှုကြောင့် အမေရိကန်ကြည်းတပ်သည် အလိုက်သင့်ပြောင်းလဲ ကျင့်သုံးနေပြီဖြစ်ကြောင်း၊ တပ်ဖွဲ့ငယ်များ အရေအတွက်နည်းနိုင်သမျှနည်းအောင် ဖွဲ့စည်းတာဝန်ပေးအပ်၍ လှုပ်ရှားစစ်ကစားနိုင်မှုမြင့်မားကောင်းမွန်စေရမည်ဖြစ်ကြောင်း၊ သို့မှသာ တစ်ဖက်ရန်သူက ထောက်လှမ်းတွေ့ရှိ၍ တန်ပြန်ချေမှုန်းနိုင်ရန် ခက်ခဲစေလိမ့်မည်ဖြစ်ကြောင်း ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Randy George က ပြောကြားခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုအတွင်း အမေရိကန်တပ်မတော်၊ ကြည်းတပ်၊ အမှတ် (၃) တပ်မဟာ၊ အမှတ်(၁၀) တောင်တက်တပ်မ၊ တိုက်ခိုက်ရေးဌာနချုပ်များမှ တပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး တပ်တည်နေရာကို ပြောင်းလဲ၍ လေ့ကျင့်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ တစ်ချိန်တည်းတွင် အီရတ်နှင့် အာဖဂန်နစ္စတန်ရှိ စစ်ဆင်ရေးဌာနချုပ်များတွင် အင်အား ၁၀၀ ထက်မနည်းရှိနေနိုင်သည့် အနေအထားမှ စစ်ဆင်ရေးတစ်ကြိမ်တွင် အင်အား ၂၀ ထက်မပိုဘဲ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အာရုံစိုက် လေ့ကျင့်ခဲ့ကြခြင်းလည်းဖြစ်သည်။ ယူကရိန်းပဋိပက္ခမှ ဒရုန်းစစ်ဆင်ရေးသင်ခန်းစာ ဖော်ထုတ်ချက်များမှ အရေးကြီးဆုံးမှာ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် စစ်ရေးလှုပ်ရှားမှုအဟုန်(တိုက်စစ်အဟုန်)ကို လိုက်လျောညီထွေဖြစ်စွာပြောင်းလဲတတ်ရန် လိုအပ်သည်ဟု George က ပြောကြားခဲ့သည်။

ယူကရိန်းတွင် နည်းပညာအသစ်များ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာသဖြင့် အမေရိကန်ကြည်းတပ်သည်လည်း ဝယ်ယူရေးလုပ်ငန်းစဉ်များကို အရှိန်မြှင့်တင်လုပ်ဆောင်ရန် အလျင်စလိုဖြစ်နေသည်။ သယ်ယူပို့ဆောင်ရေးထရပ်ကားအသစ်များကို အမေရိကန်ကြည်းတပ်က General Motors ကုမ္ပဏီထံမှ အရပ်ဘက်သုံးယာဉ်များကို ပြန်လည်ပြုပြင်မွမ်းမံပေးရန်တောင်းဆိုပြီးနောက် သုံးလအကြာတွင် စမ်းသပ်မှုများပြုလုပ်ခဲ့ကြောင်း ဗိုလ်ချုပ်ကြီး Randy George ၏ သိပ္ပံနှင့် နည်းပညာအကြံပေး Alex Miller က သုံးသပ်ပြောကြားခဲ့သည်။

သို့သော် ဒရုန်းများကို အရေအတွက်ပေါပေါများများတီထွင်ထုတ်လုပ်နေခြင်းသည် အမေရိကန်အတွက် ပို၍စိန်ခေါ်မှုဖြစ်နိုင်ကြောင်း၊ ရုရှားနှင့် ယူကရိန်းတပ်ဖွဲ့များသည် ဈေးပေါပြီး ဈေးကွက်တွင် အလွယ်တကူဝယ်ယူရရှိနေသည့် တရုတ်နိုင်ငံထုတ်ဒရုန်းများကို များသောအားဖြင့် ပေါပေါများများအသုံးပြုနေကြောင်း သိရသည်။

**US Army Takes Ukraine Drone Warfare Notes in Bavaria** ကို ဘာသာပြန်ဆိုထားပါသည်။

## ပြင်သစ်က Hellfire ဒုံးကျည်နေရာတွင် အစားထိုးအသုံးပြုမည့် ဝေဟင်မှမြေပြင်ပစ်ဒုံးကျည်ကို စမ်းသပ်ပစ်ခတ်မှုပြုလုပ်ခဲ့

ပြင်သစ်နိုင်ငံ ကာကွယ်ရေးပစ္စည်းဝယ်ယူရေးအေဂျင်စီသည် Hellfire ဒုံးကျည်နေရာတွင် အစားထိုးအသုံးပြုမည့် MAST-F သို့မဟုတ် AKERON LP ဝေဟင်မှမြေပြင်ပစ်ဒုံးကျည်ကို ပထမဆုံးတာဝေးပစ် စမ်းသပ်ပစ်ခတ်မှုပြုလုပ်ခဲ့သည်ဟု The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စမ်းသပ်မှုအတွင်း ပုံမှန်လမ်းကြောင်းအတိုင်း ဒုံးကျည်၏ ပျံသန်းလုပ်ဆောင်မှုနှင့် ဒုံးပြွန်မှ ဘေးကင်းစွာခွဲထုတ်ပစ်လွှတ်နိုင်မှုတို့အပေါ် အကဲဖြတ်ဆန်းစစ်ချက်များပြုလုပ်ခဲ့ကြောင်း သိရသည်။ စမ်းသပ်မှုရလဒ်ဆိုင်ရာ ဒေတာစုဆောင်းမှုအတွက် တယ်လီမီတာစနစ်အပါအဝင် ဒုံးကျည်ရှေ့ပြေးပုံစံတစ်ခုကို နိုင်ငံတောင်ပိုင်းရှိ ပြင်သစ်တိုက်ရိုက်ပစ်ခတ်မှု စက်ပစ်ကွင်းရှိ ကရိန်းပေါ်တွင် တပ်ဆင်ထားသည့် ဒုံးပစ်လောင်ချာမှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစမ်းသပ်မှုသည် ဒုံးကျည်၏ လေခွင်းအားနှင့် လမ်းညွှန်ထိန်းကျောင်းမှုအပြင် အားမြှင့်ကိရိယာ၏ ပင့်တင်အားနှင့် ပင်မတွန်းကန်အားစနစ်တို့ ပေါင်းစည်းလုပ်ဆောင်မှုများအပေါ် အတည်ပြုချက်ရယူစေနိုင်ခဲ့သည်။ အားမြှင့်ကိရိယာသည် ပင်မတွန်းကန်အားစနစ်၏ မြေပြင်မှ အကွာအဝေး ရှစ်ကီလိုမီတာအတွင်း ပျံသန်းနိုင်ရန်အတွက် စွမ်းအင်ပံ့ပိုးပေးနေစဉ် ဒုံးကျည်ကို ကနဦးအလျင်နှုန်းဖြင့် တွန်းတင်ပေးနိုင်မည်ဖြစ်သည်။ ဒုံးကျည်ပျံသန်းလုပ်ဆောင်မှု လမ်းကြောင်းတစ်လျှောက်တွင် ကိုယ်ထည်ရှိ တောင်ပံနှင့် ဆူးတောင်အထုတ်၊ အသွင်းစနစ်များအားလုံး ဘေးကင်းအဆင်ပြေစွာလုပ်ဆောင်နိုင်မှုအပေါ် အတည်ပြုချက်ပေးနိုင်ခဲ့သည်။ ပြင်သစ်နိုင်ငံ MBDA ကုမ္ပဏီသည် MAST-F ပရိုဂရမ်၏ အဓိကကန်ထရိုက်တာဖြစ်ပြီး နိုင်ငံ၏ ကာကွယ်ရေးပစ္စည်း ဝယ်ယူရေးအေဂျင်စီနှင့် စစ်လက်နက်ပစ္စည်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့သည် လက်အောက်ခံ ကန်ထရိုက်တာများအဖြစ် ပူးပေါင်းအကောင်အထည်ဖော်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါဒုံးကျည်ကို ပြင်သစ်ကြည်းတပ်၏ Tiger Mk III ရဟတ်ယာဉ်များတွင် တပ်ဆင်အသုံးပြုသွားမည်ဖြစ်ရာ ၂၀၂၈ ခုနှစ်တွင် စတင်လွှဲပြောင်းပေးအပ်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။



MAST-F ဒုံးကျည်သည် အမေရိကန်ထုတ် AGM-114 Hellfire ကဲ့သို့သော တတိယနှင့် စတုတ္ထမျိုးဆက် ဝေဟင်မှမြေပြင်ပစ် လက်နက်များနေရာတွင် အစားထိုးအသုံးပြုရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။ AGM-114 Hellfire ဒုံးကျည်ထက် သာလွန်စေရန် ကြိုးပမ်းအားထုတ်ထားသည်။ ၎င်း၏ အဓိကသာလွန်ကောင်းမွန်သော အင်္ဂါရပ်များသည် ၎င်း၏အကွာအဝေးနှင့် တိကျမှုပင်ဖြစ်သည်။ MAST-F ဒုံးကျည်သည် ပန်ကာတပ်ရဟတ်ယာဉ်များမှ ရှစ်ကီလိုမီတာ၊ မောင်းသူမဲ့လေယာဉ်များမှ ကီလိုမီတာ ၂၀ အတွင်းပစ်မှတ်များကို ထိရောက်စွာတိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။ တိကျစွာလမ်းညွှန်ထိန်းကျောင်းနိုင်မှုအတွက် ဒုံးကျည်တွင် ကြည်လင်ပြတ်သားမှုမြင့်မားကောင်းမွန်သော ပုံရိပ်ဖော်စနစ်၊ ဒေတာလင့်ခ်များနှင့် လမ်းညွှန်ထိန်းကျောင်းရေးအယ်လ်ဂိုရစ်သမ်များ ရေးဆွဲထည့်သွင်းအသုံးပြုထားသည်။

အဆိုပါဒုံးကျည်သည် တိုက်ပွဲဝင်ပစ်ခတ်မှုနည်းလမ်းများစွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ပစ်ပြီးမေ့ပစ်လိုက်နိုင်သော၊ အော်ပရေတာထိန်းကျောင်းလုပ်ဆောင်မှုဖြင့် တိုက်ပွဲဝင်နိုင်သော၊ မပစ်မီပစ်မှတ်ကို ထိန်းချုပ်ခြေရာခံခြင်းနှင့် မြင်ကွင်းလွန်ပစ်မှတ်များကို ပစ်ခတ်ပြီးနောက် ပစ်မှတ်ကိုထိန်းချုပ်ခြေရာခံခြင်း စသည့်နည်းလမ်းများဖြင့် တိုက်ပွဲဝင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ၎င်းသည် မတူကွဲပြားသော စစ်မြေပြင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် တင့်ဖျက်စစ်ဆင်ရေး၊ အခြေခံအဆောက်အအုံတိုက်ခိုက်ဖျက်ဆီးရေး၊ တပ်ဖွဲ့ဝင်များချေမှုန်းရေး စသည့်စစ်ဆင်ရေးများအတွက် ဘက်စုံသုံးထိပ်ဖူးများ အသုံးပြုနိုင်ကြောင်း သိရသည်။

**France Test-Fires Hellfire Missile Replacement** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဓနိချပ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဓနိချပ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ဇာဇာက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ဓနိချပ်ရေ ၄၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဓနိချပ်ရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသသည် ဓနိထွက်သည့်ဒေသဖြစ်ပြီး ထွက်ရှိလာသည့် ဓနိချပ်များကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ ဓနိစိုက်ပျိုးရေးလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလထဲမှာ ရန်ကုန်ဈေးကွက်က ဓနိဝယ်ယူအားကောင်းခဲ့ပါတယ်။ ဝယ်ယူအားကောင်းခဲ့တဲ့အတွက် ဒေသခံဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်တွေ၊ ဓနိထိုးလုပ်သားတွေ အလုပ်အကိုင် အခွင့်အလမ်းတွေ အဆင်ပြေလာပါတယ်" ဟု ငပုတောမြို့နယ် ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဓနိချပ်များ ဝယ်ယူအားကောင်းခဲ့ခြင်းကြောင့် ဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဓနိထိုးလုပ်သားများ၊ ဓနိပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံ နေကြာ ၁၂၈၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကောလင်း ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံ နေကြာ ၁၂၈၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၃၁၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၁၁၂၂၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၀၂၄ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၆၀၆ ဧက စုစုပေါင်း ၁၂၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

" ဆောင်းသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ နေကြာဧက ၁၃၁၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၂၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပကနေ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။



ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၁၁၁၈ ဧက၊ ဝန်းသိုမြို့နယ်တွင် ဧက ၁၁၆၀ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၈၂၂ ဧက စုစုပေါင်း ဧက ၁၃၁၀၀ ဖြစ်ကြောင်း သိရသည်။

နေကြာသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် နေကြာသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းလှမြို့နယ် လဲပင်းကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဖေဖော်ဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လဲပင်းကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက လဲပင်းကျင်းကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၆၀ ဒသမ ၃၇ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လဲပင်းကျင်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၃၁ ဒသမ ၁၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၈၀ ကို ငွေကျပ် ၂၇ ဒသမ ၂၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၉၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၆၀ ဒသမ ၃၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးထံမှ သိရသည်။

**ကိုညို**




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၂-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၄၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့သည် ည ၆ နာရီတွင် ဂုဏ်ပြုညစာစားပွဲ အခမ်း အနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ရောက်ရှိကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီး များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီးတို့က ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့်ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့တက် ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေး မှုအဖွဲ့များ၊နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ NCA စာချုပ်လက်မှတ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

ရေးထိုးထားသည့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ နှင့်ဇနီးများ၊ကောင်စီတွဲဖက်အတွင်းရေးမှူး နှင့်ဇနီး၊ အတွင်းရေးမှူးနှင့် ဇနီးတို့ကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး တို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုမှုကို ကြည့်ရှုအားပေး ကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး



၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မြို့တော်ခန်းမလဟာပြင်ဇာတ်ရုံ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “ငြိမ်းချမ်းတမန် ဖိတ်ခေါ်သံ” ဂုဏ်ပြုတေးဂီတကဇာတ်ဖြင့်လည်းကောင်း၊ ကချင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကယားတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ကရင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ချင်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးဗမာတိုင်းရင်းသားရိုးရာအကအဖွဲ့၊ မွန်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရခိုင်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့တို့က တိုင်းရင်းသားရိုးရာတေးသီချင်းများဖြင့်လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက “ပြည်ထောင်စုတိုင်းရင်းသားတို့မြေ” ယိမ်းအကဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှုများ အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေး အဖွဲ့ဝင်များ၊ အငြိမ်းစား တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)လက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့်ကိုယ်စားလှယ်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက် လာကြသူများ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင် ကြစဉ်။

☆ ကျောဖုံးမှအဆက်

စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည် ဖော်ရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံ သားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေးဟူသည့် အမျိုးသားရေးဦးတည်ချက် ငါးရပ်ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ဦးစွာ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းက ပြည်ထောင်စုနေ့အခမ်း





အလံတင်တပ်ဖွဲ့က တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်တင်စဉ်။

ဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်း နံနက် ၅ နာရီခွဲတွင် ကျင်းပရာ တိုင်းရင်းသား၊တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက်နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့များ၊တိုင်းရင်းသား၊တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှ စတင်၍ အခမ်းအနားကျင်းပမည့်မြို့တော်ခန်းမဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ အနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားသူကြီးများ၊ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ဌာနဆိုင်ရာအကြီးအကဲများ၊ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား၊တိုင်းရင်းသူကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မဝလ)

# တက္ကသိုလ်များနယ်မြေ(ရေဆင်း)၏ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာပဒေသာကပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

တက္ကသိုလ်များနယ်မြေ (ရေဆင်း)၏ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာပဒေသာကပွဲနှင့် ဈေးရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တက္ကသိုလ်များနယ်မြေ(ရေဆင်း)ရှိ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ကျင်းပသည်။

ဈေးရောင်းပွဲတော်သို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တက္ကသိုလ်များနယ်မြေ (ရေဆင်း)မှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများက ဈေးရောင်းပွဲတော်ရှိ တက္ကသိုလ်များမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီများ၏ တိုင်းရင်းသားရိုးရာအစားအစာများရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းရင်းသားရိုးရာပဒေသာကပွဲကို သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ဆက်လက်ကျင်းပရာ ပါမောက္ခချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးများက ကျောင်းသား၊ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာအကများဖြင့် တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက တိုင်းရင်းသားရိုးရာပဒေသာအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး တက်ရောက်လာသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာပဒေသာကပွဲနှင့် ဈေးရောင်းပွဲတော်သို့ တက္ကသိုလ်များနယ်မြေ (ရေဆင်း)ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ယနေ့တွင် ကျရောက်သည့် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသအသီးသီးတို့၌ စည်ကားသိုက်မြိုက်စွာကျင်းပကြရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုခြင်းများ ဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို သက်ဆိုင်ရာတာဝန်ရှိသူများက အသီးသီးဖတ်ကြားကြသည်။

ထို့နောက် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ ဌာနဆိုင်ရာ အသိပညာပေးပြခန်းများနှင့် ပုဂ္ဂလိကပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့ပြင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး တက်ရောက်လာသူများအား တိုင်းရင်းသားရိုးရာ အစားအစာ စတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

ညပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ဒေသတို့၌ ရောင်စုံမီးပန်းအလှများနှင့် ပျော်ပွဲရွှင်ပွဲများအသီးသီး ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ထူးခြားသည့် ညအပူချိန်များ

(၁၂-၂-၂၀၂၅)

| | | | | |
|---|---|---|---|---|
| နမ့်စန် | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်း | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

# နိုင်ငံကအလေးထား ရာနှုန်းပြည့်MSMEထုတ်ကုန်သစ်များ

ထက်ဝေအောင်(စစ်ကိုင်း)

ကမ္ဘာ့နိုင်ငံအသီးသီးသည် စီးပွားရေးအားပြိုင်မှုအကောင်းဆုံးဖြင့် အနာဂတ်လူ့ဘောင်လောကတစ်ခုကို ပီပြင်စွာထုဆစ်လျက်ရှိကြသည်။ နိုင်ငံအလိုက် စီးပွားရေးမူဝါဒအသီးသီးကျင့်သုံးလျက် လူသားများအတွက် ခေတ်ကတောင်းဆိုလာသည့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး လုံ့လပြုကြိုးပမ်းဆောင်ရွက်လာကြသည်။ ချိန်ဆတွက်ချက်လျက် အပြိုင်အဆိုင်ကြိုးပမ်းဆောင်ရွက်ရာတွင် ဝယ်လိုအား၊ ရောင်းလိုအားသည် ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍအတွက် ထင်သာမြင်သာသည့် အညွှန်းကိန်းတစ်ခုဖြစ်သည်။ ပြည်တွင်းသုံးစွဲမှု၊ ပြည်ပတင်ပို့မှုဟူ၍ အခန်းကဏ္ဍများခွဲခြား၍ လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်အစရှိသော ကဏ္ဍအလိုက် ဂျီဒီပီတိုးတက်ရေးဆောင်ရွက်ချက်များသည် နိုင်ငံ့စီးပွားရေးမောင်းနှင်အားကို အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သည်။ GDP(Gross Domestic Product)အညွှန်းကိန်းသည် တစ်နှစ်တာကာလအတွင်း ပြည်တွင်း၌ထုတ်လုပ်သည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ စုစုပေါင်းငွေကြေးတန်ဖိုး၊ တိုင်းပြည်၏စီးပွားရေးအတက်အကျကို ညွှန်ပြနေခြင်းလည်းဖြစ်ပါသည်။

ပြည်တွင်း၌ထုတ်လုပ်သည့်ကုန်ပစ္စည်းများသုံးစွဲအားပေးခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲခြင်းကို တားဆီးနိုင်သည်။ပြည်ပသွင်းကုန်အစားပြည်ပပို့ကုန်အသွင်ပြောင်းလဲ၍ နိုင်ငံ၏စီးပွားရေးအဆင့်အတန်းမြှင့်တင်သွားရပေမည်။ နိုင်ငံခြားဝင်ငွေစီးဆင်းမှုအားကောင်းခြင်းမှတစ်ဆင့် နိုင်ငံအတွက် လိုအပ်သည့်ကဏ္ဍအသီးသီးကို ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။စီးပွားရေးလုပ်ငန်းအများစုလိုအပ်သည့်အခြေခံအရင်းအနှီးမှာလျှပ်စစ်ကဏ္ဍဖြစ်သည်။ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးသည်နှင့်အခြားသော စီးပွားရေးလုပ်ငန်းများကောင်းမွန်စွာ လည်ပတ်မောင်းနှင်နိုင်စွမ်းရှိပေသည်။ ရေမီးအစုံစုံပြည့်စုံလျှင် ရေမြေပေါ်အခြေပြုတည်ဆောက်သွားနိုင်မည့် စီးပွားရေးအဆောက်အအုံများစွာပေါ်ထွက်လာနိုင်ပေသည်။

စွန့်ဦးတီထွင်လုပ်ငန်းများ၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးကူညီခြင်းဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများစွာကို ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစုများစွာမှသည် စီးပွားရေးတွန်းအားတစ်ရပ်ဖြစ်လာပြီး ကျယ်ပြန့်သောစီးပွားရေးအင်အားစုကြီးများဖြစ်လာသည်ထိ တိုးတက်ပြောင်းလဲလာနိုင်ပေသည်။ အောင်မြင်သော စီးပွားရေးလုပ်ငန်းတစ်ရပ်တည်ဆောက်ရာတွင် စီးပွားရေးဆိုင်ရာလိုအပ်သော နည်းစနစ်နှင့် အသုံးဝင်သောနည်းလမ်းများကို ကောင်းစွာအသုံးချရမည်ဖြစ်သည်။ လုပ်ငန်းတစ်ခုချင်းစီတွင် စိတ်ကူးသစ်များစွာပါရှိသည်။ မြန်မာနိုင်ငံ၏စီးပွားရေးလုပ်ငန်းများစွာကို လေ့လာဆန်းစစ်ကြည့်ပါက အငယ်စားစီးပွားရေးလုပ်ငန်းများကို ဗဟိုပြုသည်ကို တွေ့ရှိရသည်။ မြို့ရွာများတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်း၊မွေးမြူခြင်းလုပ်ငန်းများဆောင်ရွက်ကြသကဲ့သို့ တစ်နိုင်တစ်ပိုင်ကုန်ထုတ်လုပ်ငန်းများစွာကိုလည်း လုပ်ကိုင်ဆောင်ရွက်ကြသည်။ ဈေးကွက်ဝင် ရောင်းအားကောင်းသည့် ပြင်ဦးလွင်က ဝိုင်၊ စတော်ဘယ်ရီ၊ နာနတ်ယိုနှင့် မလိုင်မုန့်များ၊ ပုဂံညောင်ဦးက ပုံးရည်ကြီးနှင့် ဆီးယို၊ ကျောက်ပန်းတောင်း အာလူးကြော်အစရှိသည့် ဒေသထွက်စားစရာများသည် လူတိုင်းပါးစပ်ဖျားတွင် ရေပန်းစားလှသည်။

လုပ်ငန်းရပ်အသီးသီးသည် စားသုံးသူများ၏လိုအပ်ချက်၊သုံးစွဲသူများ၏အသုံးပြုမှုအပေါ်ရပ်တည်ကြသည်။ အပြန်အလှန်အားဖြင့် ဆက်သွယ်မှုရှိသဖြင့် ဈေးကွက်၏တောင်းဆိုမှုအလိုက် ဖြည့်စွမ်းနိုင်သည့်အစီအမံများ ချမှတ်ရန်လိုသည်။ စားသုံးသူသည် စဉ်ဆက်မပြတ်တည်ရှိနေမည့်ဖြစ်တည်မှုဖြစ်သည်။ စီးပွားရေးကိုဗဟိုပြုလုပ်ဆောင်သူများသည် စားသုံးသူတိုင်းအတွက် လိုအပ်သည့်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အရည်အသွေးနှင့်ဈေးနှုန်းသည် ဆက်စပ်မှုရှိသည်။ အရည်အသွေးနိမ့်သောပစ္စည်းများကို လူတိုင်းနှစ်သက်လေ့မရှိကြပေ။ သုံးစွဲသူနှစ်သက်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အသုံးပြုမှုဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများသည် ကုန်စည်စီးဆင်းမှုအတွက် သိမ်မွေ့သောဖြစ်စဉ်များဖြစ်သည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် မျက်မှောက်ကာလနှင့် အနာဂတ်လိုအပ်ချက်ကိုတွက်ဆ၍ ဈေးကွက်အပေါ်သုတေသနပြုခြင်း၊ ဆန်းစစ်ခြင်းများပြုလုပ်ကြရလေ့ရှိသည်။ တိုးတက်ပြောင်းလဲလျက်ရှိသည့် ခေတ်နှင့်အပြိုင်အရည်အသွေးမြင့်ထုတ်ကုန်များထုတ်လုပ်ခြင်း၊ တီထွင်ဆန်းသစ်သည့် ထုပ်ပိုးမှုပုံစံပြုပြင်ခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို ထိထိမိမိအသုံးချရန်လိုအပ်ပေသည်။ အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသော ဒေသတွင်းထွက်ရှိသည့်ကုန်ကြမ်းများ လုံလောက်စွာထွက်ရှိအောင် ဆောင်ရွက်ပြီး ကုန်ချောထုတ်လုပ်မှုအပိုင်းတွင်လည်း လူအများကြိုက်နှစ်သက်သည့် အရည်အသွေးပြည့်မီသောကုန်ပစ္စည်းများထုတ်လုပ်၍ ပြည်ပနိုင်ငံများအထိ ဈေးကွက်ထိုးဖောက်ရမည်ဖြစ်သည်။

နိုင်ငံ၏ဒေသအသီးသီးသည် မြန်မာ့ရိုးရာဒေသထွက်ကုန်စည်အမျိုးမျိုးထွက်ရှိပေသည်။ အဆိုပါဒေသထွက်ကုန်ပစ္စည်းများတွင် လိုအပ်သည့်ကုန်ကြမ်းများရှာဖွေခြင်း၊ကုန်ချောထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များတွင် ဝယ်လိုအား၊ ရောင်းလိုအားကို အခြေပြုဆောင်ရွက်ကြလေ့ရှိသည်။ စားသုံးသူနှစ်ခြိုက်သည့် ကုန်ပစ္စည်းသည် နာမည်ရထင်ရှားသည်။ နာမည်ရှိသည့် အမှတ်တံဆိပ်နောက်တွင်လည်း ပုံစံတူအတုအပသတိပြုစရာအခြေအနေများ ပေါ်ပေါက်လေ့ရှိသည်။ ကုန်အမှတ်တံဆိပ်တစ်ခုသည် သက်မဲ့တစ်ခုဖြစ်သော်လည်း ကုန်ပစ္စည်းတီထွင်ထုတ်လုပ်မှုကို ကိုယ်စားပြုသည်။ အရည်အသွေးညံ့လျှင်ကုန်အမှတ်တံဆိပ်ကို ထိခိုက်နိုင်ပြီး စားသုံးသူများအကြားဝယ်လိုအားကျဆင်းသွားစေနိုင်သည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် ဈေးကွက်အတွင်း ရေရှည်ရပ်တည်နေနိုင်သည့် စွမ်းဆောင်ချက်ရှိရန်လိုအပ်ပြီး လုပ်ငန်းအပေါ်စီမံခန့်ခွဲနိုင်စွမ်းအားကိုပြသရန်ဖြစ်ပါသည်။

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအလေးထားဆောင်ရွက်ရာတွင် ကုန်ကြမ်း၊ နည်းပညာ၊သွင်းအားစုများနှင့် ရင်းနှီးစိုက်ထုတ်ငွေလိုအပ်မှုအစရှိသည့်လုပ်ငန်းတစ်ခု၏ အားသာချက်နှင့်လုပ်ငန်းလည်ပတ်မှုအခြေအနေ၊ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲများကို ထည့်သွင်းစဉ်းစားရလေ့ရှိသည်။ ထို့အတူ ဈေးကွက်အပေါ်နားလည်ခြင်း၊ စီးပွားရေးဝန်းကျင်ကို လေ့လာသုံးသပ်ခြင်းဖြင့် ဝယ်လိုအားနှင့်ရောင်းလိုအားကို အကဲခတ်နိုင်ရမည်ဖြစ်သည်။ ဈေးကွက်အခြေအနေသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများသိရှိရမည့်စနစ်တစ်ခုဖြစ်သည်။ ဈေးကွက်အတွင်းရှိကုန်စည်၊ ဝန်ဆောင်မှု၊ ဈေးနှုန်းပမာဏတို့သည် လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သူများအတွက် ရင်ဆိုင်ကြရမည့်ယှဉ်ပြိုင်မှုအသွင်အပြင်ဖြစ်သည်။ အသေးစားနှင့်အလတ်စားစီးပွားရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ ၆၅ ရာခိုင်နှုန်းခန့်သည် စားသောက်ကုန်ထုတ်လုပ်သောလုပ်ငန်းများဖြစ်ပြီး လူသုံးကုန်ပစ္စည်း၊ စက်ပစ္စည်းနှင့် အခြားကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ၏ရာခိုင်နှုန်းမှာ နည်းပါးနေသည်ကို တွေ့ရှိရသည်။

သို့ဖြစ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်တွင် လိုအပ်လျက်ရှိသည့်ကွက်လပ်များကို ဖြည့်ဆည်းနိုင်ရေး စီးပွားရေးလုပ်ငန်းရှင်အားလုံး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ လုပ်ငန်းတစ်ခုချင်းမြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ဝယ်လိုအား၊ ရောင်းလိုအားကို ကိုယ်စားပြုသည့် ကုန်စည်အရေအတွက်နှင့်အရည်အသွေးကို အာမခံရရှိစေနိုင်မည်ဖြစ်သည်။ ယှဉ်ပြိုင်ခြင်းသည် တိုးတက်မှုကိုဖြစ်စေသည်။ လုပ်ငန်းတိုင်းသည် မှန်ကန်သောလုပ်ဆောင်ဆောင်ချက်၊ခိုင်မာသောယုံကြည်ချက်ဖြင့် ရှေ့သို့ချီရန်ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိ၏အရည်အသွေးကို ပြသရန်လိုသည်။ တစ်ဦး၏အားသာချက်ကို တစ်ဦးကနားလည်ပြီး မိမိ၏အရည်အသွေးကို တိုးတက်စေသည့် ပြိုင်ဘက်ကောင်းရွေးချယ်ကြရမည်ဖြစ်သည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအစီအစဉ်များတွင် စတင်လုပ်ကိုင်မည့်သူများကို လမ်းဖွင့်ကြိုဆိုကြရမည်ဖြစ်သည်။ ထုတ်ကုန်အသစ်အမည်သစ်များ ပိုမိုထုတ်လုပ်နိုင်ရေးဝိုင်းဝန်းအားပေးဆောင်ရွက်ရမည်ဖြစ်သည်။ ချေးငွေနှင့်အကူအညီရရှိရေးလမ်းပြကူညီကြရပါမည်။ အတွေ့အကြုံရင့်ကျက်သော လုပ်ငန်းတိုင်းတွင် မဟာဗျူဟာ၊ နည်းဗျူဟာလုပ်ငန်းအစီအစဉ်ရှိသည်။ မတူညီသောလုပ်ငန်းအစီအစဉ်၊ မတူညီသော လုပ်ငန်းနယ်ပယ်များတွင် လုပ်ငန်းတစ်ခုရေရှည်တည်တံ့ရေးရှုထောင့်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရလေ့ရှိသည်။ လုပ်ငန်းနှင့်ရင်းနှီးမြှုပ်နှံခြင်းသည် အကျိုးအမြတ်ကို ဖန်တီးပေးစွမ်းနိုင်သည်။ လုပ်ငန်းတစ်ခုသည် ဈေးကွက်နှင့်ဝန်းကျင်ကောင်းပေါ်တွင် တည်မှီနေခြင်းကြောင့် ခိုင်မာသောဈေးကွက်ကို ဖော်ဆောင်ကြရမည်ဖြစ်သည်။အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းလာပါက အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ပြည်တွင်းမှထုတ်လုပ်သည့် စားသောက်ကုန်၊ လူသုံးကုန်များနှင့် အဝတ်အထည်များ သုံးစွဲအားပေးခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချသွားနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများကို တိုင်းဒေသကြီး၊ပြည်နယ်အသီးသီးရှိ MSME များပူးပေါင်းဆောင်ရွက်မှုတိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊အားနည်းချက်များကိုသိမြင်ဖော်ထုတ်လာစေရန်၊ ထုတ်ကုန်ပစ္စည်းများသည် “ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်”ကို ထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ဒေသတစ်ခုထုတ်ကုန်တစ်ခုအစီအမံများအောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSMEများနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့်အသိအမှတ်ပြု MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန် စသည့်ရည်ရွယ်ချက်များနှင့် ကျင်းပပြုလုပ်ပေးလျက်ရှိသည်။



သို့ဖြစ်၍ တစ်နိုင်တစ်ပိုင်အိမ်တွင်းထုတ်လုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ လူတိုင်းအသုံးချနိုင်သည့် အရည်အသွေးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပဝင်ငွေများလည်းရရှိနိုင်ပေသည်။ နိုင်ငံတော်၏အကျိုးစီးပွား၊လူမှုစီးပွားဘဝတိုးတက်ရေးကို အထောက်အကူပြုနိုင်ခြင်း၊နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ခြင်း၊ ပြည်ပဝင်ငွေရရှိခြင်း အစရှိသည့်အခြေအနေများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများကို အားပေးကူညီဆောင်ရွက်ကြရမည်ဖြစ်ပြီး မြန်မာ့ဒေသအသီးသီးမှထွက်ရှိသည့်ကုန်ပစ္စည်းအားလုံး Made in Myanmar စာတန်းထိုးဖော်ပြပါရှိမှုနှင့်အတူ ထုတ်ကုန်များကမ္ဘာပတ်နိုင်ခြင်းသည် မြန်မာတို့အတွက် ဂုဏ်ယူစရာပင်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ တတိယနေ့ဆက်လက်ကျင်းပ

## ကျောင်းသား၊ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များနှင့် ပြည်သူများဖြင့် စည်ကားလျက်ရှိ





**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိတပေါင်းကွင်း၌ ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားများပြားခဲ့သည်။

ယနေ့သည် ပွဲတော်၏တတိယနေ့သို့ ရောက်ရှိလာခဲ့သည့်အပြင် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် စည်းလုံးညီညွတ်မှုအနှစ်သာရများစွာဖြင့် ပြည့်စုံလှသည့် ပြည်ထောင်စုနေ့ အခါသမယနှင့် အများပြည်သူရုံးပိတ်ရက်ဖြစ်သည့်အတွက် ယခင်ရက်များနှင့်မတူ ပြည်ထောင်စုနေ့အထိမ်းအမှတ်ကျင်းပသည့် ပွဲတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ တဖွဲဖွဲလာရောက်လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများကလည်း မိဘပြည်သူများ အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာဆင်နွှဲနိုင်ရန်အတွက် ပွဲတော်ဝင်ပေါက်နေရာများတွင် လုံခြုံရေးအရ စစ်ဆေးခြင်းများကို စနစ်တကျဆောင်ရွက်ပေးကြသည်။

ယနေ့ပြပွဲ၏ ထူးခြားမှုအနေဖြင့် ပွဲတော်အတွင်းပြသထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ရိုးရာအစားအသောက်များ၊ အထင်ကရနေရာပြခန်း၊ ပြကွက်များကို အသိပညာဗဟုသုတရရှိစေရန် လာရောက်လေ့လာကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများအပြင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME )များ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့်လုပ်ငန်းရှင်များ စိတ်ဝင်စားစွာဖြင့် လာရောက်လေ့လာခဲ့ကြသည်ကို တွေ့မြင်ရသည်။

အဆိုပါလုပ်ငန်းရှင်များအား ပြခန်းအလိုက်တာဝန်ရှိသူများက MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့်နည်းပညာများ မျှဝေပေးခြင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ မိမိတို့လုပ်ကိုင်နေသည့်လုပ်ငန်းများအလိုက် လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှု စွမ်းရည်မြင့်မားတိုးတက်စေရန်၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့်အခက်အခဲများနှင့်ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေးဆွေးနွေးမျှဝေပေးကြရာ MSME လုပ်ငန်းရှင်များအတွက် ဆန်းသစ်သော ပြည်တွင်း၊ ပြည်ပပို့ ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည့်အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာနိုင်တော့မည်လည်းဖြစ်သည်။

အလားတူ နိုင်ငံတော်တွင် လိုအပ်နေသည့် MSME ကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်များစွာ မွေးထုတ်ပေးနိုင်ရန်နှင့် ကျေးလက်နေလူငယ်များ စက်မှုနှင့်သက်မွေးပညာကို အခြေခံသင်ကြားတတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းရှာဖွေသည့်အချိန်တွင် အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်းကျောင်း ပြခန်းဖွင့်လှစ်ပြသပေးလျက်ရှိရာ စက်မှုနှင့်သက်မွေးပညာရပ်ကို စိတ်ဝင်စားကြသည့် လူငယ်များစွာလာရောက်လေ့လာကြပြီး တာဝန်ရှိသူများက သင်တန်းကျောင်းတွင် သင်ကြားပေးလျက်ရှိသည့် အခြေခံလျှပ်စစ်ပညာသင်တန်း၊အခြေခံစက်ပြင်သင်တန်း၊ အခြေခံဂဟေဆက်သင်တန်းနှင့် အခြေခံမော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းအကြောင်းအရာများကို အသေးစိတ်ရှင်းလင်းပြောကြားပေးခဲ့ကြသည်။

ထို့ပြင် ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာတိုင်းရင်းသားရိုးရာပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အထင်ကရနေရာများ၊ ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များအကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ကျောင်းသား၊လူငယ်များ၊ဝန်ကြီးဌာနများမှဝန်ထမ်းများနှင့်မိသားစုများ၊ပြည်သူများ စိတ်အားထက်သန်စွာလေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာအမှတ်တရ ဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါပြခန်းများ၌လည်း အထူးပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက သက်ဆိုင်ရာရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကိုတက်ကြွစေမည့် သီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာပြည်သူများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူပျော်ရွှင်စွာ သီဆိုကခုန်ပါဝင်ဆင်နွှဲကြသည့် မြင်ကွင်းသည်လည်း တောင်ပေါ်မြေပြန့် မခွဲခြားဘဲ စည်းလုံးသည့် သွေးချင်းညီအစ်ကိုစိတ်ထားကို အထူးပေါ်လွင်စေခဲ့သည်။

အလားတူနေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက်ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိရာ ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူကြသည့်အပြင် သန့်ရှင်းလတ်ဆတ်စွာဖြင့် ရောင်းချပေးလျက်ရှိသည့် တိုင်းရင်းသားရိုးရာအစားအသောက်များကိုလည်း နှစ်ခြိုက်စွာဝယ်ယူစားသုံးကြသည့်အတွက် ပစ္စည်းများ ပြတ်လပ်သည်ထိ ရောင်းချခဲ့ရကြောင်း သိရသည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့် လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများ ပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့်ဖျော်ဖြေကြရာ ပြည်သူများ ပျော်ရွှင်စွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ရောင်းချပွဲသို့လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာမဖြစ်ပေါ်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျလုံခြုံရေး စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့် လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးဆေးပေးခန်းများဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့ရှိရသည်။

အဆိုပါပြပွဲနှင့် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ ဝန်ကြီးဌာန ပြခန်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့် ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပြသရောင်းချပေးလျက်ရှိရာ မိဘပြည်သူများ လာရောက်အားပေးလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများ ပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ပြိုင်ပွဲဝင်အသင်းများ ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များ အနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို ကျင်းပ ပြုလုပ်လျက်ရှိသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်နှင့် ယနေ့တို့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့၌ အသီးသီး ကျင်းပပြုလုပ်ကြရာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲ ထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာပါဝင် ဆင်နွှဲကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့် အသင်းများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တုံးဗျောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(တုံးဗျောကြီး)မှ ကျောင်းသားများလိုက်ပါလာသည့် မော်တော်ယာဉ်ကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ကျောင်းသားများ ထိခိုက်ဒဏ်ရာရရှိ




မြိတ်မြို့နယ် တုံးဗျောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (တုံးဗျောကြီး)မှ မူလတန်းပြဆရာနှင့် ကျောင်းသား ခြောက်ဦး လိုက်ပါလာသည့် မော်တော်ယာဉ်ကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ကျောင်းသား နှစ်ဦး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

မြိတ်မြို့နယ်၊ တုံးဗျောကြီးကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(တုံးဗျောကြီး)မှ မူလတန်းပြ ဆရာနှင့် ကျောင်းသား ခြောက်ဦးလိုက်ပါလာသည့် မော်တော်ယာဉ်ကိုအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။







အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲမှုကြောင့် မိုင်းစထိမှန်ခဲ့သည့် မော်တော်ယာဉ်အား တွေ့ရစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများနေထိုင်ရာ မြို့၊ ကျေးရွာများ၊ စာသင်ကျောင်းများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊လမ်းမကြီးများပေါ်၌မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များကို မိုင်းဆွဲတိုက်ခိုက်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့်အပြင် အေးချမ်းစွာပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ဖမ်းဆီးသတ်ဖြတ်ခြင်း စသည်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် မြိတ်မြို့ တုံးဗျောကြီးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(တုံးဗျောကြီး)မှ မူလတန်းပြဆရာ တစ်ဦးနှင့် ကျောင်းသား ခြောက်ဦးတို့သည် စာမေးပွဲများဖြေဆိုရန်အတွက် လိုအပ်သည့်စာသင်ခုံများ သယ်ယူရန် တောင်ဖီလာကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(တောင်ဖီလာ)သို့ မော်တော်ယာဉ်တစ်စီးဖြင့် ထွက်ခွာလာစဉ် တုံးဗျောကြီးကျေးရွာ၏ သုံးမိုင်ခန့်အကွာ တောင်ပုကျေးရွာအနီးသို့အရောက်၌ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့်ကျောင်းသားများအနက် မောင်ထက်ရဲကိုနှင့် မောင်ထက်ရဲလင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားသည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ကျောင်းသားနှစ်ဦးကို မြိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိပြီး မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဇဝ၁)

# ကန့်ဘလူမြို့နယ် ကိုးမြို့ကျေးရွာနှင့် သိုးဘိုးကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ဒရုန်းများဖြင့် ဗုံးကြဲခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုးမြို့ကျေးရွာနှင့်သိုးဘိုးကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီးဒရုန်းများဖြင့်ဗုံးကြဲခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊လုံခြုံရေးတပ်ဖွဲ့ဝင်များသည်ပြည်သူလူထု၏အသက်၊အိုးအိမ်၊စည်းစိမ်တို့ကို အသက်ပေးကာကွယ်စောင့်ရှောက်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ပြည်သူလူထု၏အသက်၊ အိုးအိမ်၊ စည်းစိမ်ကိုမငဲ့ကွက်ဘဲ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ၊ ရပ်ကွက်များကို ခေါင်းစဉ်အမျိုးမျိုးတပ်၍ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။(ဇဝ၁)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “မိုးညိုသူလေး” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ရှစ်ကွက်ကျေးရွာနေ မိုးသီတာအား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “Myo Gyi”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်နေ မျိုးယုမော်(ခ) သားသားအား ညနေ ၄ နာရီ မိနစ် ၄၀ တွင် လည်းကောင်း၊ “Aung Myo Thu 20138” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၈)ရပ်ကွက်နေ အောင်မျိုးသူအား ညနေ ၅ နာရီတွင်လည်းကောင်း၊“Kh Ant” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ ဆက်နိုင်ထွန်း(ခ) ယုန်လေးကို ည ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(ဇဝ၁)

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ဝတ္ထုတိုကဏ္ဍ

# ဘဝဆိုသည်မှာ

### ကိုရွှေတောသား(ဆင်ကူး)



(၁)

"ဟဲ့ ဖိုးခွား ဘယ်လိုဖြစ်နေတာလဲဟယ် မနက်မှ မိုးမလင်းသေးဘူး။ အိမ်ဦးခန်းမှာ လူမြင်မကောင်း သူမြင်မကောင်း"

အမိုးဖြစ်သူက လှမ်းအော်ပြောလိုက်ခြင်းဖြစ်သည်။ သူ ခေါင်းထူကြည့်လိုက်ပြီး ဝမ်းလျားမှောက်လျက် ပြန်အိပ်လိုက်သည်။

"မဖြစ်သေးပါဘူး။ ဒီကောင်လေး တစ်နေ့တခြား ပိုပိုဆိုးလာပြီ။ ငါဘယ်လိုပဲ ပြောပြော ငါ့စကားကို နားမထောင်တော့ဘူး။ ဟဲ့ ထအုံး ခဏလောက်"

"ဟာ အမိုးကလဲအိပ်ချင်နေလို့ပါဆို ဘာလို့လာနှိုးနေရတာလဲ ပြောစရာရှိ မြန်မြန်ပြော"

"နော်ဆက်မူ ပြန်ရောက်နေတယ်။ ငါဈေးဝယ်သွားတုန်းက လမ်းမှာ တွေ့ခဲ့တယ်"

"ဟမ် ဘယ်လို "

သူ အလူးအလဲ ထထိုင်လိုက်သည်။ နော်ဆက်မူက ငယ်ငယ်ကလေးတည်းက ခင်မင်လာခဲ့သည့် ငယ်သူငယ်ချင်းဖြစ်သည်။ တက္ကသိုလ်တက်နေသည့် နော်ဆက်မူပြန်ရောက်နေပြီဖြစ်သည်။ နော်ဆက်မူကော သူပါ ဆယ်တန်း၌ ဂုဏ်ထူးကိုယ်စီဖြင့်အောင်ခဲ့ကြသည်။ နော်ဆက်မူက ပညာရေးကောလိပ် ဆက်တက်ဖြစ်သော်လည်း သူသည် ပညာရေးတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်ခဲ့သည်။

"အမိုး တကယ်ပြောတာလား မညာနဲ့နော် "

"ဟဲ့ ညာစရာလား။ တွေ့ခဲ့လို့ တွေ့ခဲ့တယ် ပြောနေတာ။ သိချင်ရင်သူ့အိမ်လိုက်သွား"

အမိုးက ပြောပြောဆိုဆိုပင် မီးဖိုချောင်ထဲဝင်သွားတော့သည်။ သူလည်း ဆက်မအိပ်တော့ဘဲ တစ်ချိန်က အတိတ်အကြောင်းလေးတွေကို ပြန်တွေးနေမိသည်။

(၂)

" ထူးရေ "

"နော်ရေ လာပြီ လာပြီ "

နော်ဆက်မူက ကျောင်းသွားတိုင်း သူ့ကို ဝင်ခေါ်သည်။ သူသည် နော်ဆက်မူနှင့်သာ ကျောင်းအတူသွားသည်။ နော်ဆက်မူတို့မိသားစုက သူတို့မိသားစုလိုမဟုတ် ယာပိုင်မြေပိုင်မရှိကြ၊လက်လုပ်လက်စားဘဝ ဆင်းရဲကြသည်။ ကျောင်းစိမ်းအဝတ်အစားများပင် တစ်ထည်ဟောင်း၍တစ်ထည်မဝယ်နိုင်။ သွေးချင်းသားချင်းမတော်စပ်ကြသော်လည်း သူတို့မိသားစုက နော်ဆက်မူတို့မိသားစုကို အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးခဲ့သည်။

"နော် နင်ဒီနေ့ နောက်ကျနေတယ်နော်"

အိမ်ထဲကနေ အပြေးထွက်လာရင်း သူက မေးလိုက်သည်။ နော်ဆက်မူက ပြုံးပြရင်း ခေါင်းညိတ်သည်။

"နော် ဒီနေ့ နော်ကြိုက်တဲ့ဟင်း အမိုးချက်ပေးလိုက်တယ်။ နော့်ကိုလဲ များများကျွေးတဲ့ အမိုးက အများကြီး ထည့်ပေးလိုက်တယ်"

"ဟုတ်လား ကျေးဇူးပါ ထူးရယ်။ ပြီးတော့ အမိုးကိုလဲ ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်အုံးနော်"

"အင်းပါ ရပါတယ် နော်ရဲ့။ ကဲကဲ သွားကြစို့"

ကျောင်းတွင်လည်း သူနှင့်နော်ဆက်မူတို့က စာတော်ကြသည်။ နှစ်စဉ် ဆုများရရှိကြသည်။

" နော် "

"ဟင် ပြောလေ ထူး"

သူက နော်ဆက်မူ၏မျက်နှာကို ကြည့်ရင်း တစ်ခုခု ပြောရန်မဝံ့မရဲဖြစ်နေသည်။အရွယ်ကလေးရောက်လာသည်နှင့်အမျှ နော်ဆက်မူသည် တစ်နေ့တခြားလှလာသည်။ ဆံပင်ကုပ်ဝဲကလေးဖြင့် ယဉ်ယဉ်ကလေးလှနေပေသည်။

"ထူး ပြောလေ။ ဘာမှ မပြောဘဲနဲ့ လူကိုပဲစိုက်ကြည့်နေပါလား။ ဘာလဲ ငါတအားလှနေလို့လား အဟင်း ဟင်း"

နော်ဆက်မူက သူ့ကိုကြည့်ရင်း ပြုံးရယ် ရယ်သည်။ သို့သော် ထိုသောရယ်မောမှုများပင်လျှင် အဖွေးသားပေါ်လွင်သွားသည့် သွားတက်ကလေးများကြောင့် စံပယ်ပွင့်ကလေး ပွင့်သွားသည့်နှယ် ပို၍ပင်လှလို့နေသည်။

"ဟုတ်တယ် နော်။ နင် နင်တအားလှလာတယ်"

"အဟိ ထင်သားပဲ "

"နော်နော် နင့်ကြည့်ရတာ မရိုးတော့ဘူး ဘာဖြစ်လို့ အလှတွေ တအားပြင်လာရတာလဲ"

"ထူးကလဲ ဒီအတိုင်း ပုံမှန်ပါပဲ သနပ်ခါး ပါးကွက်ကျားကလေးပဲ လိမ်းခဲ့တဲ့ဟာကို "

နော်ဆက်မူက ဤသို့ပြောရင်း သူ့ကိုမျက်စောင်းကလေး ထိုးလိုက်သည်။ တစ်ယောက်အကြောင်း တစ်ယောက်သိ၍ တစ်ယောက်နှင့်တစ်ယောက် အပြစ်မမြင်ခဲ့ပါပေ။

(၃)

"သူငယ်ချင်းကို သူငယ်ချင်းလိုပဲ သဘောထားချင်တယ် ထူးရယ်။ ဒီထက် မပိုချင်ဘူး ပြီးတော့ အမိုးရဲ့ကျေးဇူးတွေငါတို့မိသားစုအပေါ်မှာ အများကြီးပဲဟ။ ငါ့အနေနဲ့ ထူးကို သူငယ်ချင်းလိုပဲ ချစ်ပါရစေလားကွယ်"

နော်ဆက်မူထံက တည်တည်ငြိမ်ငြိမ်ကြားလိုက်ရသည့် စကားဖြစ်သည်။ ရင်ခုန်တတ်စအရွယ်ကတည်းက ချစ်မိနေခဲ့သည့် သူ့မှာ မျိုသိပ်နေခဲ့ရသည့်အချစ် ဝေဒနာများကိုမဖြေသာနိုင်သည့်အဆုံး အရဲစွန့်ကာ ရင်ဖွင့်ဝန်ခံမိသည်။ သို့သော် စကားလုံးလှလှကလေးတွေသုံးကာ ငြင်းနေသည့် နော်ဆက်မူကို မလှုပ်မယှက် ငိုင်သက်သက်ဖြင့် ကြည့်နေမိသည်။

"ထူးရယ်။ နင့်စိတ်တွေကင့်ါအပေါ် ဟိုးအရင်တုန်းကလို၊ မောင်နှမတွေလို၊ သူငယ်ချင်းလို ဆက်ပြီး မဖြူစင်ပေးနိုင်တော့ဘူးလား။ နင်ငါ့အပေါ် ဖြူစင်တဲ့ အချစ်တွေနဲ့ မချစ်နိုင်တော့ဘူးလား ထူးရယ်"

"နော်ရယ် ငါ ငါလေ"

ပြောချင်နေသည့် စကားများပင် နှုတ်ဖျားက ထွက်မလာနိုင်ခဲ့ပေ။တသုန်သုန်တိုက်ခတ်နေသည့် လေပြည်ထဲတွင် နော်ဆက်မူလိမ်းခြယ်ထားသည့် သနပ်ခါးရနံ့ကလေးများ သင်းပျံ့နေသလို ဆံကေသာကလေးများသည်လည်း ဝေ့ဝဲနေသည်။

"ထူး ငါပြောတာကြားလား။ နင်နဲ့ငါက သူငယ်ချင်းအရင်းကြီးတွေလေဟာ။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှု အပြည့်နဲ့ ခင်မင်ရင်းနှီးလာခဲ့ကြတာ။ ပြီးတော့ အမိုးတို့ငါတို့အဖေအမေတို့ဆိုတာလဲ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်လေးစားမှုတွေနဲ့နေလာခဲ့ကြတာ။ ငါတို့ကြောင့်လူကြီးမိဘတွေကို မျက်နှာမပျက်စေချင်ဘူး။နင့်မှာလဲ တစ်ချိန်ကျရင် လက်ထပ်ရမဲ့ လူကြီးချင်းသဘောတူထားတဲ့သူ ရှိနေပြီးသားဥစ္စာ"

"တော်တော်ပါတော့ နော်ရယ်။ ငါအဲဒီအကြောင်းတွေမကြားချင်ဘူး။ ငါ့ိုချင်တာပဲသိတယ်။ ပြီးတော့ အမိုးတို့သဘောတူထားတဲ့ အဲဒီမိန်းကလေးကို ငါမချစ်နိုင်ဘူး။ ငါချစ်တာ နင့်ကိုပဲ "

ပြောရင်းပင် သူ၏စကားသံများက ငိုသံပါလာသည်။ နော်ဆက်မူက ကရုဏာသက်စွာကြည့်သည်။ နော်ဆက်မူ၏ မျက်ဝန်းထဲတွင်လည်း ဝမ်းနည်းမျက်ရည်များ ဝေ့ဝဲနေသည် ။

"ထူး"

"ဟင် ပြောလေ နော်။ နော်ဘာပြောချင်လို့လဲ"

နော်ဆက်မူက သူ့ကိုကျောခိုင်းကာ စကားသံတိုးတိုးကလေးဖြင့် ပြောသည်။

"ငါနင့်ကို သူငယ်ချင်းဆိုတာထက် ပိုပြီး မချစ်နိုင်ပါဘူး။ ပြီးတော့ ငါ့မှာ ငါဖြစ်ချင်တဲ့ရည်ရွယ်ချက်တွေရှိတယ်။ ငါ့ရည်ရွယ်ချက်တွေ အောင်မြင်ဖို့အတွက် ငါကြိုးစားရအုံးမယ်။ ပြီးတော့ ဒီတစ်သက် ငါဘယ်တော့မှ အိမ်ထောင်ပြုမှာလဲမဟုတ်ဘူး။ ပြီးတော့ ငါလဲအမိုးလိုပဲ နင့်ကို နှယ်ဒါလီနဲ့ သဘောတူတယ်။ နှယ်ဒါလီက ဥစ္စာပေါရုပ်ချောကလေးပါဟယ်။ နင်နဲ့သာဆို နေနဲ့လ ရွှေနဲ့မြလို သိပ်ပြီး လိုက်ဖက်မှာ"

နော်ဆက်မူ၏ စကားသံများက တိုးသည်ထက်တိုးသွားသည်။ တစ်ခါတစ်ခါ ဝမ်းနည်းမှုအရိပ်ယောင်များပါနေသည်။ သူ့ရင်ထဲ ပူလောင်ရသည်။ ပတ်ဝန်းကျင် တစ်ခုလုံးသည်လည်း တိတ်ဆိတ်ငြိမ်သက်လျက်။ ကမ္ဘာကြီးတစ်ခုလုံး ရပ်တန့်နေသည့်နှယ် အရာအားလုံးက ခြောက်ကပ်ပူလောင်နေတော့သည်။

(၄)

တက္ကသိုလ်ကျောင်းဖွင့်ချိန်သို့ ရောက်ရှိလေပြီ။ နော်ဆက်မူသည်လည်း တက္ကသိုလ်တက်ရန်မြို့ပေါ်သို့ ထွက်ခွာသွားတော့သည်။ သူသည် တက္ကသိုလ်မတက်ဖြစ်ခဲ့။ ပညာရေးတစ်ပိုင်းတစ်စဖြင့် ကျောင်းထွက်လိုက်သည်။ ရွာမှာ ချန်နေခဲ့ရင်း မိဘများပိုင်ဆိုင်သည့် ယာခင်းများကို ဦးစီးလုပ်ကိုင်သည်။ နှစ်ဖက်မိဘများ သဘောတူထားသည့် နှဲ့ဒါလီ နှင့် လက်ထပ်လိုက်သည်။ နော်ဆက်မူနှင့်လည်း အဆက်သွယ်မရှိသလောက် အနေဝေးခဲ့သည်။ သို့သော် သူသည် ဟိုးယခင်တုန်းကနှယ်မဟုတ်တော့။ ညဥ့်နက်သန်းခေါင် အိမ်ပြန်နောက်ကျသည့်အထိ အသောက်အစားမက်လာသည်။

မိဘချင်းသဘောတူ၍ ယူထားကြသော်လည်း တစ်ဦးနှင့်တစ်ဦး မတည့် အမြဲရန်ဖြစ်နေကြရသည်။

တဖြည်းဖြည်းနှင့် လင်မယားချင်း မသင့်မြတ်တော့ပေ။ သူကလည်း အရက်နှင့်သာ အချိန်ကုန်နေသလို နှယ်ဒါလီသည်လည်း တစ်နေ့ထက်တစ်နေ့ အလှဆုံး ပြင်ဆင်ကာ ဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေတော့သည်။

"ဖိုးခွားရယ် ဘယ်လို ဖြစ်ကြတာလဲဟယ်။ လင်နဲ့မယား လျှာနဲ့သွားဆိုသလို့ပေါ့ မဟုတ်လား။ စိတ်အခန့်မသင့်တဲ့အခါ ရန်ဖြစ်စကားများကြတာ မဆန်းပါဘူး။ ဒါပေမဲ့ ကွဲဖို့၊ ကွာဖို့ထိတော့ မဖြစ်စေချင်ဘူး "

သူ အမိုးစကားကို ငြိမ်ပြီး နားထောင်နေသည်။

"အဲဒါ အမိုးကြောင့် အမိုးပဲသဘောတူ ကြည်ဖြူနေတာလေ။ မျိုးရိုးအစဉ်လာကောင်းလား အကျင့်စာရိတ္တဘယ်လိုရှိလဲ သေချာမှ မစဉ်းစားဘဲ"

"အံမယ် ဒီကလေး ကြီးကြီးကျယ်ကျယ်နဲ့ သူများသားသမီးကို အဲဒီလို မပြောရဘူးလေ။ သူ့ အဖေအမေတွေက ဒီလောက်ရိုးသားပြီး စည်းစနစ် ကြီးတာ နင်လဲသိသားနဲ့ သူများသားသမီးကို မကဲ့ရဲ့ပါနဲ့။ နင်ကကော ကောင်းနေလို့လား။ နင့်အပါးက လူရိုးလူကောင်း အလုပ်ဆိုလဲ တအားကြိုးစားခဲ့တာ။ နင့်ကျမှအရက်သမားဖြစ်ရတယ်လို့ ရပ်ရွာအတွက်လည်းအကျိုးမပြုဘူး။ မိသားစုအတွက်လဲ အကျိုးမပြုဘူး ကိုယ့်ကိုယ်ကိုယ်တောင် ကောင်းအောင်မနေနိုင်တဲ့လူကများ"

အမိုးစကားကြောင့် သူ ဘာစကားမျှ ပြန်မပြောနိုင်တော့ပေ။ အမိုး မျက်နှာကိုသာ ငေးကြည့်ရင်း အမိုးပြောသမျှနားထောင်နေသည်။

" နော်ဆက်မူကလေးဆိုလဲ ကြည့်စမ်းပါအုံး။ အဖေက ကြံရှာကျပန်းအလုပ်လုပ်ရသလို အမေကလဲ ခေါင်းရွက်ဈေးသည် သူ့ခင်မျာ ချို့ချို့တဲ့တဲ့နဲ့ နေလာပြီး ကြိုးစားလိုက်တာ အခုဆို ဘွဲ့ရပညာတတ်ကြီးဖြစ်နေပြီ"

စာမျက်နှာ ၂၅ သို့ ➤

# ညောင်တုန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ညောင်တုန်း ဖေဖော်ဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံ ပိုင်ရှင် ဒေါ်ညိုက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ကုန်စိမ်းဈေးကွက်တွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိတစ်ရက်လျှင် တိုင်ထောင်ပဲသီးပိဿာချိန် ၁၅၀ မှ ၃၅၀ ထိ ဝယ်ယူမှုများလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် အနည်းဆုံးငွေကျပ် ၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်ကနေ ထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေပါတယ်။ လက်ရှိ တစ်ရက်ကို တိုင်ထောင်ပဲသီး ပိဿာချိန် ၃၅၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက် တိုင်ထောင်ပဲသီးတွေ အများအပြား စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်တော့ သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေကနေ ပန်းတနော် ကုန်စိမ်းဈေးကွက်က တိုင်ထောင်ပဲသီးတွေကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်ယူမှုအားကောင်းလာတော့ ဟင်းသီးဟင်းရွက် စိုက်ပျိုးတဲ့ တောင်သူတွေ အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်" ဟု ပွဲရုံပိုင်ရှင် ဒေါ်ညိုက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

---

➢ စာမျက်နှာ ၂၄ မှအဆက်

အမိုးပြောသမျှက အမှန်တွေသာဖြစ်နေသည်။ သူ နော်ဆက်မူကို သူငယ်ချင်းသံယောဇဉ်ထက်ပိုကာ ချစ်မိခဲ့သည်။ နော်ဆက်မူကို ဖွင့်ပြောခဲ့သလို အမိုးကိုလည်းတိုင်ပင်ခဲ့ပါသည်။ သို့သော် အမိုးသည် သူနှင့် နော်ဆက်မူကို သဘောမတူခဲ့ပေ။ လူကြီးချင်း သဘောတူထားသည့် မိန်းကလေးနှင့်လက်ထပ်ပေးမည်ဟု ယတိပြတ်ငြင်းဆိုခဲ့သည်။သူ့မှာ မိဘချင်းသဘောတူသည့် မိန်းကလေးနှင့်လက်ထပ်ခဲ့ရသည်။ အကြောင်းအမျိုးမျိုးဖြင့် အိမ်ထောင်ရေးပြိုကွဲခဲ့ရပြန်သည်။ သူသည်လည်း အရက်သမားတစ်ယောက်ဖြစ်ခဲ့ရသည်။

"ဖိုးခွားရယ်။ နင့်ကိုယ်နင်ပြုပြင်ပါတော့လား။ နင့်ဘဝကိုနင် ဒီအတိုင်းပဲ နေသွားတော့မှာလားဟယ် "

သူ့မျက်နှာကိုကြည့်ရင်း ပြောနေသည့် အမိုးကို သူသနားနေမိသည်။သူ့ကိုယ်သူလည်း အမှားကြီး မှားနေပြီဟု သိလိုက်ရတော့သည်။

(၅)

နော်ဆက်မူက ရွာ၏စာသင်ကျောင်းကလေးတွင် ကျောင်းဆရာမအဖြစ် တာဝန်ယူနေကြောင်း သူသိသွားသည်။ နော်ဆက်မူအတွက် သူ့မှာ ဝမ်းသာမဆုံးဖြစ်ရသည်။

"ဟဲ့ ဖိုးခွား။ နင် နော့်ဆီကိုဘာဖြစ်လို့သွားမတွေ့သေးတာလဲ"

အမိုးက နားမလည်နိုင်စွာမေးသည်။ သူက အမိုးကို ခေါင်းခါပြရင်းပြန်ပြောလိုက်သည်။

" ဒီပုံစံနဲ့တော့ သွားမတွေ့ချင်ဘူး အမိုးရာ။ ပြီးတော့ သွားတွေ့ရမှာ ရှက်သလိုလို၊ ကြောက်သလိုလိုပဲ"

သူ့ရင်ထဲ ရှိသည့်အတိုင်းဝန်ခံမိသည်။ သူတကယ်ပင် သိမ်ငယ်နေမိသည်။ ယခင်ကနှင့်မတူဘဲ အစစအရာရာ ပြောင်းလဲသွားသည့် သူ့ကိုယ်သူ အားငယ်နေမိသလို ရှက်လည်းရှက်နေမိသည်။

"ဖြစ်ရလေ ဖိုးခွားရယ်။ ကိုယ့်သူငယ်ချင်းပဲဟာ ဘာကို ရှက်နေရတာလဲ "

"မဟုတ်သေးပါဘူး အမိုးရာ"

သူ စိတ်ပျက်လက်ပျက်ပြောနေမိသည်။ အမိုးက သူ့ကိုကြည့်ကာ သက်ပြင်းမောကြီးတစ်ချက်မှုတ်ထုတ်လိုက်ရင်း နှစ်သိမ့်အားပေးသည်။

"လူဆိုတာ အမှားနဲ့မကင်းပါဘူး။ ဖိုးခွားရယ် တစ်ခုရှိတာက အဲဒီအမှားကို အမှားမှန်းသိရင် ကိုယ့်ကိုယ်ကိုယ်ပြုပြင်ဖို့ပဲ အရေးကြီးတာ။ အဲဒီလို ပြုပြင်နိုင်လိုက်တာကလဲ ကောင်းမွန်တဲ့အကျင့်ပဲလေ ပျက်အစဉ် ပြင်ခဏတဲ့ ဖိုးခွားရဲ့၊ လူတော်လူကောင်းတစ်ယောက်ဖြစ်ဖို့ ကြိုးစားလိုက်စမ်းပါ ဖိုးခွားရယ်"

"အင်းပါ အမိုးရာ တစ်ချိန်က အမိုးရဲ့စေတနာ မေတ္တာတွေကို မသိခဲ့လို့ ကိုယ်လုပ်ချင်တာ ကိုယ်လုပ်ပြီး မှားခဲ့မိုက်ခဲ့တာတွေ အခုတော့ နားလည်ပါပြီ။ ကိုယ့်ကိုယ်ကိုယ်လဲပြုပြင်နေပါပြီ။ ဒါပေမဲ့ နော့်ကိုတော့ သွားမတွေ့ရဲပါဘူး။ နော့်ကို ရင်မဆိုင်ရဲဘူး "

သူ တကယ်ကိုပင် နော်ဆက်မူထံ သွားမတွေ့ဖြစ်ခဲ့ပေ။ ခြေတုန်လက်တုန်ဖြင့် မသောက်ရမနေနိုင်အောင် စွဲနေသည့်အရက်ကိုလည်း သူဖြတ်လိုက်သည်။

(၆)

တစ်နေ့ သူ့အိမ်သို့ နော်ဆက်မူ ရောက်လာသည်။ အမှတ်မထင်တွေ့လိုက်ရ၍ သူ့အံ့ဩနေမိသည်။ ဖြူစင်လှပသည့်အပြုံးကလေးများသည် ဟိုးယခင်တုန်းကနှယ် မပြောင်းလဲ။ နော်ဆက်မူ၏မျက်နှာကလေးကို ငေးကြည့်မိသည်။

"ထူးရေ "

"နော် နင်ငါတို့အိမ် လာလည်တယ် "

သူ အားရဝမ်းသာစွာမေးလိုက်သည်။ နော်ဆက်မူက ပြုံးပြုံးကလေးဖြင့် ခေါင်းညိတ်သည်။

"ငါ ဝမ်းသာလိုက်တာ နော်ရယ် "

"ထူးရယ် ငါလဲ အရင်ရက်တွေကတည်းက လာခဲ့မလို့ဘဲ။ ဒါပေမဲ့ ရွာပြန်ရောက်ရောက်ချင်း အလုပ်တွေက တအားများနေလို့ ခုမှပဲ လာဖြစ်တော့တယ် "

" နင် ကလေးတွေကို စာသင်ရတာ အဆင်ပြေရဲ့လား "

"ပြေပါတယ် ထူးရဲ့။ ခုလို ကိုယ့်ရပ်ကိုယ့်ရွာမှာ ပြန်ပြီးတာဝန်ကျတော့ ပိုပြီးပျော်နေတာ"

"အေးပါ နော်ရာ ငါလဲ နင့်အတွက်ဂုဏ်ယူပါတယ်။ နင်က ငါတို့ရွာအတွက် သိပ်ကိုတန်ဖိုးရှိတဲ့သူတစ်ယောက်ပါဟာ။ နင့်ကြောင့်ငါတို့ရွာက ကလေးတွေရဲ့ ကျောင်းပညာရေးတွေ ပိုပြီး တိုးတက်ပြောင်းလဲလာတော့မှာ "

"ဒီလောက်ကြီးလဲ မဟုတ်ပါဘူးထူးရယ်"

နော်ဆက်မူသည် ကျောင်းဝတ်စုံ ယူနီဖောင်းဖြင့် ကျက်သရေရှိစွာ လှပနေသည်။ ဟိုးယခင်တုန်းကနှယ် မပြောင်းလဲသည့် အပြုံးကလေးများကို သူ့မှာ အလွမ်းမပြေနိုင်စွာ ငေးကြည့်နေမိသည်။

"နင့် အကြောင်းတွေ ငါအားလုံး ကြားရပါတယ် ထူးရယ်။ ငါတကယ် နင့်အတွက်စိတ်မကောင်းပါဘူး"

နော်ဆက်မူက ကရုဏာသက်စွာပြောသည်။သူ့ရင်ထဲ ကြည်နူးချမ်းမြေ့ရပေသည်။

"ဒါပေမဲ့ ထူးရယ် ဘဝမှာ ကိုယ်ဖြစ်ချင်တာ ဖြစ်ခွင့်မရလို့ အရှုံးတိုက်ပြီး မိုက်ကြရိုးဆိုရင် ဘယ်မှာများ လူတော်လူကောင်းတွေရယ်လို့ ရှိလာနိုင်တော့မှာလဲ။ လူတိုင်းမှာ အခက်ခဲတွေ ကိုယ်စီနဲ့ ရှိကြတာပဲပေါ့။ တကယ်တော့ အောင်မြင်မှုဆိုတာကလဲ လွယ်လွယ်နဲ့မှမရတာ ရိုးသားရတယ်၊ ကြိုးစားရတယ်၊ ဇွဲရှိရတယ်၊ အမှားအမှန်ကိုဆင်ခြင်သုံးသပ်နိုင်တဲ့ အသိဉာဏ်လဲရှိရတယ် ထူးရဲ့"

"အေးပါ နော်ရယ် ငါအရင်လိုမျိုး မမိုက်တော့ပါဘူးဟာ။ ငါ့ကိုယ်ငါပြုပြင်နေပါပြီ "

သူ့ရင်ထဲ ရှိသည့်အတိုင်း ပြောခြင်းဖြစ်သည်။ နော်ဆက်မူထံက လှပသည့်အပြုံးကလေးကိုထပ်ပြီး မြင်ရပြန်သည်။ သူ့ရင်ထဲ ဝမ်းသာပျော်ရွှင်နေပါတော့သည်။

## အစဉ်အလာတည် ဖေဖော်ဝါရီ

\- တစ်နှစ်မှာ ဆယ့်နှစ်လ
ဒုတိယ လအခါ၊
ဖေဖော်ဝါရီ အမည်ပေး
လှရေးကြွယ်စွာ၊
ရက်စွဲတို့ ချွေတာ
သူ့မှာက နှစ်ဆယ့်ရှစ်၊
ရက်ထပ်ချိန် အပိုတိုးမှ
နှစ်ဆယ့်ကိုးဖြစ်။

\- နှောင်းဟေမန် နွေအစပ်
ရက်မြတ်တို့ ပြည့်စုံနေ၊
ပင်လုံဆွေ မြန်ပြည်မွေးတို့
သွေးစည်းတဲ့ခြေ၊
ဗိုလ်ချုပ်လည်း မွေးခဲ့ပေ
အတိတ်ရှည်ပြန်ကြည့်၊
ကျက်သရေ မင်္ဂလာထိန်း
အောင်ကိန်းအပြည့်။

\- ယနေ့ချိန် ကာလသားတို့
တိုးပွားလို့ သတ်မှတ်ထွင်၊
ဖေဖော်ဝါရီ ဆယ့်လေးရက်
နှစ်သက်ကြည်ရွှင်၊
ချစ်သူနေ့ ဆိုကာပင်
ပိုပါချင် ကြင်နာများ၊
မြန်ရိုးရာ ရှက်အကြောက်တော့
မပျောက်စေသား။

\- ကူးစက်လာ ခေတ်ရေစီးမို့
တားဆီးဖို့ မတတ်သာ၊
မြန်မာဆန် ယဉ်ဓလေ့တော့
စဉ်မမေ့ရာ၊
ရိုးရာလည်း ဆက်ထိန်းပါ
မတိမ်းခွာ ပြည်ချစ်စိတ်၊
တို့သမိုင်း စဉ်အလာနှင့်
မင်္ဂလာ ရက်မြတ်များ
လေးစားဂုဏ်ဟိတ်။ ။

ညွန့်ဝင်း(နတ်တလင်း)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှသည် စားရေရိက္ခာဖူလုံရေးဆီသို့

မောင်သောင်းဝင်း(တမန်ဟောင်း)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမျိုးသားရေးရည်မှန်းချက်သည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးဖြစ်သည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ လိုလားချက်သည် အေးချမ်းသာယာဝပြောသည့် တိုင်းပြည်အတွင်း စားရေရိက္ခာများအတွက် မပူပင်ရဘဲ ဖူဖူလုံလုံ လောက်လောက်ငငဖြင့် စားသောက်နေထိုင်နိုင်ရေးပင်ဖြစ်သည်။ စင်စစ်အားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်သည့်အချိန်မှစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်ဦးတည်ချက် (၉) ရပ်ချမှတ်ကာ နေ့မအားညမအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**စိုက်ပျိုးရေးဖြင့်အသက်မွေး**

အမှန်တော့ မြန်မာနိုင်ငံလူဦးရေစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်လျက်ရှိကြသည်။ ၎င်းတို့အနက် ၄၅ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးလုပ်ငန်းကို တိုက်ရိုက်လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုနေကြသည်။ ထို့ပြင် အခြားကျေးလက်နေပြည်သူများမှာလည်း စိုက်ပျိုးရေးကိုအခြေခံသည့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြရသဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားအများစုသည် စိုက်ပျိုးရေးဖြင့် အဓိကအသက်မွေးနေကြခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေး**

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ စားနပ်ရိက္ခာဖူလုံရေးအတွက် လိုအပ်ချက်များစွာရှိနေသည်။ ထို့ကြောင့် မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံများကသာ စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ အပါအဝင် သီးနှံအမျိုးပေါင်း ၆၁ မျိုး၊ စုစုပေါင်းသီးနှံစိုက်ဧရိယာဧက ၄၉ ဒသမ ၃၉ သန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ရော်ဘာ၊ ကော်ဖီ၊ ဆီအုန်း စသည့်နှစ်ရှည်ပင်များ စိုက်ပျိုးမှုလည်းရှိသည်။

မြန်မာနိုင်ငံ၏ သီးထပ်စွမ်းအားသည် ရာခိုင်နှုန်း ၁၅၀ ကျော်မျှသာရှိရာ သီးထပ်စွမ်းအားတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေးသည်။ မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိရာတွင် ခြောက်သန်းကျော်သာ သီးထပ်စိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်းမရှိသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေသယံဇာတလုံလောက်စွာရှိသော်လည်း စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်မှုမရှိခြင်းတို့က စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရာတွင် အားနည်းချက်များကို ဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ကြောင့် စိုက်ပျိုးရေရရှိရေးကြိုးပမ်းဆောင်ရွက်ပြီး စိုက်ပျိုးမြေများကို အကျိုးရှိစွာအသုံးချခြင်းအားဖြင့် စားနပ်ရိက္ခာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေမည်ဖြစ်သည်။

**စိုက်ပျိုးရေဖူလုံရေး**

ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အသက်တမျှအရေးပါသော စိုက်ပျိုးရေရရှိရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇန်နဝါရီလ ၁၇ ရက်တွင်ပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ "စိုက်ပျိုးရေးနှင့်ပတ်သက်၍ လိုအပ်သည့်ရေရရှိရေးတွင် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြေအောက်ရေ၊ မြစ်ရေဟူ၍ နည်းလမ်းများရှိကြောင်း၊ မြစ်ကြီးများအနီးတွင်ရှိသည့် ဒေသများအနေဖြင့် မိမိတို့လုပ်ငန်းရပ်အလိုက် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ကြောင်း" ပြောကြားခဲ့ရာ တာဝန်ရှိသူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သောရေရရှိရေးနည်းလမ်းများ ရှာကြံလုပ်ဆောင်သွားရန် လိုအပ်ပေသည်။

စင်စစ်အားဖြင့် စိုက်ပျိုးရေသည် စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သဖြင့် ရေအရင်းအမြစ်များရရှိရေး ရှာဖွေဆောင်ရွက်နေကြရသည်။ စိုက်ပျိုးရေးအတွက် ဆည်တမံများရှိသော်လည်း ထပ်မံတည်ဆောက်ရန် လိုအပ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ မြစ်ကြီးများဖြစ်သည့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ကို စနစ်တကျထိန်းသိမ်း



စပါးစိုက်ပျိုးနေမှုကိုတွေ့ရစဉ်။

ပြီး ဆောင်ရွက်သွားမည်ဆိုလျှင် စိုက်ပျိုးရေများ လုံလောက်စွာ ရရှိနိုင်မည်ဖြစ်သည်။ မြစ်ကမ်းတစ်လျှောက်ရှိ စိုက်ပျိုးမြေများအတွက် များစွာအကျိုးရှိမည်ဖြစ်သည်။ မြစ်ကြောင်းများတစ်လျှောက် ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေအတွက်သာမက ရေကြီးရေလျှံမှုကိုပါ ကာကွယ်နိုင်သည်။ အထူးသဖြင့် မြစ်ကြောင်းများတစ်လျှောက် အရေးပါသည့်နေရာများတွင် ဆည်များတည်ဆောက်၍ စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်နိုင်သည်။

**နည်းလမ်းလေးသွယ်**

အမှန်တော့ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် မျိုးကောင်းမျိုးသန့်များလိုအပ်သကဲ့သို့ ခေတ်မီစိုက်နည်းစနစ်များလည်းလိုအပ်သည်။ ထို့ကြောင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပြီး အထွက်ကောင်းမျိုးစေ့များဖြန့်ဝေမှု၊ ခေတ်မီစိုက်နည်းစနစ်များဖြန့်ဝေမှုတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လည်း လိုအပ်သည်။

ဆိုရလျှင် မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတောင်သူအများစုသည် မူလရှိရင်းစွဲရေခံမြေခံပေါ်တွင်သာ သမားရိုးကျလုပ်ကိုင်လျက်ရှိကြသည်။ အမှန်တော့ စိုက်ပျိုးရေးကဏ္ဍတွင် အော်ဂဲနစ်ဓာတုဗေဒ၊ အင်အော်ဂဲနစ်ဓာတုဗေဒ၊ ရူပဓာတုဗေဒ၊ ဓာတ်ခွဲဓာတုဗေဒဘာသာရပ်များသည် များစွာအရေးပါလျက်ရှိသဖြင့် နိုင်ငံတကာ စိုက်ပျိုးရေးတက္ကသိုလ်၊ ကောလိပ်များတွင် အလေးထားသင်ကြားပေးလျက်ရှိသည်။ သီးနှံအထွက်ကောင်းစေရန်သာမက ရာသီဥတုဆိုးရွားမှုဒဏ်ခံနိုင်ရန်အတွက် အပင်ဇီဝသုတေသနပြုခြင်းဆိုင်ရာတို့ကိုပါ သင်ကြားသုတေသနပြုနေကြသည်။ ထို့ပြင် အပင်များဆိုင်ရာ ဇီဝဓာတုဗေဒဘာသာရပ်ကို ထပ်မံခွဲထုတ်ထားသည့် အောင်မြင်နေသောဘာသာရပ်များရှိသည်။ စိုက်ပျိုးရေးအတွက်အသုံးချရသော မြေဆီလွှာဆိုင်ရာ သိပ္ပံဘာသာရပ်များလည်းရှိသည်။

အဆိုပါဘာသာရပ်များအနက်မှ တချို့ကို မြန်မာနိုင်ငံတွင် သင်ကြားပေးလျက်ရှိသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍမှ ဖြည့်ဆည်းပေးနိုင်မည့် လိုအပ်နေသေးသော ခေတ်စနစ်နှင့်အညီ နိုင်ငံတကာတွင် ပြောင်းလဲသင်ကြားနေသောဘာသာရပ်အသစ်များ၊ စိုက်ပျိုးရေးဆိုင်ရာဌာနအသစ်များ ထပ်မံဖွင့်လှစ်ပေးရန် လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တစ်ကျောင်းတည်းရှိပြီး အဆိုပါတက္ကသိုလ်ကြီးတွင် ဘာသာရပ်အသစ်များ ဖြည့်ဆည်းပေးရန်သာမက နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်ကြီးများကဲ့သို့ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် သင့်တော်သလိုခွဲဝေသုတေသနပြုသင်ကြားပေးနိုင်လျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူများစွာပြုမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁၀ ရက် တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုဆွေးနွေးပြောကြားစဉ် "စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းလမ်းလေးသွယ်ရှိပြီး မျိုးများကောင်းမွန်ရန်၊ မြေပြုပြင်ခြင်းနှင့် သွင်းအားစုများ မှန်မှန်ကန်ကန် ထည့်သွင်းရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်မှုရှိရန်တို့ပင်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးမြေများ ကောင်းမွန်မှုမရှိသဖြင့် အထွက်နှုန်းနည်းရခြင်းဖြစ်သည်ဟု သိရှိရပြီး လိုအပ်သည့်သွင်းအားစုများကို ပြည့်မီအောင် ထည့်သွင်းခြင်း၊ ပိုက်ဆံလျှော်စိုက်ပျိုးခြင်း၊ သဘာဝမြေသြဇာများ ထည့်သွင်းခြင်းတို့အပါအဝင် နည်းလမ်းများရှာဖွေ၍ မြေဆီမြေလွှာကောင်းမွန်လာအောင်ဆောင်ရွက်ခြင်းတို့ဖြင့် မြေပြုပြင်ခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွား ဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း" ပြောကြားခဲ့ရာ ဒေသရှိအုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန် လိုအပ်ပါသည်။

**လူသားအရင်းအမြစ်များမွေးထုတ်**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ရာတွင် အရေးပါသည့်အချက်တစ်ရပ်မှာ လူသားအရင်းအမြစ်ပင်ဖြစ်သည်။ နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်တို့ တိုက်ရိုက်သော်လည်းကောင်း၊ ဆက်စပ်၍သော်လည်းကောင်း အသက်မွေးဝမ်းကျောင်းပြုနေကြသည့် စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးလာပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်တို့လည်း လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်လာမည်ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကိုလည်း မဖြစ်မနေပြုစုပျိုးထောင် မွေးထုတ်ပေးနေရခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စိုက်ပျိုးမွေးမြူရေးနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူများ မွေးထုတ်နိုင်ရေးအတွက် ဇန်နဝါရီလ ၁၇ ရက်တွင်ပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ "မိမိတို့အနေဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျစိုက်ပျိုး မွေးမြူရေးစနစ်များအစား စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးသို့ သွားရန်လိုကြောင်း၊ ၎င်းအတွက် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း" ပြောကြားခဲ့ရာ တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။

**လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှသည် စားရေရိက္ခာဖူလုံရေးဆီသို့**

အမှန်တော့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကိန်းဂဏန်းအချက်အလက်များအရ အထွက်နှုန်းကောင်းပြီး အောင်မြင်မှုရရှိနေသည့် သဘောမျိုးမဟုတ်ဘဲ လက်တွေ့မြေပြင်၌လည်း အမှန်တကယ်အောင်မြင်မှုရရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် မြေပြင်အချက်အလက်များနှင့် ကိန်းဂဏန်းအချက်အလက်များတူညီမှုရှိစေရေး ဆောင်ရွက်ကြရန်လည်းလိုအပ်ပါသည်။ ထို့ပြင် ပြည်သူတို့၏ နေ့စဉ်လူမှုဘဝတွင် အရေးကြီးသည့် စား၊ ဝတ်၊ နေရေး အရေးသုံးပါး၌ စားရေးသည်ပြည်သူများအတွက် နေ့စဉ်နှင့်အမျှ မဖြစ်မနေလိုအပ်သောကြောင့် စားရေးတွင် လုံလောက်ဖူလုံစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန်လည်း လိုအပ်သည်။

စင်စစ်အားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် တာဝန်ယူထားသည့်ကာလအတွင်းမှာပင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြင့်မားတိုးတက်လာအောင် မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိသည်။ ဆိုရလျှင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်၍ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ စိုက်ဧကတိုးချဲ့ရေးကို အလေးထားဆောင်ရွက်ကာ တိုင်းပြည်စားရေရိက္ခာဖူလုံသည့်အပြင် ပြည်ပသို့ပင် တင်ပို့နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြပါစို့ဟု အကြံပြု တိုက်တွန်းရေးသားအပ်ပါသည်။

**ကိုးကား**

– နေ့စဉ်ထုတ်သတင်းစာများ။

# သိမှတ်ဖွယ်ရာ ရာဇဝတ်ဥပဒေပြဋ္ဌာန်းချက်များ

စိန်လှိုင်ဗိုလ်

ရာဇဝတ်မှုများတွင်ပြဋ္ဌာန်းထားသော ဥပဒေများ၌ ပြည်သူအများသိသင့်သိထိုက်သော အချက်တချို့ကို ထုတ်နုတ်တင်ပြပါဦးမည်။ လူနှစ်ဦး၏ ပြုမူချက်ကြောင့် လူတစ်ဦးတွင် ဒဏ်ရာတစ်ခုရရှိခဲ့သည်။ ရရှိသောဒဏ်ရာသည် လူနှစ်ဦးအနက် မည်သူ့လက်ချက်ကြောင့်ရရှိခဲ့ကြောင်း ခွဲခြား၍တပ်အပ်သေချာစွာမပြောနိုင်ပါလျှင် ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၃၁ အရ ပြစ်မှုထင်ရှားစီရင်ရန် မသင့်ဘဲ တစ်ဆင့်နိမ့်သော ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၃၀ အရသာလျှင် ပြစ်မှုထင်ရှားစီရင်သင့်ခြင်းနှင့် ပတ်သက်၍ လမ်းညွှန်စီရင်ထုံးတစ်ခုကို ကိုးကား၍ ရေးသားတင်ပြပါမည်။

**အမှုဖြစ်စဉ်အကျဉ်း**

စက်ဘီးခိုးမှုဖြင့် မသင်္ကာသဖြင့် ဖမ်းဆီးထားသော မောင်တင်မောင်အား ၁၉၇၃ ခုနှစ် ဇန်နဝါရီ ၃ ရက်နေ့ညပိုင်းတွင် လယ်ဝေးမြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ ဒုတိယလုံခြုံရေးမှူး အဆင့် (၂) ဦးလှရီက မျဉ်းလုံးနှင့် ရိုက်၍ စစ်မေးသည်။ ဦးလှရီ စစ်မေးစဉ် ရဲတပ်ကြပ်ကြီး ဦးမောင်မောင်က မောင်တင်မောင်ကို လက်သီးဖြင့် ထိုးသည်။ မောင်တင်မောင်တွင် နှာခေါင်းရိုးကျိုးသွားသော ဒဏ်ရာရရှိသည်။

မောင်တင်မောင်၏ဖခင် ဦးမောင်ကိုက ဤအကြောင်းကို မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌထံ တိုင်ကြားပြီးနောက် ရဲစခန်းသို့ သွားရောက်တိုင်ကြားသဖြင့် ဦးလှရီနှင့် ဦးမောင်မောင်တို့အပေါ် လယ်ဝေးမြို့နယ်တရားရုံး ရာဇဝတ်ကြီးမှုအမှတ်-၃၂၈/၇၃ တွင် ရာဇသတ်ဥပဒေပုဒ်မ-၃၂၅ အရ တရားစွဲဆိုခဲ့သည်။ ထိုအမှုကို စစ်ဆေးကြားနာသော မြို့နယ်တရားစီရင်ရေးအဖွဲ့က ဦးလှရီအပေါ် ရာဇသတ်ဥပဒေ ပုဒ်မ-၃၂၅/၃၃၀/၃၃၁ အရ ပြစ်မှုထင်ရှားစီရင်၍ ငွေဒဏ် ၁၅၀ ကျပ် ပေးဆောင်စေရန် ပျက်ကွက်ပါက ထောင်ဒဏ်သုံးလကျခံစေရန်နှင့် ဒဏ်ငွေအနက်မှ ၁၂၅ ကျပ်ကို မောင်တင်မောင်သို့ နာကျင်မှုအတွက်ပေးစေရန် အမိန့်ချမှတ်သည်။

ဦးမောင်မောင်အပေါ်တွင် ရာဇသတ်ဥပဒေ ပုဒ်မ-၃၂၅/၃၃၀/၃၃၁ အရ ပြစ်မှုထင်ရှားစီရင်၍ ငွေဒဏ် ၁၀၀ ကျပ် ပေးဆောင်စေရန်၊ ပျက်ကွက်ပါက ထောင်ဒဏ်နှစ်လကျခံစေရန်နှင့် ဒဏ်ငွေအနက်မှ ၇၅ ကျပ်ကို မောင်တင်မောင်သို့ နာကျင်မှုအတွက်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။

မောင်တင်မောင်နှင့် ဦးမောင်ကိုတို့က ထိုပြစ်ဒဏ်များသည် သက်ညှာလွန်းသဖြင့် တိုးမြှင့်ပေးပါရန် လျှောက်ထားချက်အရ ပျဉ်းမနားမြို့ရုံးထိုင် မန္တလေးတိုင်း တရားစီရင်ရေးအဖွဲ့က ရာဇဝတ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်-၁/၇၃တွင် ကြားနာ၍ ဦးလှရီနှင့် ဦးမောင်မောင်တို့အပေါ်တွင် ရာဇသတ်ဥပဒေပုဒ်မ-၃၃၁ အရ ပြောင်းလဲ၍ ပြစ်မှုထင်ရှားစီရင်ပြီးလျှင် ဦးလှရီကို ထောင်ဒဏ်တစ်နှစ်နှင့် ခြောက်လကျခံစေရန်နှင့် ငွေဒဏ် ၁၅၀ ကျပ် ပေးဆောင်စေရန် မဆောင်ပါက အလုပ်နှင့်ထောင်ဒဏ် သုံးလကျခံစေရန် အမိန့်ချမှတ်သည်။

ဦးမောင်မောင်ကို အလုပ်နှင့် ထောင်ဒဏ်တစ်နှစ်ကျခံစေရန်နှင့် ငွေဒဏ် ၁၀၀ ကျပ် ပေးဆောင်စေရန် မဆောင်ပါက အလုပ်နှင့်ထောင်ဒဏ်နှစ်လကျခံစေရန် ဒဏ်ငွေများရရှိက လျော်ကြေးအဖြစ် ၂၀၀ ကျပ်ကို နစ်နာသူ မောင်တင်မောင်ကို ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ဤကဲ့သို့ ပြစ်ဒဏ်တိုးမြှင့်ချမှတ်ခြင်းကို ဦးလှရီနှင့် ဦးမောင်မောင်တို့က မကျေနပ်သောကြောင့် ဗဟိုတရားရုံးတွင် ပြင်ဆင်မှုတင်သွင်းလျှောက်ထားခဲ့ပါသည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

စွဲချက်တင်ထားသောပုဒ်မဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းမပြုဘဲ အခြားသင့်တော်သော ပုဒ်မဖြင့် ပြစ်မှုထင်ရှားစီရင်နိုင်သည်ဟု ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၂၃၇ အရ ပြဋ္ဌာန်းထားသည်။ **ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၂၃၈ အရ ကြီးသောပြစ်မှုဖြင့် စွဲချက်တင်ခဲ့ပြီးနောက် ငယ်သောပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်နိုင်သည်။ သို့ရာတွင် ငယ်သောပြစ်မှုဖြင့် စွဲချက်တင်ခဲ့ပြီးနောက် ကြီးသောပြစ်မှုဖြင့် ပြစ်မှု**



**ထင်ရှားစီရင်ခြင်း မပြုနိုင်။** ထို့ကြောင့် မူလအမှုတွင် ဦးလှရီအပေါ်၌ ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၂၅ အရ စွဲချက်တင်၍စစ်ဆေးခဲ့ပြီးနောက် ပြစ်မှုထင်ရှားစီရင်သောအခါ ရာဇသတ်ဥပဒေပုဒ်မ-၃၃၁ အရပြစ်မှုထင်ရှားစီရင်ခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်ကြောင်း ဗဟိုတရားရုံးက စိစစ်သုံးသပ်ခဲ့သည်။

အကြောင်းမူကား ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၃၂၅ အရ အများဆုံးချမှတ်နိုင်သည့် ပြစ်ဒဏ်မှာ ထောင်ဒဏ်ခုနစ်နှစ်နှင့် ငွေဒဏ်သာဖြစ်၍ ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၃၁ အရ ချမှတ်နိုင်သည့် ပြစ်ဒဏ်မှာ ထောင်ဒဏ်ဆယ်နှစ်ထိနှင့် ငွေဒဏ်ဖြစ်သောကြောင့် ဖြစ်သည်။ မောင်တင်မောင်ကို ဦးလှရီက မျဉ်းလုံးဖြင့် ရိုက်၍ ဦးမောင်မောင်က လက်သီးဖြင့် ထိုးသဖြင့် မောင်တင်မောင်တွင် နှာခေါင်းရိုးကျိုးသောဒဏ်ရာရရှိခဲ့ကြောင်း ထင်ရှားသည်။ **သို့ရာတွင် ဦးလှရီနှင့် ဦးမောင်မောင် နှစ်ဦးအနက် မည်သူ၏လက်ချက်ဖြင့် ၎င်းဒဏ်ရာကို ရရှိခဲ့ကြောင်း ခွဲခြား၍ တပ်အပ်သေချာစွာ မပြောနိုင်သောကြောင့် ဦးလှရီနှင့် ဦးမောင်မောင် တို့ကို ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၃၃၁ အရ ပြစ်မှုထင်ရှားစီရင်ရန် မသင့်ကြောင်း တစ်ဆင့်နိမ့်သောပြစ်မှုဖြင့် ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၃၃၀ အရသာလျှင်** ပြစ်မှုထင်ရှားစီရင်ရန် ဖြစ်ကြောင်း ဗဟိုတရားရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ခြောက်လှန့်ဖြောင့်ချက်ယူရန်ဖြစ်စေ၊ ပစ္စည်းကို ပြန်ပေးအောင် အတင်းအဓမ္မပြုလုပ်၍ ဖြစ်စေ၊ နာကျင်စေမှုကိုပြုလျှင် ထိုသူသည် ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၃၃၀ အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်သည်ဟု ဥပဒေက ပြဋ္ဌာန်းထားသည်။ မူလအမှုရှိ သက်သေခံချက်များအရ ဦးလှရီနှင့် ဦးမောင်မောင်တို့သည် စက်ဘီးခိုးမှုပေါ်အောင် မောင်တင်မောင်ကို စစ်မေးရာ၌ နာကျင်စေမှု ပြုခဲ့မိသဖြင့် ရာဇသတ်ကြီးဥပဒေပုဒ်မ-၃၃၀ အရ ပြစ်ဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်ခဲ့ကြောင်း ထင်ရှားသည်ဟု ဗဟိုတရားရုံးက ထောက်ရှုဝေဖန်ခဲ့ပါသည်။

ဦးလှရီနှင့် ဦးမောင်မောင်တို့သည် ပထမအကြိမ်ကျူးလွန်သူများဖြစ်သည်။ ဒေါသရှေ့ဆောင်သဖြင့် သတိလွတ်ပြီး ဥပဒေဘောင်ကို ကျူးကျော်ဆောင်ရွက်မိခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အပေါ်တွင် တိုင်းတရားစီရင်ရေးအဖွဲ့က ချမှတ်ထားသော ပြစ်ဒဏ်ကို လျှော့ပေါ့ရန် သင့်သည်ဟု ကျွန်ုပ်တို့ ယူဆသည်။ လျှောက်ထားသူ ဦးလှရီအပေါ်တွင် တိုင်းတရားစီရင်ရေးအဖွဲ့က ချမှတ်ထားသော ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်တို့ကို ပယ်ဖျက်၍ ရာဇသတ်ကြီးဥပဒေပုဒ်မ -၃၃၀ အရ ပြစ်မှုထင်ရှားစီရင်ပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခြောက်လကျခံစေရန်နှင့် ငွေဒဏ် ၁၅၀ ကျပ် ပေးဆောင်စေရန် ငွေဒဏ်မပေးဆောင်ပါက အလုပ်ကြမ်းနှင့် ထောင်ဒဏ်နှစ်လကျခံစေရန် အမိန့်ချမှတ်လိုက်ပါသည်။

လျှောက်ထားသူ ဦးမောင်မောင်အပေါ်တွင် တိုင်းတရားစီရင်ရေးအဖွဲ့က ချမှတ်ထားသော ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်တို့ကို ပယ်ဖျက်၍ ရာဇသတ်ကြီး ဥပဒေ ပုဒ်မ-၃၃၀ အရ ပြစ်မှုထင်ရှားစီရင်ပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ်လေးလကျခံစေရန်နှင့် ငွေဒဏ် ၁၀၀ ကျပ်ပေးဆောင်စေရန် မပေးဆောင်ပါက အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်လကျခံစေရန် အမိန့်ချမှတ်လိုက်ပါသည်။ လျှောက်ထားသူများ ပေးဆောင်သော ဒဏ်ငွေများအနက်မှ ငွေ ၂၀၀ကျပ်ကို နာကျင်မှုခံခဲ့ရသူ မောင်တင်မောင်သို့ လျော်ကြေးအဖြစ် ပေးစေရန်ကိုပါ ဗဟိုတရားရုံးက တစ်ပါတည်းအမိန့်ချမှတ်ခဲ့သည်။

၎င်းအမှုတွင် ဗဟိုတရားရုံး၏ စီရင်ချက်အရ ပြည်သူများအနေဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ-၂၃၈ အရ ကြီးလေးသောပြစ်မှုဖြင့် စွဲချက်တင်ခဲ့ပြီးနောက် ငယ်သောပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်နိုင်ကြောင်း သိရှိနိုင်ကြသည်။ ထို့ပြင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ဒေါသရှေ့ဆောင် သတိလွတ်ပြီး ဥပဒေဘောင်ကို ကျူးကျော်မဆောင်ရွက်မိရန်၊ ဆင်ခြင်နိုင်ကြရန် ဖြစ်သည်။ **ဦးလှရီပါ ၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၉၇၄ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၃၆(ခ)ကို** ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရသည်။

ဤဆောင်းပါးတွင် စာမျက်နှာအခြေအနေပေးသဖြင့် ပြည်သူအများ ဗဟုသုတရရှိစေရန် အလို့ငှာ တိုတိုတုတ်တုတ် စာတစ်ပုဒ် ရေးသားတင်ပြပါဦးမည်။ သက်သေခံပစ္စည်း စီမံခန့်ခွဲခြင်းနှင့် ပတ်သက်သည်။ တရားရုံးသို့ ရောက်ရှိလာသော သက်သေခံပစ္စည်းသည် ခိုးရာပါပစ္စည်း သို့မဟုတ် အလွဲသုံးစားသောပစ္စည်းဖြစ်နေလျှင် ထိုပစ္စည်းကို ဝယ်ယူခဲ့မိသူက ပိုင်ဆိုင်ခွင့်ရနိုင်၊ မရနိုင် ပစ္စည်းပြန်ရနိုင်၊ မရနိုင်ဟူသော ပြဿနာဖြစ်သည်။

တောင်တွင်းကြီးမြို့နေ ဒေါ်တင်အေးသည် အော်စတင်အမျိုးအစား မော်တော်ကားတစ်စီးကို ဦးအောင်မြင့်ဆိုသူထံမှဝယ်ယူ၍ ခေတ္တပြန်လည်အပ်နှံထားစဉ် ဦးအောင်မြင့်သည် ဦးမောင်ကိုဆိုသူကို ရောင်းစားလိုက်သည်။ ဒေါ်တင်အေးက ဦးအောင်မြင့်အပေါ် ပစ္စည်းအလွဲသုံးစားပြုမှုဖြင့် ရာဇသတ်ကြီး ပုဒ်မ-၄၀၆ အရ တရားစွဲဆိုသောအခါ ဦးအောင်မြင့်က အပြစ်ရှိကြောင်း ဝန်ခံသောကြောင့် ထောင်ဒဏ်တစ်နှစ်အပြစ်ပေး၍ သက်သေခံပစ္စည်း မော်တော်ကားကို ပိုင်ရှင် ဒေါ်တင်အေးသို့ တရားရုံးက ပြန်ပေးသည်။ မော်တော်ကားဝယ်ယူခဲ့သူ ဦးမောင်ကိုက ၎င်းအမိန့်ကို မကျေနပ်သဖြင့် တိုင်းတရားရုံးတွင် အရေးဆိုသော်လည်း မအောင်မြင်၍ ဗဟိုတရားရုံးသို့ ရာဇဝတ်ပြင်ဆင်မှုတင်သွင်းခဲ့သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၁၇ အရ တရားရုံးသည် သက်သေခံပစ္စည်းကို ပြန်ပေးသင့်သည်ဟု ယူဆသူကို ပြန်ပေးနိုင်သည်။ သို့ရာတွင် သက်သေခံပစ္စည်းသည် ခိုးရာပါပစ္စည်း သို့မဟုတ် အလွဲသုံးစားသောပစ္စည်းဖြစ်နေလျှင် ၎င်းပစ္စည်းကို ဝယ်ယူသူက ပိုင်ဆိုင်ခွင့်မရနိုင်ချေ။ သဘောရိုးနှင့် ဝယ်ယူကြောင်း ထင်ရှားလျှင် ခိုးရာပါပစ္စည်းလက်ခံမှုနှင့် အရေးယူခံရခြင်းမှ ကင်းလွတ်မည်ဖြစ်သော်လည်း ပစ္စည်းပြန်ရနိုင်ရန်အတွက် အရေးမဆိုနိုင်ကြောင်း ဗဟိုတရားရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

ဖြစ်ပွားသောအမှုတွင် တရားခံ ဦးအောင်မြင့်ကိုယ်တိုင်က ဒေါ်တင်အေး၏ မော်တော်ကားကို အလွဲသုံးစားပြု၍ ဦးမောင်ကိုသို့ တစ်ဆင့် ရောင်းချကြောင်း ဝန်ခံသည်။ ထို့ကြောင့် ထောင်ဒဏ်တစ်နှစ်အပြစ်ခံရသည်။ ဤသို့ ဖြစ်ခဲ့လျှင် ဦးအောင်မြင့်ထံမှ မော်တော်ကားကို ဦးမောင်ကိုက ဝယ်ယူခြင်းအားဖြင့် တရားဥပဒေအရ ပိုင်ဆိုင်မှုရနိုင်မည် မဟုတ်ချေ။ မော်တော်ကားကို မူလပိုင်ရှင် ဒေါ်တင်အေးသို့ ပြန်ပေးစေရန် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က သဘောတူညီစွာ အမိန့်ချမှတ်ထားခြင်းကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သောကြောင့် ဗဟိုတရားရုံးက ဦးမောင်ကို၏ ပြင်ဆင်မှုကို ပလပ်ခဲ့သည်။ အထက်ပါ စီရင်ထုံးအရ ပစ္စည်းတစ်ခုဝယ်ယူရာတွင် ခပ်လွယ်လွယ်မလုပ်သင့်ကြဘဲ ခိုးရာပါပစ္စည်း၊ အလွဲသုံးစားသောပစ္စည်းမဖြစ်စေရန် စေ့စပ်သေချာစွာ စုံစမ်းစစ်ဆေးပြီးမှ အရောင်းအဝယ်ပြုလုပ်သင့်ကြောင်း သိရှိနိုင်ကြပြီဖြစ်သည်။ **ဦးမောင်ကိုနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဒေါ်တင်အေး) ၁၉၇၃ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၅၀၁(ခ)** စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# တရုတ်(တိုင်ပေ)တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အရှိန်မြှင့်တင်ပြီး သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍကိုလည်း ဦးစားပေးဆောင်ရွက်သွားမည်



**တိုင်ပေ ဖေဖော်ဝါရီ ၁၂**

တရုတ်(တိုင်ပေ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ပန်ချီမင်သည် တရုတ်(တိုင်ပေ)တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး သန့်ရှင်းသည့် စွမ်းအင်ကဏ္ဍကိုလည်း ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သန့်ရှင်းသည့် စွမ်းအင်ကဏ္ဍသို့ ကူးပြောင်းရေးအတွက် အာမခံရန်ပုံငွေကို အသုံးပြုသွားမည်ဖြစ်ပြီး ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထိ သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုလျှော့ချရေးအတွက် အရေးပါသည့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်(တိုင်ပေ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ပန်ချီမင်က ပြောကြားသည်။

"ရာသီဥတုဖောက်ပြန်မှုလျှော့ချဖို့၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ဖို့၊ သန့်ရှင်းတဲ့စွမ်းအင်ကိုအသုံးပြုနိုင်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်သွားမယ်။ အာမခံကဏ္ဍက ရန်ပုံငွေတွေနဲ့ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထိ ရင်းနှီးမြှုပ်နှံသွားဖို့ လျာထားပါတယ်"ဟု တရုတ်(တိုင်ပေ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ပန်ချီမင်က ပြောကြားခဲ့သည်။

တရုတ်(တိုင်ပေ) အာဏာပိုင်အဖွဲ့အစည်းသည် ပြီးခဲ့သော ဇန်နဝါရီလကလည်း ၂၀၃၀ ပြည့်နှစ်အရောက်တွင် ၂၀၀၅ ခုနှစ်က ထုတ်လွှတ်ခဲ့သော ကာဗွန်ပမာဏ၏ ၂၆ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

**Ref : Russia Today**
**Trs : Sai Sat**

# အာဂျင်တီးနားနိုင်ငံ ပါတာဂိုနီးယားနယ်မြေတွင် လောင်ကျွမ်းနေသည့်တောမီးက အရှေ့မြောက်ဘက်ပိုင်းသို့ ကူးစက်လောင်ကျွမ်းမှုဖြစ်ပွား

**ဗျူနို့စ်အေရိစ် ဖေဖော်ဝါရီ ၁၂**

အာဂျင်တီးနားနိုင်ငံ ပါတာဂိုနီးယားနယ်မြေတွင် ဇန်နဝါရီလနောက်ဆုံးပတ်မှစ၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးကိုငြိမ်းသတ်နိုင်ရန် ကြိုးပမ်းနေသော်လည်း လေတိုက်နှုန်းမြင့်မားမှုကြောင့် တောမီးလောင်ကျွမ်းမှုသည် ဖေဖော်ဝါရီ ၁၁ ရက်မှစ၍ အာဂျင်တီးနားနိုင်ငံ အရှေ့မြောက်ဘက်ပိုင်းသို့ ကူးစက်လောင်ကျွမ်းမှုဖြစ်ပွားနေကြောင်း Asociación de Sociedades Rurales de Corrientes က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ပါတာဂိုနီးယားနယ်မြေတွင် သစ်တောမြေ ဟက်တာ ၂၅၀၀၀၀ ကျော်ထိ ပျက်စီးခဲ့ကြောင်း၊ အပူချိန်မှာလည်း ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေခြင်းကြောင့် တောမီးလောင်ကျွမ်းမှုသည် ထိန်းချုပ်ရခက်သည့်အခြေအနေသို့ ရောက်ရှိနေပြီး တစ်နေရာမှ တစ်နေရာသို့ ကူးစက်လောင်ကျွမ်းမှုလည်း မြန်ဆန်နေခြင်း ဖြစ်ကြောင်း သိရသည်။

"ပါတာဂိုနီးယားနယ်မြေမှာ လောင်ကျွမ်းနေတဲ့ တောမီးဟာ အရှေ့မြောက်ဘက်ပိုင်းကို ကူးစက် လောင်ကျွမ်းနေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပေမဲ့ အပူချိန်မြင့်မားမှုနဲ့ လေတိုက်နှုန်းအားကောင်းမှုကြောင့် တောမီးဟာ တစ်နေရာကနေ တစ်နေရာကို ကူးစက်တာ မြန်ဆန်နေပါတယ်။ တောမီးကြောင့် ပြည်သူတွေဘေးကင်းဖို့အတွက် ဦးစားပေး ဆောင်ရွက်နေပါတယ်"ဟု Asociación de Sociedades Rurales de Corrientes မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။



တောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်ပြီး အစိုးရမဟုတ်သည့် အဖွဲ့အစည်းဖြစ်သော Greenpeace Argentina က သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုလွန်ကဲလာ၍ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အနောက်ဩစတြေးလျပြည်နယ်တွင် ဇီလီယာဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိ

**ကင်ဘာရာ ဖေဖော်ဝါရီ ၁၂**

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ်၌ ဖေဖော်ဝါရီ ၁၄ ရက်တွင် ဇီလီယာဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း Bureau of Meteorology(BoM) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဇီလီယာဆိုင်ကလုန်းမုန်တိုင်းသည် အနောက်ဩစတြေးလျပြည်နယ် တောင်ဘက်ပိုင်းမှ အရှေ့ဘက်ပီဘာရာကမ်းခြေသို့ ဦးတည်ရွေ့လျားသွားဖွယ်ရှိကြောင်း၊ မုန်တိုင်းစတင်ဝင်ရောက်ချိန် မုန်တိုင်းရွေ့လျားတိုက်ခတ်မှုနှေးကွေးနိုင်သော်လည်း မုန်တိုင်းကြောင့် ဖြစ်ပေါ်လာမည့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ နှုန်းထိ မြင့်တက်သွားနိုင်ကြောင်း၊ ဘစ်ယာဒန်ဂါနယ်မြေနှင့် ဟက်လန်းဆိပ်ကမ်းတို့ကြား မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး အန္တရာယ်ရှိသည့် ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း Bureau of Meteorology(BoM)က ထုတ်ပြန်ခဲ့သည်။

"ဖေဖော်ဝါရီ ၁၄ ရက်မှာ အနောက်ဩစတြေးလျပြည်နယ်ကို ဇီလီယာဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နိုင်ပါတယ်။ မုန်တိုင်း အားကောင်းနိုင်သလို လေတိုက်နှုန်းကလဲ တစ်နာရီကို ကီလိုမီတာ ၁၂၀ နှုန်းထိ မြင့်တက်နိုင်ပါတယ်။ မုန်တိုင်းစတင်ချိန် မုန်တိုင်းရွေ့လျားမှုနှုန်း နှေးကွေးနိုင်ပေမဲ့ အရှိန်ရလာတာနဲ့ရွေ့လျားမှုနှုန်း မြင့်တက်သွားနိုင်ပါတယ်"ဟု Bureau of Meteorology(BoM) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ် ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင် သတ်မှတ်ထားပါ။



# အဂတိကင်းကွာ လွန်ချမ်းသာ..... အပိုင်း (၆)

**လင်းလက်**

**ဘဝပန်းချီကားလှပနေဖို့**

လောကလူသားတိုင်း ဥစ္စာပစ္စည်းကြွယ်ဝချမ်းသာပြီး အောင်မြင်ပျော်ရွှင်သောဘဝကို ရယူပိုင်ဆိုင်လိုကြသည်။ အသက်ရှင်သန်နေသရွေ့ ပစ္စည်းဥစ္စာများကို ကျားကုတ်ကျားခဲ ရှာဖွေစုဆောင်း၍ ဘဝအချိန်များကို ကုန်လွန်စေကြသည်။ စား၊ဝတ်၊နေရေးဆိုသည့် ဘဝအရေးသုံးပါးသည် လူသားတို့အတွက် မရှိမဖြစ်ဖြည့်တင်းထားရမည့်အရာပင်ဖြစ်သဖြင့် ထိုအရေးသုံးပါးကိုဖြေရှင်းနိုင်ရေး ဝင်ငွေရှာဖွေကြရသည်။ အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုသည့် စကားနှင့်အညီ မိမိတတ်ကျွမ်းသောပညာရပ်များကိုအခြေခံ၍ ရရှိသောအလုပ်ကိုလုပ်ကိုင်ကာ လူမှုပတ်ဝန်းကျင်တွင် ရှင်သန်နေထိုင်ကြသည်။ သမ္မာအာဇီဝဖြင့် အသက်မွေးဝမ်းကြောင်းပြုရသည့်အလုပ်မှရရှိသောဝင်ငွေကို စနစ်တကျစီမံခန့်ခွဲ၍ ဘဝလိုအပ်ချက်များကို ဖြည့်စွက်နေသူများသည် လောကကို လုပ်အားဖြင့် အလှဆင်နေကြသူများဟုဆိုနိုင်သည်။

"ကံ၊ဉာဏ်၊ ဝီရိယ" ဆိုသည့် အရာသုံးပါးစလုံးက အချိုးညီမျှတစွာ ကောင်းမွန်လာသည့်အခါတွင် ဘဝလမ်းကို ပျော်ရွှင်စွာတက်လှမ်း၍ ချမ်းသာကြွယ်ဝခြင်း ပန်းတိုင်ကိုရောက်ရှိနိုင်သည်။ ချမ်းသာကြွယ်ဝမှုအတွက် နေ့မအားညမအား ကြိုးစားအားထုတ်သူများသည်လည်း ကံမကောင်းအကြောင်းမလှသည့်အခါတွင် ငွေကြေးဥစ္စာနှင့်ဝေးကွာကာ ချမ်းသာခြင်းဆိုသောအရာနှင့် ဝေးကွာနေတတ်သည်။ ဉာဏ်နှင့်ယှဉ်၍ ဝီရိယမလျှော့ဘဲ ကြိုးစားရဲရန်လိုသည်။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက် ဆိုသည့်စကားနှင့်အညီ ကံကပေးသည့်အခွင့်အရေးရလာသည့်အချိန်တွင် အားသွန်ခွန်စိုက်ကြိုးစားလိုက်မည်ဆိုပါက ချမ်းသာခြင်းပန်းချီကားကို လှပစွာပုံဖော်ရေးဆွဲနိုင်မည်ဖြစ်သည်။

**လောဘကိုချိုးနှိမ်ဖို့က အဓိက**

အသိဉာဏ်ပညာနှင့် ကိုယ်ကျင့်တရားတို့ ကင်းမဲ့သွားသည့်အခါတွင် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာလိုသည်ဆိုသော အတ္တစိတ်သည် တရားမျှတမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရနိုင်သမျှသော ပစ္စည်းဥစ္စာများကို ရယူလိုမည်ဆိုသည့်လောဘတရားများကဖုံးလွှမ်းသွားတတ်သည်။ လောဘ၏သဘောသည် အတောမသတ်ဖြစ်တတ်သဖြင့် လူတို့၏စဉ်းစားဆင်ခြင်နိုင်စွမ်းကို ကင်းမဲ့စေပြီး အရာရာကို မိမိအတွက်ဆိုသည့် အတ္တစိတ်ကိုဖြစ်စေတတ်သည်။ လောဘက လူ့စိတ်ကိုလွှမ်းမိုးချုပ်ကိုင်သွားနိုင်သည့်အခါတွင် ဘဝကလောဘကို လိုရာမောင်းနှင်သွားပြီး "လိမ်လည်လှည့်ဖြားခြင်း၊ သူတစ်ပါးပစ္စည်း မတရားရယူခြင်း၊ ခိုးယူခြင်း၊ အဂတိလိုက်စားခြင်း" စသည့်ပြစ်မှုများကို ကျူးလွန်ကာ ပစ္စည်းဥစ္စာများကိုရှာဖွေတတ်ကြသည်။

သူတစ်ပါးပစ္စည်းဥစ္စာကိုမတရားရယူကာ တရားဓမ္မနှင့်ဆန့်ကျင်သော နည်းလမ်းများဖြင့် ချမ်းသာကြွယ်ဝခြင်းအမှုကို ပြုလုပ်မိမည်ဆိုပါက "လဆုတ်သောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်လာသကဲ့သို့ စည်းစိမ်ဥစ္စာနှင့်အခြွေအရံအကျော်အစောအပေါင်းသည်လည်း တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်တတ်သည်"ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့ခြင်းဖြစ်သည်။ လောဘကြောင့်ပြုလုပ်လိုက်မိသော မကောင်းမှုဒုစရိုက်လုပ်ငန်းများသည် တစ်နေ့တစ်ချိန်တွင် မိမိ၏ဘဝကို ပြန်လည်ရိုက်ခတ်လာနိုင်သည်။ ပစ္စည်းဥစ္စာဆိုသည်မှာ ရန်သူမျိုးငါးပါးဝင်ရောက်သည့်အခါ အလွယ်တကူပင် ပျက်စီးဆုံးရှုံးရစမြဲပင်ဖြစ်သည်။ လောဘဖြင့် ရှာဖွေစုဆောင်းအပ်သော ပစ္စည်းဥစ္စာတို့သည် ပို၍ပင်ပျက်စီးဆုံးရှုံးနိုင်ပြီး မကောင်းမှု၏တန်ပြန်ရလဒ်အဖြစ် အရေးယူခံရခြင်းထိဖြစ်နိုင်သဖြင့် လောဘကိုတတ်နိုင်သမျှ ပယ်ခွာထားရန်လိုသည်။

> ❖သူတစ်ပါးပစ္စည်းဥစ္စာကိုမတရားရယူကာ တရားဓမ္မနှင့်ဆန့်ကျင်သောနည်းလမ်းများဖြင့် ချမ်းသာကြွယ်ဝခြင်းအမှုကို ပြုလုပ်မိမည်ဆိုပါက "လဆုတ်သောအခါ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်လာသကဲ့သို့ စည်းစိမ်ဥစ္စာနှင့်အခြွေအရံအကျော်အစောအပေါင်းသည်လည်း တစ်နေ့တခြား လျော့ပါးဆုတ်ယုတ်တတ်သည်"ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့ခြင်းဖြစ်သည်။ လောဘကြောင့်ပြုလုပ်လိုက်မိသော မကောင်းမှုဒုစရိုက်လုပ်ငန်းများသည် တစ်နေ့တစ်ချိန်တွင်မိမိ၏ဘဝကိုပြန်လည်ရိုက်ခတ်လာနိုင်သည်။❖

**တင်းတိမ်ရောင့်ရဲစေလို**

မိမိရသင့်ရထိုက်သော မိမိတွင်ရှိပြီးဖြစ်သော ပစ္စည်းဥစ္စာတို့နှင့်ဘဝကို ပျော်ရွှင်ချမ်းမြေ့အောင် ဖန်တီးပုံဖော်နိုင်သည်။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာမှသာ အောင်မြင်ပျော်ရွှင်သောဘဝကို ရယူနိုင်သည် မဟုတ်ပေ။ မိမိတွင်ရှိသော ပစ္စည်းဥစ္စာဖြင့် တင်းတိမ်ရောင့်ရဲခြင်းဆိုသော တရားဖြင့် ဘဝကိုပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ဖြတ်သန်းနိုင်သည်။ လောဘသည် ဆုံးရှုံးမှုများကိုသာ ပေးတတ်သည်။ နေ့စဉ် ရွှေဥတစ်လုံး ဥပေးနေသော ငန်းကိုဖမ်း၍သတ်ကာ ဝမ်းဗိုက်ခွဲ၍ ရွှေဥများရှာသော်လည်း ရွှေဥလည်းဆုံး ငန်းလည်းဆုံး ဖြစ်နိုင်သဖြင့် လောဘကိုတတ်နိုင်သမျှ သတ်ပစ်ရန်လိုသည်။ လောဘသည် လူတို့၏စိတ်ကို အမိုက်အမှောင်များဖုံးလွှမ်း၍ လမ်းမှားသို့ရောက်ကာ လောင်ကျွမ်းစေတတ်သည့် သဘောရှိသည်။ လောဘကြောင့် ပစ္စည်းဥစ္စာကို မတရားသောနည်းလမ်းဖြင့် ရှာဖွေမရသည့်အခါ ရလိုသောစိတ်ဖြင့် ပူလောင်ရသကဲ့သို့ ရသည့်အခါတွင်လည်း မည်သည့်အချိန်တွင် အရေးယူခံရမည်မသိဆိုသည့် စိုးရိမ်စိတ်ဖြင့် လူကို ပူလောင်စေသည်။ ဘဝကိုအေးချမ်းစွာဖြတ်သန်းလိုသူတိုင်း လောဘနှင့်ဝေးကွာနေရန် လိုအပ်သည်။

"အလိုကြီးအရနည်း" ဆိုသည့်စကားနှင့်အညီ လောဘတရားကြောင့် ရသင့်ရထိုက်သည်များပင် ဆုံးရှုံးရနိုင်သဖြင့် လောဘကိုပယ်ခွာသင့်ကြောင်း မြတ်စွာဘုရားရှင်က ပါရမီဖြည့်စဉ်ဘဝဖြစ်စဉ်များကို ပမာပြု၍ ပြန်လည်ဟောကြားထားသည်များရှိသည်။ မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် "ထုလ္လနန္ဒာ" အမည်ရှိသော ဘိက္ခုနီမသည် ရဟန်းတို့ကိုကြက်သွန်လှူသော ယာခင်းစောင့်ထံသို့သွား၍ ကြက်သွန်တို့ကို အလှူခံလေသည်။ ယာခင်းစောင့်လည်း ကြက်သွန်ခင်းသို့သွား၍ လိုသလောက်ရယူရန်ပြောလေရာ "ထုလ္လ နန္ဒာ"သည် ယာခင်းသို့သွား၍ ကြက်သွန်များကို အတိုင်းအဆမရှိ နှုတ်ယူလေသည်။ ထိုအဖြစ်ကို ယာခင်းစောင့်မြင်သော်ကဲ့ရဲ့သကဲ့သို့ ကျန်သောရဟန်းများကလည်း ကဲ့ရဲ့ကြကုန်သည်။ မြတ်စွာဘုရားရှင်က ထိုအခြင်းအရာကိုမြင်သော် လောဘကြီးသူသည် လူတို့၏ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရနိုင်သကဲ့သို့ မိမိလိုရာကိုပင်မရနိုင်ဘဲ ပျက်စီးဆုံးရှုံးရကြောင်းကို အတိတ်ဝတ္ထု သုဝဏ္ဏဟံသဇာတ်ကို ဟောကြားဆုံးမခဲ့သည်။

**ရွှေအတောင်ဆုံးလေပြီ**

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ်၌ ဘုရားအလောင်းပုဏ္ဏားသည် ဇာတ်တူသော ပုဏ္ဏားမတစ်ဦးနှင့်အိမ်ထောင်ကျ၍ သမီး သုံးဦး ထွန်းကားလေသည်။ အကြောင်းအမျိုးမျိုးကြောင့် ဘုရားအလောင်းကွယ်လွန်သွားသော် ရွှေရောင်အတိပြီးသော ရွှေအတောင်တို့ကို ပိုင်ဆိုင်ထားသည့် အလွန်တင့်တယ်သော ရွှေဟသာအဖြစ်သို့ရောက်ရှိသွားလေသည်။ ဘုရားအလောင်း ရွှေဟသာသည် အတိတ်ဘဝကို ပြန်လည်ဆင်ခြင်ကြည့်သည့်အခါ မိမိ၏ဘဝဟောင်းမှ ဇနီးနှင့်သမီးများ ဆင်းရဲစွာဘဝကို ဖြတ်သန်းနေရသည်ကိုမြင်သော် စိတ်မကောင်းဖြစ်၍ မိမိ၏ရွှေအတောင်တို့ကိုပေး၍ ချမ်းသာခြင်းကို ဖန်တီးပေးမည်ဟုဆိုကာ ဘဝဟောင်းမှ ဇနီးနှင့်သမီးတို့ထံသွားလေသည်။

ဘုရားအလောင်း ရွှေဟသာသည် ဇနီးဟောင်းတို့ ဆီရောက်သောအခါ အကြောင်းစုံကို ပြောပြ၍ ရွှေအတောင်တစ်ခုစီကို ဇနီးနှင့်သမီးသုံးယောက်တို့ ထံပေးခဲ့လေသည်။ ဘုရားအလောင်း ရွှေဟသာပေးသော ရွှေအတောင်တို့ကြောင့် ဇနီးဟောင်းတို့မိသားစုသည် ကြွယ်ဝချမ်းသာသော ဘဝကိုရရှိသွားလေသည်။ ဘုရားအလောင်း ရွှေဟသာလည်း ရံဖန်ရံခါ သွား၍ ရွှေအတောင်တို့ကိုပေး၍ နေလေသည်။ ပုဏ္ဏားမနှင့်သမီးသုံးယောက်သည် ဘုရားအလောင်း ပေးသော ရွှေအတောင်တို့ကြောင့် ချမ်းသာရာရသော်လည်း လောဘမတတ်နိုင်သဖြင့် တိရစ္ဆာန်တို့မည်သည် ယုံကြည်၍မရနိုင်သဖြင့် ယခုတစ်ကြိမ် ရွှေဟသာလာသော် ဖမ်း၍ရသလောက်သော အတောင်တို့ကို နှုတ်ယူရန် တိုင်ပင်ကြလေသည်။

ဇနီးဟောင်းသည် ဘုရားအလောင်း ရွှေဟသာ ရောက်သောအခါ ဖမ်း၍ရွှေအတောင်တို့ကို နှုတ်ယူလေသည်။ သို့ရာတွင် မေတ္တာဖြင့်ပေးသောအရာ မဟုတ်ဘဲ အတင်းအဓမ္မနှုတ်ယူသော အတောင်တို့သည် ရွှေမဖြစ်ဘဲ ဗျိုင်းတောင်ကဲ့သို့ စွတ်စွတ်ဖြူ၍ နေလေသည်။ ပုဏ္ဏားမသည် ရွှေ ဟသာကိုယ်ပေါ်၌ ရှိသော အမွေးအတောင်အားလုံးကိုနှုတ်ယူလေရာတွင် အားလုံးသည် ရွှေမဟုတ်ဘဲ သာမန်ဗျိုင်းအတောင်ကဲ့သို့သာဖြစ်၍နေလေသည်။ ဘုရားအလောင်းလည်း လွန်စွာနာကျင်မှုကို ခံစားနေရလေသည်။ ဇနီးဟောင်း ပုဏ္ဏားမသည် လောဘကိုမလျှော့ဘဲ ရွှေဟသာကို အမွေးအတောင်ပြန်ပေါက်လာသည့်အခါတွင် ရွှေအတောင်ဖြစ်လာနိုင်သည်ဟုတွေးကာ အိုးတစ်လုံး အတွင်း၌ထည့်၍ မွေးမြူထားလေသည်။

အမွေးအတောင်တို့ ပြန်စုံလာသည့်အခါတွင် ဘုရားအလောင်း ရွှေဟသာသည် လောဘကြီးသည့် ဇနီးဟောင်းနှင့်သမီးတို့၏ဒဏ်ကို မခံနိုင်သဖြင့် တောနက်အတွင်းသို့ ပြန်လည်ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ "အလိုကြီး အရနည်း" ဆိုသည့် စကားနှင့်အညီ လောဘဇောကပ်၍ ရွှေအတောင်တို့ကို လိုသည်ထက် ပို၍လိုချင်ခဲ့သည့် ပုဏ္ဏားမသည် ရွှေအတောင်လည်းဆုံး ဘဝဟောင်းမှ ခင်ပွန်းဟောင်း၏ မေတ္တာလည်းဆုံးရှုံးသွားလေသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်က လောဘသည် လူတို့၏စိတ်ကို နှိုးဆွလိုက်သည့်အခါတွင် လူသားဆန်စွာ ပြုမူနေထိုင်မှုများမှ ဝေးကွာသွားပြီး မကောင်းမှုဒုစရိုက်များကိုပင် ပြုလုပ်နိုင်သည်။ လောဘကြီးလွန်း၍ မလုပ်သင့်မလုပ်ထိုက်သည်ကို လုပ်မိမည်ဆိုပါက ရသင့်ရထိုက်သော အရာများပင် ဆုံးရှုံးနိုင်ကြောင်း ဟောကြားခဲ့သည်။

**ဝိသမလောဘကင်းစင်ကြ**

ဒုတိယဘုရားသခင်ဟုပင် တင်စားရလောက်သည့် "ငွေ" ဆိုသောအရာသည် ရှာဖွေရန်မလွယ်ကူပေ။ အတ္တနှင့်လောဘကို ပယ်ခွာနိုင်ခြင်းမရှိသည့်အခါတွင် လောဘသည် လူတို့၏စိတ်ကို လိုသလိုစေခိုင်းပြီး လောဘစေခိုင်းရာ ကြိုးဆွဲရုပ်ပမာကသည့်အချိန်တွင် ဒုစရိုက်လုပ်ငန်းများနှင့်ပင် ရင်းနှီးကျွမ်းဝင်သွားရလေသည်။ သူတစ်ပါးလက်တွင်ရှိသော "ငွေ"ကို မိမိ၏ပညာဖြင့် ရယူနိုင်စွမ်းမရှိသည့်အခါတွင် "ခိုးယူခြင်း၊ လုယက်ခြင်း၊ ဓားပြတိုက်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း" စသည့် မကောင်းမှုဒုစရိုက်များကို ကျူးလွန်မိစေသည်။ ထို့ပြင် မိမိတွင်ရှိသော လုပ်ပိုင်ခွင့်နှင့် အာဏာတို့ကို အလွဲသုံးစားလုပ်ခြင်း၊ နိုင်ငံတော်နှင့် အများပြည်သူတို့ပိုင်ဆိုင်သောဘဏ္ဍာ ငွေများကိုအလွဲသုံးစားပြုလုပ်ခြင်း၊ တံစိုးလက်ဆောင်လက်ခံခြင်းနှင့် အဂတိလိုက်စားခြင်းတို့အထိဖြစ်တတ်သဖြင့် လောဘကို ချိုးနှိမ်နိုင်ခြင်းဖြင့် အဂတိတရားကင်းကင်းဖြင့် ဘဝကိုသန့်ရှင်းစွာ ရပ်တည်နိုင်ကြမည်ဖြစ်သည်။

မြတ်စွာဘုရားရှင်ဟောကြားသည့် တရားတော်များတွင် လောဘကြောင့် အသက်ဆုံးရှုံးရ၊ ပစ္စည်းဥစ္စာဆုံးရှုံးရသည်ထိဖြစ်သည့် ဖြစ်စဉ်များစွာရှိပြီး ယနေ့အချိန်အထိ လောဘကို အတောမသတ်နိုင်ဖြစ်၍ အဂတိလိုက်စားကာ မတရားမှုများဖြင့် ချမ်းသာကြွယ်ဝခြင်းကို ရယူခံစားသူများသည် ဥပဒေအရ အရေးယူခံရပြီး ပိုင်ဆိုင်ပစ္စည်းများကိုလည်း ဥပဒေအရသိမ်းဆည်းခံနေရသည့် ဖြစ်စဉ်များကိုလည်း တွေ့ရသည်။ လောဘကို ထိန်းချုပ်နိုင်စွမ်းကင်းမဲ့သွားသည့်အခါ လောဘကြောင့် အဂတိတရားလေးပါးလိုက်စား၍ ဥပဒေအရအရေးယူခံရသည့်အခါ ရှိရင်းစွဲရာထူးနေရာများ ဆုံးရှုံးရသကဲ့သို့ ကိုယ်ကျင့်တရား ပျက်ယွင်းသည့် ပြုလုပ်မှုကြောင့် လူမှုပတ်ဝန်းကျင်က ဖယ်ကြဉ်ခံရနိုင်သည်ထိ ဖြစ်တတ်သဖြင့် လောဘကို ပယ်ခွာသင့်ပေသည်။

ဝိသမလောဘဖြင့် အသက်မွေးကာ ချမ်းသာကြွယ်ဝသူများ၏ ဘဝနိဂုံးအဆုံးသတ်တွင် ပျက်စီးဆုံးရှုံးရသည်။ လောဘလွန်သည့်အခါ ဉာဏ်ပညာအလင်းရောင်မှေးမှိန်သွားပြီး လူ့ကျင့်ဝတ် စံနှုန်းများကိုဖောက်ဖျက်ကာ မတရားမှုများကို ကျူးလွန်တတ်သည်။ လောဘကြောင့် မိမိကိုယ်ကျိုးကိုသာ ဦးတည်သူများ၏လုပ်ရပ်သည် တစ်ပါးသူများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သဖြင့် သတိပြုဆင်ခြင်အပ်သည်။ မိမိဘဝ သာယာလှပစေချင်သလို အခြားသူများကလည်း ၎င်းတို့၏ဘဝ သာယာလှပစေချင်ကြမည်မှာ မလွဲကေန်အမှန်ပင်ဖြစ်သည်။ အတ္တဆိုသည့် ကိုယ်ကျိုးအလေးထားသည့်စိတ်များကို တတ်နိုင်သလောက်လျှော့ချကာ အများအကျိုးကို ထိခိုက်စေသည့်လုပ်ရပ်များကို ရှောင်ရှားလိုသည့် ပရဟိတစိတ်များ ကိန်းအောင်းနေစေရေး ကြိုးစားကြရမည်။ ကိုယ်ကျိုးနှင့် အများအကျိုးကြား မျှတစွာရပ်တည်နေထိုင်ကာ လောဘစိတ်များဖယ်ရှားပြီး အဂတိတရားကင်းရှင်းစွာ နေထိုင်ခြင်းဖြင့် ဘဝ၏စစ်မှန်သောချမ်းသာခြင်းကို ဖန်တီးပုံဖော်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **ငါးရာငါးဆယ်ဇာတ်ဝတ္ထု ၊ ညောင်ကန်ဆရာတော် ဘုရားကြီး၊**
- **နေ့စဉ်ထုတ်သတင်းစာများ။**

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံခန်းမ



Exhibition Vanue Award



ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း-၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၀၊ ၀၉ ၆၇၈၉၉၉၉၂

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'




DAGON ဒဂုံ MALTA FRESH

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ **သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများစိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို...**

❖ **သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံချီ မဟာသရေစည်သူစိုးဝင်းက ဖတ်ကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံချီ မဟာသရေစည်သူစိုးဝင်း ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၂

၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက်ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သိရိပျံချီ မဟာသရေစည်သူစိုးဝင်း တက်ရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆